# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကုသိုလ်ကောင်းမှုပြု**

ပန်းစုပန်းပုံအတွင်းမှ များစွာသော ပန်းကုံးတို့ကို သီကုံးပြုလုပ်ရာသကဲ့သို့ ဖြစ်ပေါ်လာသော သတ္တဝါသည် ဉစ္စာသဒ္ဓါတည်းဟူသော အစုအပုံအတွင်းမှ မြောက်မြားစွာသော ကုသိုလ်ကောင်းမှုကို ပြုရာ၏။

ခုဒ္ဒကနိကာယ်(ဓမ္မပဒ-၅၁)


၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက် | ၂၀၁၆ ခုနှစ်၊ မေ ၂၉ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၅)၊ အမှတ် (၂၃၇)


# အားလုံးသဘောတူသည့် ရည်မှန်းချက်တစ်ခုကို ချမှတ်နိုင်လျှင် နိုင်ငံတော်အတွက် အကောင်းဆုံးသမိုင်းအစဉ်အလာတစ်ခုကို တည်ဆောက်နိုင်မည်ဟု ယုံကြည်

**နေပြည်တော် မေ ၂၈**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁ ရာစုပင်လုံ)အကြိုပြင်ဆင်ရေးဆပ်ကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ Horizon Lake View Resort ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) ပြင်ဆင်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်းက ပြီးခဲ့သည့် UPDJC အစည်းအဝေးကို ကြည့်လိုက်လျှင် ပြဿနာများအားလုံး စုပေါင်းညှိနှိုင်းပြီး ပွင့်ပွင့်လင်းလင်း ဆောင်ရွက်သည့်အခါ ပြေလည်သွားသည်ကို တွေ့ရကြောင်း၊ မိမိတို့အားလုံး ဖြတ်သန်းခဲ့ကြသည့် ပတ်ဝန်းကျင်နှင့် အတွေ့အကြုံများသည် မတူညီကြပါကြောင်း၊ အားလုံးသဘောတူသည့် ရည်မှန်းချက်တစ်ခုကို ချမှတ်နိုင်လျှင် နိုင်ငံတော်အတွက် အကောင်းဆုံးသမိုင်းအစဉ်အလာတစ်ခုကို တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ တိုင်းပြည်နှင့် ပြည်သူများအတွက် ယခုကြွရောက်လာကြသည့် ခေါင်းဆောင်များ၏အားထုတ်မှုသည် အလွန်အရေးကြီးသည်ဟု သဘောပေါက်မိပါကြောင်း၊ ရှေ့ဆက်သွားမည့် ငြိမ်းချမ်းရေး


*စာမျက်နှာ ၃ ကော်လံ ၁* ❍


# တန်ဖိုးနည်းအိမ်ရာများ အမြန်ဆုံးဆောက်လုပ်ရေး ပူးပေါင်းဆောင်ရွက်မည်



ရန်ကုန်မြို့ရှိ ဆောက်လက်စ တန်ဖိုးနည်းအိမ်ရာအဆောက်အအုံများကို တွေ့ရစဉ်

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် မေ ၂၈**

မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအနေဖြင့် အစိုးရက ရက် ၁၀၀ အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ငွေကျပ်သိန်း ၁၀၀ တန် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးအေးလင်းက ပြောသည်။

"ကျွန်တော်တို့အနေနဲ့ အစိုးရသစ်က အကောင်အထည်ဖော်ဆောင်ရွက်မယ့် တန်ဖိုးနည်းအိမ်ရာတွေများများ ဆောက်လုပ်နိုင်ရေး ရည်မှန်းထားပါတယ်။ ဒါပေမယ့် မြေဈေးကြီးနေလို့ တန်ဖိုးနည်းဆိုတာ မဖြစ်နိုင်ပါဘူး။ အစိုးရသစ်ကလည်း မြေအလကားပေးမယ်။ ကျွန်တော်တို့ ဆောက်လုပ်တဲ့သူတွေကလည်း အရည်အသွေးကောင်းကောင်း တန်ဖိုးနည်းနည်းနဲ့ ဆောက်ပေးမယ်၊ ငွေကြေးကိုလည်း အစိုးရဘက်က ဖြစ်ဖြစ်၊ နိုင်ငံတကာ ဘဏ်တွေကဖြစ်ဖြစ် ချေးပေးမယ်ဆိုရင် တန်ဖိုးနည်းအိမ်ရာစီမံကိန်းတွေက အမြန်ဆုံး အကောင်အထည်ပေါ်လာမှာ ဖြစ်ပါတယ်။ အခုလည်း ကျွန်တော်တို့ ဝိုင်းဝန်းကြိုးစားနေပါတယ်။ မကြာခင်မှာပဲ အစိုးရသစ်ဖြစ်စေချင်တဲ့အတိုင်း ကျွန်တော်တို့ ခေါင်းဆောင်ပိုင်းတွေ တိုင်ပင်လုပ်ဆောင်နိုင်ပါတယ်" ဟု ဦးအေးလင်းက ကရဝိက်၌ကျင်းပသော ဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ပြောကြားသည်။


*စာမျက်နှာ ၇ ကော်လံ ၄* ❖


## တနင်္ဂနွေ ဖတ်စရာများ


ခရီးသွားဆောင်းပါး

**သာယာစည်ဝေ ဗျူးပွိုင့်မြေသို့**

စာမျက်နှာ-၂၀

ကျန်းမာရေး

**စိတ်ကျရောဂါ အဖြေရှာနိုင်မယ့် ကုထုံးသစ်**

စာမျက်နှာ-၂၁

ပြည်တွင်းရေးရာ

**ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူတွေ ဘယ်လောက် ပြောခွင့်ရမှာလဲ**

စာမျက်နှာ-၂၂





မြန်မာ့အလင်း

# ပဋိပက္ခဖြေရှင်းခြင်းနှင့် ပဋိပက္ခအသွင်ပြောင်းလဲခြင်း

'အသက်တစ်ရာ မနေရသော်လည်း အမှုတစ်ရာကြုံရ၏' ဟူသော ဆိုရိုးစကားသည် လောကအမှုအရာ၊ အရေးပြဿနာဟူသည် လူ့ဘ၀တွင် များပြားလှပြီး၊ ဖြေရှင်းသော်လည်းမကုန်နိုင်၊ မပြီးနိုင်၊ တစ်မှုပြီးလျှင် တစ်မှုပေါ်လာသဖြင့် သံသရာလည်ကာ ကြုံတွေ့ရခြင်းသဘောဖြစ်သည်ကို လူတိုင်းသဘောပေါက် နားလည်ကြပေသည်။ ထို့ကြောင့်ပင် ထိုအနေအထားကို စောဒကတက်ခြင်းထက် ဘယ်လောက်ရှင်းရှင်း ပြီးပြတ်မည်မဟုတ်သည့် နောက်ပြဿနာကိုကြုံတွေ့လာပါမှ ဖြေရှင်းကြမည်။ နောင်ခါလာ နောင်ခါချေးသဘောဖြင့် ချဉ်းကပ်မှုမျိုး ဖြစ်စဉ်ဖြစ်နေသည်မှာ ကြာပြီဖြစ်သည်။

'အရေးကြီးသည်က လက်ရှိတက်နေတဲ့ပြဿနာကို ဘယ်လိုအဆင်ပြေအောင် ရှင်းကြမလဲ' ဆိုသည်နှင့် 'တစ်မှုရှင်းတစ်မှု အေးတာပဲ' ဆိုသည့်သဘောမျိုးဆောင်လာခြင်း ဖြစ်သည်။ ထိုပုံစံများသည် သာမန်အားဖြင့် အရေးပေါ်အချိန်များတွင် လက်တွေ့ကျသော တုံ့ပြန်ချက်များ ဖြစ်ပေသည်။ ထိုနည်းအတူပင် အထက်ပါအခြေအနေကို ယေဘုယျအားဖြင့် သုံးသပ်ပါက နက်နက်နဲနဲရှိမည်ဟု တွေးမိလိမ့်မည်မဟုတ်ပေ။ သို့သော် ငြိမ်းချမ်းရေး တည်ဆောက်ခြင်းဆိုင်ရာ ရှုထောင့်နှင့် ပဋိပက္ခသွင်ပြင်သုတေသနပြု လေ့လာခြင်းဆိုင်ရာ ပညာရပ်မှ ခွဲခြမ်းစိတ်ဖြာရှုမြင်ကြည့်ပါက စိတ်ဝင်စားဖွယ်ရာတွေ့ရှိချက်များကို တွေ့မြင်ရပေလိမ့်မည်။

အပြုသဘောဆောင်သော ပြောင်းလဲခြင်းကို မည်သည့်လူ့အဖွဲ့အစည်းတွင်မဆို ကြိုဆိုကြမည်ပင်။ သို့သော် ပြောင်းလဲခြင်းသည် မည်သို့သော ပြောင်းလဲခြင်းမျိုးနည်းဆိုသည်ကို သတိမပြုမိပါက အပြုသဘောဆောင်ဖြစ်စဉ်မှ မရည်ရွယ်ဘဲ ပြဿနာပေါင်း သောင်းခြောက်ထောင်ကို သယ်ဆောင်လာသော ပြောင်းလဲမှုဖြစ်စဉ်အသွင်ဆောင်လာပြီး လူ့အဖွဲ့အစည်းကြား စိတ်ပျက်ဖွယ်ရာ ပဋိပက္ခသံသရာ အတိတ်သမိုင်းကို ချန်ရစ်ခဲ့ရပေလိမ့်မည်။

ထို့ကြောင့်ပင် ပြောင်းလဲခြင်းကို မည်သို့ချဉ်းကပ်မည်နည်း၊ မည်သည့်အရာများက မပြောင်းလဲဘဲရှိနေမည်နည်း၊ ပြောင်းလဲသွားလျှင် မည်သည့်အရာများက အစားထိုးလာမည်နည်း၊ အစားထိုးလာမည့် ပြောင်းလဲခြင်းအတွက် မည်သည့်အသွင်ပြောင်းလဲမှုမျိုး လိုအပ်မည်နည်း အစရှိသဖြင့် လူမှုအသိုင်းအဝိုင်းအတွင်း ချိတ်ဆက်နေသော ကွင်းဆက်တစ်ခုလုံးကို သိမြင်နားလည်ထားဖို့ လိုပေသည်။ အပြုသဘောဆောင်သော အသွင်ကူးပြောင်းခြင်းအတွက် ယခုအသုံးပြုကြသော မရှိမဖြစ်လုပ်ငန်းစဉ်တစ်ခုမှာ ပြောင်းလဲခြင်း၏ ဖွားဖက်တော်ဖြစ်သည့် ပဋိပက္ခကို အသွင်ပြောင်းလဲရေးပင်ဖြစ်သည်။

ပဋိပက္ခအသွင်ပြောင်းလဲခြင်း (Conflict transformation) ဆိုသည်မှာ လူမျိုးစု ပဋိပက္ခအသွင်အပြင်မျိုးရှိသော ပဋိပက္ခများကို ငြိမ်းချမ်းသောရလဒ်မျိုးအဖြစ် အသွင်ပြောင်းလဲထွက်ပေါ်လာစေသည့် ပြောင်းလဲခြင်းဖြစ်စဉ်ဖြစ်ပါသည်။ ပဋိပက္ခဖြေရှင်းခြင်း၊ ပဋိပက္ခ စီမံခန့်ခွဲခြင်းတို့နှင့် ပဋိပက္ခအသွင်ပြောင်းလဲခြင်းကြား ကွာခြားချက်မှာ လတ်တလောတွေ့ရှိရသော ပဋိပက္ခများကို ဖြေရှင်းရာတွင် တစ်ဖက်ဖက်၏ လိုအပ်ချက်၊ တောင်းဆိုချက်များကို ညှိနှိုင်းခြင်း၊ နှစ်ဦးနှစ်ဖက် အနိုင်-အနိုင် အဖြေမျိုးရရှိအောင် နည်းလမ်းရှာခြင်းတို့ထက် ပိုမိုနက်နဲသော အပြန်အလှန် လေးစားနားလည်မှုအပါအဝင် အခြားအခြေခံကျသော ပြောင်းလဲမှုများလိုအပ်သည်ကို အသိအမှတ်ပြုထားခြင်းဖြစ်သည်။

ပဋိပက္ခဖြေရှင်းခြင်းသည် လတ်တလောပြဿနာများအပေါ်တွင် အာရုံပြုထားခြင်းဖြစ်သည်။ ၎င်းသည် ပြဿနာတွင်ပါဝင်နေသော ကိစ္စရပ်များနှင့် အကြောင်းခြင်းရာများကို အလေးထားစုစည်းပြီး လက်ငင်းအဖြေထွက်ရေးကို ဦးတည်သည်။ ပဋိပက္ခ အသွင်ပြောင်းလဲခြင်းတွင်မူ အကြောင်းခြင်းရာကိစ္စရပ်များ ပါဝင်သည်သာမက ပြဿနာအဆင်ကွဲများကြား အပြန်အလှန် ဆက်သွယ်နေမှု၊ အဆက်အစပ်များကိုပါ အလေးထားသည်။ အသွင်ကူးပြောင်းခြင်းတွင် ပဋိပက္ခကို မွေးဖွားစေသော အဆင်ကွဲများ၊ ဆက်နွှယ်မှုများပါဝင်သည့် စနစ်တစ်ခုလုံးကို ရှာဖွေတူးဖော်ခြင်းဖြင့် ကျယ်ပြန့်သော အဆက်အစပ်ကို ရရှိနိုင်မည့် အခွင့်အလမ်းမျိုး ဖန်တီးယူခြင်းဖြစ်သည်။

ယခုနှစ်ကာလ ရှည်ကြာသည်လည်းဖြစ်၊ နက်ရှိုင်းလှသည်လည်း ဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှုဖြစ်စဉ်တွင် အားလုံးက နိုင်ငံရေးအရ အရင်းအမြစ်ကျကျ ဖြေရှင်းရေးအား ဦးတည်လျက်ရှိကြသည်ကို တွေ့ရသည်။ ဤနေရာတွင် အမြင့်ဆုံးသော တောင်းဆိုချက်များထက်၊ ရေရှည်ကိုမျှော်ကိုးသော၊ မိမိဘက်ကပေးနိုင်သည်ကို အခြေခံသော၊ တစ်ဆင့်နိမ့် စဉ်းစားမှုများကသာလျှင် ပဋိပက္ခကို အသွင်ပြောင်းလဲစေမည်ဟု ယူဆကြောင်း တင်ပြရခြင်းဖြစ်ပါသည်။ ။



## မူခင်းလျော့နည်းကျဆင်းရေး ဆွေးနွေး

**ကော့ကရိတ် မေ ၂၈**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ရဲတပ်ဖွဲ့က ကျင်းပသော မူခင်းလျော့နည်းကျဆင်းရေး၊ မူးယစ်ဆေးဝါး အန္တရာယ်ကာကွယ်ရေး အသိပညာပေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို မေလတတိယပတ်က အမှတ်(၂)ရပ်ကွက် (ဝင်းကြီး)၌ ပြုလုပ်သည်။

ရှေးဦးစွာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဇော်သီဟမှ အမှာစကားပြောကြားပြီး ကော့ကရိတ် မြို့နယ်ရဲတပ်ဖွဲ့ ခေတ္တမြို့နယ်တပ်ဖွဲ့မှူး ဒုတိယရဲမှူးကိုကိုက မူခင်းလျော့နည်း ကျဆင်းရေး၊ ကော့ကရိတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူး(ဦးစီး) ဒုတိယရဲမှူးမျိုးဝင်းက မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောခြင်း၊ အမှတ်(၇၁) ယာဉ်ထိန်းရဲတပ်ဖွဲ့ ကော့ကရိတ်တပ်စုမှူး ရဲအုပ်ဟန်ကိုကိုဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသရုပ်ပြ ရှင်းလင်းပြောကြားပြီး ကျေးရွာ/ ရပ်ကွက်များတွင်လည်း အသိပညာပေးလုပ်ငန်းများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## မြေတိုင်းတာခြင်းနှင့် မြေယာစီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေး ဆင့်ပွားသင်တန်းဖွင့်

**ပုဏ္ဏားကျွန်း မေ ၂၈**

ပုဏ္ဏားကျွန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာန၏ မြေတိုင်းနှင့် မြေယာစီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေး (ဆင့်ပွား) သင်တန်းကို အဆိုပါ မြို့နယ်ရုံးခန်းမ၌ မေ ၂၃ ရက်မှ ၂၉ ရက်ထိ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ စစ်တွေခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ညွှန့်နှင့် မြို့နယ်မြေယာစီမံဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းငွေးတို့ တက်ရောက် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ညသူ**

## ဗေဒါများ ပြည့်နှက်နေ၍ စက်လှေမောင်းသူများ အခက်တွေ့

**ကျောင်းကုန်း မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ ဒါးကမြစ်အတွင်း မိုးတစ်ပြိုက် နှစ်ပြိုက် ရွာသွန်းမှုကြောင့် ဗေဒါများ ပွားများလာပြီး ပြည့်ကျပ်နေသဖြင့် အနီးအနားကျေးရွာများမှ ဈေးဝယ်လာကြသော စက်လှေများ သွားလာရေးအခက်အခဲ ဖြစ်နေကြရသည်။

မေ ၂၈ ရက် နံနက်ပိုင်းက ခရီးသည်တင် စက်လှေနှစ်စင်းသည် စက်ကုန်ဖွင့်မောင်းကြသော်လည်း မရွေ့နိုင်ဖြစ်နေ၍ ဈေးဝယ်လာကြသော ခရီးသည်များနှင့် စက်လှေမောင်းသူများ စိတ်အနှောင့်အယှက်ဖြစ်ကြရကြောင်း၊ မိုးတွင်းဒုက္ခတစ်မျိုးဟု ဆိုနိုင်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**ဝင်းကြိုင် (ပြန်/ဆက်)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၈-၅-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၀၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၆၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၄၉၀ / ၅၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၃၀ / ၅၅၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၀.၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၀.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၅၉.၅၆ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၄၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၃၈၂ |
| တရုတ် | တစ်ယွမ် | ၁၇၈.၉၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၆.၉၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

❍ ရှေ့စာမှ

ကိစ္စများတွင်လည်း ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးအဖြေရှာ သွားကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ကရင်အမျိုးသား အစည်းအရုံး အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်းက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်သွားနိုင်ရန်အတွက် မိမိတို့ဘက်မှလည်း မရပ်မနားဆောင်ရွက်ခဲ့ပါကြောင်း၊ ဆွေးနွေးညှိနှိုင်းမှုများကြောင့် ယခုအဆင့်သို့ ရောက်ရှိလာခြင်းဖြစ်ပါကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် ဆွေးနွေးညှိနှိုင်းမှုသာ အဖြေရနိုင်ပါကြောင်း၊ အခက်အခဲများရှိသော်လည်း ရေရှည်အတွက် မျှော်ကြည့်၍ဆောင်ရွက်ခဲ့သောကြောင့် ဆုံးဖြတ်ချက်များချမှတ်နိုင်ခဲ့ပါကြောင်း၊ ဆုံးဖြတ်နိုင်မှုအပေါ် ရှေ့ဆက်ရမည့်လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဘက်ကလည်း အားလုံးပါဝင်ရေးမူဖြင့် NCA တွင် လက်မှတ်မရေးထိုးသေးသည့်အဖွဲ့များ ပါဝင်လာနိုင်ရေး ဆောင်ရွက်နေသည့်အတွက် ကြိုဆိုပါကြောင်း၊ ရှေ့ဆက်သွားမည့်ကိစ္စများတွင် တစ်ဖက်နှင့်တစ်ဖက်ဆိုခြင်းထက် ပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံ၏ ငြိမ်းချမ်းရေးအတွက် ပူးပေါင်းအဖြေရှာပါက ငြိမ်းချမ်းရေးရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က NCA လက်မှတ်ထိုးခြင်းသည် တစ်ဖက်နှင့်တစ်ဖက် အကြိမ်များစွာ တွေ့ဆုံညှိနှိုင်းပြီး ယုံကြည်မှုတည်ဆောက်ထားသည့် သက်သေသာဓကဖြစ်ပါကြောင်း၊ ယုံကြည်မှုကို ပျောက်ကွယ်မသွားအောင် NCA အပေါ်တွင် မူတည်၍ဆောင်ရွက်သွားရန် အားလုံးကလက်ခံထားပြီးဖြစ်ပါကြောင်း၊ မိမိတို့ရှေးရှုနေသည့် ပန်းတိုင်သည် ထာဝရငြိမ်းချမ်းရေးရရှိရန်ဖြစ်ပါကြောင်း၊ NCA စာချုပ်ကို အသေစွဲကိုင်ထားခြင်းမဟုတ်ပါကြောင်း၊ ငြိမ်းချမ်းရေးအတွက်လိုအပ်ပါက တချို့နေရာများတွင် ပြောင်းခြင်း၊ ပြင်ခြင်းများပြုလုပ်ခြင်းအားဖြင့် ငြိမ်းချမ်းရေးကိုပို၍ အထောက်အကူပြုသည်ဆိုပါက တိုင်းရင်းသားကိုယ်စားလှယ်များနှင့် နှစ်ဖက်ညှိနှိုင်းဆောင်ရွက်သွား၍ ရနိုင်ပါကြောင်း၊ အဓိကက နှစ်ဖက်ယုံကြည်မှု တည်ဆောက်နိုင်ရန် အရေးကြီးပါကြောင်း၊ NCA လက်မှတ်ထိုးနိုင်ခြင်းသည် နှစ်ဖက်ယုံကြည်မှု တည်ဆောက်ခြင်းဖြစ်ပါကြောင်း၊ တိုင်းရင်းသားညီအစ်ကိုများနှင့် အမြဲတမ်းထိတွေ့ကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဆောင်ရွက်ပြီး ယခုထက်တိုး၍ ယုံကြည်မှုတည်ဆောက်နိုင်ရန်လိုအပ်ပါကြောင်း၊ မည်မျှပင် ခက်ခဲပါစေ တွေ့ဆုံမှုများလာသည်နှင့်အမျှ တစ်ဖက်နှင့်တစ်ဖက် ဆန္ဒများကို အလျှော့အတင်းပြုလုပ်သွားပါက မရနိုင်သည့် အနေအထားမရှိပါကြောင်း၊ ထို့ကြောင့် အမြဲတမ်းထိတွေ့ပြီး အောင်မြင်အောင် ဆောင်ရွက်သွားမည်ဟု ပြောကြားသည်။

ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းက ပြည်တွင်းစစ်မီး စတင်လောင်ကျွမ်းသည့်အချိန်၊ ပြည်တွင်းစစ်စတင်သေနတ်ဖောက်သည့်အချိန်၌ ယခုနေရာသို့ရောက်ရှိနေသူ တစ်ဦးတစ်ယောက်မျှ မပါဝင်ခဲ့ပါကြောင်း၊ မိမိတို့သည် အဆက်ဆက်သော အစိုးရက ဖန်တီး၍မရခဲ့သော၊ မရယူနိုင်ခဲ့သော ငြိမ်းချမ်းရေးကို မိမိတို့ခေတ်တွင် ရယူနိုင်ရန် ကြိုးစားဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ ပခုံးပေါ်သို့ကြရောက်လာသည့်တာဝန်ကို ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းစစ်ကြီးချုပ်ငြိမ်းပြီး တိုင်းပြည်အေးချမ်းသာယာရေးအတွက် တတ်နိုင်သည့်ဘက်က နှစ်ဖွဲ့စလုံး ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) ကြိုတင်ပြင်ဆင်ရေး ရှေ့ဆက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ(၂၁ ရာစုပင်လုံ)အကြိုပြင်ဆင်ရေး ဆပ်ကော်မတီအစည်းအဝေးကျင်းပစဉ်

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) အောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြရန်ဆုံးဖြတ်

**နေပြည်တော် မေ ၂၈**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) အောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြရန် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးက သဘောတူဆုံးဖြတ်လိုက်သည်။

ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ HORIZON Lake View Resort ၌ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)ပြင်ဆင်ဖွဲ့စည်းမှုနှင့် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးပွဲ ဒုတိယနေ့တွင် ထိုကဲ့သို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ ပြင်ဆင်ဖွဲ့စည်းမှုနှင့်ပတ်သက်၍ နိုင်ငံရေးပါတီများအစုအဖွဲ့မှ ၁၆ ဦး၏အမည်စာရင်းအား နိုင်ငံတော်အစိုးရက ရွေးချယ်သတ်မှတ်ပေးသည့်အတိုင်း လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံရေးပါတီများအစုအဖွဲ့မှ တင်ပြချက်ကို သဘောတူကြောင်း။

UPDJC ၏ ရှေ့ဆက်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ နိုင်ငံရေးပါတီများ၏ UPDJC အဖွဲ့ဝင် ၁၆ ဦးစာရင်းကို အစိုးရက အမြန်ဆုံး ရွေးချယ်ပေးမည်ဖြစ်ကြောင်း၊ အဆိုပါ စာရင်းကို UPDJC အတွင်းရေးမှူး ဦးလှမောင်ရွှေထံ ပေးပို့မည်ဖြစ်ကြောင်း၊ အတွင်း ရေးမှူးအဖွဲ့ကို ယခင်အတိုင်း အစုအဖွဲ့တစ်စုလျှင် သုံးဦး ဆက်လက်ထားရှိမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ကြသည်။

UPDJC ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းရာတွင် အစိုးရအစုအဖွဲ့မှ ၁၆ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်များအစုအဖွဲ့မှ ၁၆ ဦး၊ နိုင်ငံရေးပါတီများအစုအဖွဲ့မှ ၁၆ ဦးတို့ဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး အဆိုပါ ၁၆ ဦးမှာ ရွေးကောက်ပွဲတွင် အနည်းဆုံး ကိုယ်စားလှယ်တစ်ဦး အနိုင်ရရှိခဲ့သည့် ပါတီများမှသာ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ အစိုးရဘက်၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့တို့မှ စုစုပေါင်းကိုယ်စားလှယ် ၄၈ ဦး တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**မျိုးမြင့်၊ ကျော်သူထက်(သတင်းစဉ်)**

# ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေး

**ရန်ကုန် မေ ၂၈**

ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာအရည်အသွေး မြင့်မားရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အခြေခံပညာကဏ္ဍအနေဖြင့် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံနိုင်ရေးနှင့် ကျောင်းနေမြဲရေးအတွက် အခမဲ့ထောက်ပံ့ပေးမှုများ၊ ပညာရေးဝန်ထမ်းများ သိရှိလိုက်နာရမည့် အချက်များနှင့် မိဘများသို့ မေတ္တာရပ်ခံချက်များကို သတင်းမီဒီယာများတွင် ထည့်သွင်းဖော်ပြပြီးဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းက ပြောကြားသည်။

ရန်ကုန်မြို့ကမာရွတ်မြို့နယ်အတွင်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ ယနေ့ကျင်းပသော ၂၀၁၆ ခုနှစ် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အဆင့်မြင့်ပညာကဏ္ဍ) တွင် ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

တက္ကသိုလ် ဒီဂရီကောလိပ်များအနေဖြင့်လည်း နိုင်ငံတော်ကို ချစ်မြတ်နိုး၍ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဘွဲ့ရလူငယ်များအား လေ့ကျင့်ပြုစုပျိုးထောင်ပေးရန် အဓိက အရေးကြီးကြောင်း၊ ဘာသာရပ်ဆိုင်ရာသင်ကြားပို့ချမှု အရည်အသွေး တိုးတက်စေရန်အတွက် သက်ဆိုင်ရာ တက္ကသိုလ်အလိုက် လည်းကောင်း၊ ဘာသာရပ်အလိုက် လည်းကောင်း အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရမည်ဖြစ်ပြီး ဆွေးနွေးပွဲရလဒ်များမှ ကျောင်းသားကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားလာစေရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ဘာသာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများဆောင်ရွက်ပြီး ရရှိလာသောရလဒ်များနှင့် သုတေသနစာတမ်းများပြုစုကြရန်နှင့် ပြည်တွင်းပြည်ပဂျာနယ်များသို့ပေးပို့၍ စာတမ်းများဖတ်ကြားခြင်းတို့ကို ဦးစားပေးလုပ်ငန်းများအနေဖြင့် ဆောင်ရွက်ကြစေလိုကြောင်း၊ သုတေသနလုပ်ငန်းများကို နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်း၍ ဆောင်ရွက်ကြစေလိုကြောင်း၊ ယနေ့ကျင်းပမည့် အဆင့်မြင့်ပညာကဏ္ဍ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲသည် နိုင်ငံတော်၏ ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် တင်ပြပါစာတမ်းများ အရပြုပြင်ပြောင်းလဲရမှာတွေကို ဝိုင်းဝန်းဆွေးနွေးအကြံပေးကြစေလိုကြောင်းတို့ကို အမြဲတမ်းအတွင်းဝန်က ပြောကြားခဲ့သည်။

အဆိုပါ နှီးနှောဖလှယ်ပွဲတွင် မြန်မာနိုင်ငံ အမျိုးသားအဆင့်အရည်အသွေး သတ်မှတ်မှု မူဘောင်သတ်မှတ်ပြဋ္ဌာန်းနိုင်ရေး(Myanmar National Qualification Framework-MNQF) နှင့် ပညာရေးအဆင့်အတန်းအရည်အသွေးအာမခံမှု(Quality Assurance) စနစ် ထူထောင်ရေးစာတမ်း၊ Credit Transfer System စနစ်ပီပြင်စွာ အကောင်အထည်ဖော်ရေးစာတမ်း၊ UniversityCharter ကို တက္ကသိုလ်အလိုက် ရေးဆွဲခြင်းစာတမ်း၊ ဘာသာရပ်နယ်ပယ်အလိုက်သင်ကြားမှု၊ အတန်းဝင်ရောက်မှုများအပေါ် ကျောင်းသားကျောင်းသူများ၏ အကဲဖြတ်မှုဆိုင်ရာ (Student's Evaluation Sheet) အရ ဆရာ ဆရာမများ၏ ပညာရေးစွမ်းဆောင်မှု အညွှန်းကိန်းသတ်မှတ်ဆောင်ရွက်ရေးစာတမ်း၊ ဂုဏ်ထူးတန်းနှင့် မဟာတန်းသင်တန်းနှစ် သတ်မှတ်ရေးစာတမ်း၊ အရည်အသွေးရှိ သုတေသနများ တိုးတက်လုပ်ဆောင်ရေးနှင့် ပီပြင်သော သုတေသနဂျာနယ်များ ထုတ်ဝေနိုင်ရေး စာတမ်းများကို ဖတ်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

"နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကလိုအပ်ချက်မှာ နိုင်ငံသားများ အသိဉာဏ်ကြွယ်ဝဖို့နဲ့ ကျွမ်းကျင်တတ်မြောက်မှုတွေ ဖြစ်ပါတယ်။

သဘာဝသယံဇာတ မည်မျှပင်ရှိစေကာမူ အရည်အသွေးပြည့်ဝတဲ့သူတွေ မရှိရင် နိုင်ငံဟာရေရှည်တိုးတက်ဖို့ ခဲယဉ်းပါတယ်။ ဒါကြောင့် ပြည်သူတွေရဲ့ စွမ်းဆောင်ရည် သိသိသာသာ မြင့်တက်ရေးဟာ အထူးပင် အရေးကြီးလှပါတယ်။

ဒါကြောင့် တက္ကသိုလ်ပညာရေးစနစ် ပိုမိုကောင်းမွန်လာစေဖို့အတွက် အဓိကကျတဲ့ ပညာရေးမိသားစုအားလုံးက ဝိုင်းဝန်းပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်"ဟု ဒေါက်တာစိုးဝင်းက ပြောကြားခဲ့သည်။

ဆက်လက်၍ ယခုကဲ့သို့ နှီးနှောဖလှယ်ပွဲများ ကျင်းပပြုလုပ်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိ အဆင့်မြင့်ပညာရပ်ဆိုင်ရာမူဝါဒ၊ သင်ယူမှုအခွင့်အလမ်း၊ ပညာအရည်အသွေး၊ ပညာရေးစနစ်၊ ပညာရေးစီမံခန့်ခွဲမှုစသော ကဏ္ဍစုံကို ဆောင်ရွက်ရာတွင် လက်ရှိအခြေအနေကို ပြည့်ပြည့်စုံစုံ လွှမ်းခြုံနိုင်အောင် လေ့လာဆန်းစစ်ပြီး အားနည်းချက်၊ အားသာချက်များကို ပြုပြင်မွမ်းမံခြင်း၊ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် ပညာရေးကဏ္ဍကို ပိုမိုအဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲမှ ထွက်ပေါ်လာသော ညှိနှိုင်းရရှိချက်များသည် အဆင့်မြင့်ပညာ ပြုပြင်ပြောင်းလဲရေးကို အထောက်အကူပြုနိုင်မည့် ရှေ့လုပ်ငန်းစဉ်များကို ဖော်ထုတ်ချမှတ်နိုင်မည်ဟု မျှော်လင့်ကြောင်းကို ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ(အဆင့်မြင့်ပညာကဏ္ဍ)ကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့မှ ပညာရှင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ တက်ရောက်ခဲ့ကြပြီး မေ ၂၉ ရက်ထိ နှစ်ရက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

i group မှ စာအုပ်ပေါင်း ၂၀၀၀၀ ကျော်ပါဝင်ပြသထားပြီး ကျောင်းပေါင်း ၁၅၇ ကျောင်းမှ Profile များကိုလည်း တက္ကသိုလ်အသီးသီးအလိုက် ပြသထားကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**



ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းအမှာစကားပြောကြားနေစဉ်

# ရွေးကောက်ပွဲဆိုင်ရာ ကတိကဝတ်များနှင့်ပတ်သက်ပြီး သတင်းမီဒီယာက လေ့လာစောင့်ကြည့်ဝေဖန်နိုင်ရေးဆွေးနွေး

**ရန်ကုန် မေ ၂၈**

၂၀၁၅ ရွေးကောက်ပွဲအပြီး ကတိကဝတ်များနှင့် အုပ်ချုပ်ရေး၊ မီဒီယာအခန်းကဏ္ဍများနှင့်ပတ်သက်၍ မြန်မာဂျာနယ်လစ်ကွန်ရက် (MJN) နှင့် Asian Network for Free Elections (ANFREL) တို့ပူးပေါင်းပြီး မြန်မာအယ်ဒီတာဖိုရမ် (ဒုတိယအကြိမ်)ကို ယနေ့နံနက်ပိုင်း၌ ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**




အဆိုပါဖိုရမ်သို့ အနယ်နယ်အရပ်ရပ်ရှိ အကြီးတန်းသတင်းစာဆရာများအားဖိတ်ခေါ်ပြီး အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ဖြေရှင်းနိုင်မည့် နည်းလမ်းများ၊ အရေးတကြီး လုပ်ဆောင်ကြမည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း မြန်မာဂျာနယ်လစ်ကွန်ရက် (MJN) မှ အထွေထွေအတွင်းရေးမှူး ဦးဇေယျာလှိုင်က ပြောကြားသည်။

ANFREL မှ အကြံပေးဖြစ်သူ Mr. Bidhakyak Das က "ပထမဖိုရမ်မှာ ရွေးကောက်ပွဲရဲ့အခွင့်အလမ်းနဲ့ စိန်ခေါ်မှုတွေကို အဓိကထားဆွေးနွေးခဲ့တယ်။ အခု တစ်ကြိမ်မှာတော့ ရွေးကောက်ပွဲဆိုင်ရာ ကတိကဝတ်တွေနဲ့ပတ်သက်ပြီး လုပ်ဆောင်မှုတွေကိုဆွေးနွေးမယ်။ ရွေးကောက်ပွဲကတိကဝတ်တွေအတိုင်း အမှန်တကယ်လုပ်ဆောင်ချက်ဖြစ်ရဲ့လား။ သတင်းမီဒီယာအတွက် အရေးကြီးဆုံးက လေ့လာစောင့်ကြည့်ဖို့ပဲ။ ဒါကြောင့် မီဒီယာဟာ တည်ဆောက်သူအခန်းကဏ္ဍကနေ ပါဝင်ရမယ်။ အယ်ဒီတာဆိုတာ ကိုယ့်ရဲ့မီဒီယာတွေကို ဦးတည်ချက်တွေချမှတ်ပေးတာပဲ ဖြစ်ပါတယ်။ ဒီနေ့ ဆွေးနွေးကြမယ့် ရွေးကောက်ပွဲကတိကဝတ်တွေနဲ့ပတ်သက်တာတွေက ပေါ်လစီချမှတ်မဲ့ အုပ်ချုပ်သူတွေကို အထောက်အကူပြုနိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု ယနေ့ပြုလုပ်သည့် ဖိုရမ်နှင့်ပတ်သက်ပြီး သုံးသပ်သည်။

ဖိုရမ်တွင် ရွေးကောက်ပွဲအပြီး ကတိကဝတ်များနှင့် အုပ်ချုပ်ရေး၊ မီဒီယာအခန်းကဏ္ဍများခေါင်းစဉ်ကို Myanmar Knowledge Society မှ ဦးညွန့်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး နော်ပန်းသဥ္ဇာမျိုး၊ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဆိုင်ရာသုတေသီ ဦးနေလင်းအောင်နှင့် မြန်မာသတင်းပညာသိပ္ပံ (MJI) မှ သင်တန်းဆရာ ဦးဇော်ထိုက်တို့က ဦးဆောင်ဆွေးနွေးခဲ့ကြပြီး အဖွဲ့လိုက်ဆွေးနွေးခြင်း အဆိုပါအစီအစဉ်သို့ ပါဝင်တက်ရောက်သူများက အဖွဲ့လေးဖွဲ့ခွဲ၍ ဆွေးနွေးခဲ့ကြသည်။

ယနေ့ပြုလုပ်သည့် မြန်မာအယ်ဒီတာဖိုရမ် (ဒုတိယအကြိမ်) သို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်လည်း တက်ရောက်ခဲ့သည်။

ရွေးကောက်ပွဲအပြီး ကတိကဝတ်များ အကောင်ထည်ဖော်မှုနှင့် အုပ်ချုပ်ရေး၊ မီဒီယာအခန်းကဏ္ဍများအပေါ် အဆိုပါဖိုရမ်သို့ တက်ရောက်လာကြသူများ၏ သဘောထားအမြင်များကို မြန်မာ့သတင်းစဉ်မှ ထုတ်နုတ်ဖော်ပြပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်**

ဒီလို မီဒီယာနဲ့ပတ်သက်တဲ့ဆွေးနွေးပွဲတွေကို ခမ်းနားစွာကျင်းပနိုင်တဲ့အခြေအနေရောက်လာတာကို မုဒိတာဖြစ်မိပါတယ်။ ဒီဖိုရမ်ဟာ စတုတ္ထမဏ္ဍိုင်ရဲ့ အလုပ်ကို လုပ်တာပဲ။ စတုတ္ထမဏ္ဍိုင်ဟာ မဏ္ဍိုင်သုံးရပ်ကို စောင့်ကြည့်ထိန်းညှိတဲ့အလုပ်ကို လုပ်တာပါ။ အုပ်ချုပ်ရေးမဏ္ဍိုင်ရဲ့အလုပ်ကို ဘယ်လိုစောင့်ကြည့်ရေးသားသုံးသပ်ကြ မလဲ။ အစိုးရရဲ့ကတိကဝတ်တွေရှိတယ်။ ဒါတွေကို ဘယ်လိုရေးသားဖော်ထုတ်ကြမလဲ။ အစိုးရသစ်အနေနဲ့ ရွေးကောက်ပွဲကြေညာစာတမ်းလို ကတိကဝတ်တွေရှိတယ်။ အဲ့ဒီကတိကဝတ်တွေကို ပြန်ကြည့်ရင် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ အများပြည်သူလူထုဘဝမြှင့်တင်ရေး စတာတွေကို အစိုးရ ဖြစ်လာမယ့်အဖွဲ့အစည်းက ပေးခဲ့တယ်။

တရားဥပဒေစိုးမိုးရေးရရှိအောင်လုပ်ဆောင်ဖို့ ကတိပေးခဲ့တာတွေလည်း ရှိပါတယ်။ အခု အစိုးရသစ်တက်လာတာ နှစ်လနီးပါးဖြစ်လာပြီ။ အစိုးရသစ်က သူ့ရဲ့ကတိကဝတ်တွေကို အကောင်ထည်ဖော်ဖို့ ကိုယ့်ကိုယ်ကိုလှုံ့ဆော်တဲ့အနေနဲ့ ရက် ၁၀၀ အစီအစဉ်တွေ လုပ်ပါတယ်။ ပထမ ရက် ၁၀၀ အတွင်း ဘာတွေလုပ်မယ်ဆိုတာကို ကိုယ့်ကိုယ်အရှိန်တင်ပါတယ်။ ဒါဟာ ကတိကဝတ် နောက်တစ်ဆင့် ထပ်ပေးတဲ့သဘောပါပဲ။ ဒါကို စောင့်ကြည့်ပြီး သုံးသပ်ဝေဖန်ဖို့ ရှိပါတယ်။ ၁၀၀ ရက်မှာ ဘယ်လိုအနေအထားရှိသလဲဆိုတာကို သုံးသပ်ပြောဆိုဖို့တွေ ရှိပါတယ်။ ဒီလို လုပ်ကိုင်ဆောင်ရွက်နိုင်ဖို့ ဝန်ကြီးဌာနအသီးသီးမှာ ပြောရေးဆိုခွင့်ရှိသူတွေကို ရွေးချယ်တာဝန်ပေးအပ်ထားတာ ရှိပါတယ်။ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့အတွက်လည်း အစည်းအဝေးတွေ လုပ်ခဲ့ပါတယ်။ မီဒီယာထဲက ပညာရှင်တွေနဲ့ တွေ့ဆုံပြီး ပြောရေးဆိုခွင့်ရှိသူတွေနဲ့ ဆွေးနွေးပွဲလုပ်ခဲ့တယ်။ ဒီလထဲမှာ ရက်တိုသင်တန်းနှစ်ခုလောက်လုပ်ဖို့ စီစဉ်နေတယ်။ အစိုးရရဲ့ဆောင်ရွက်ချက်တွေကို ဆက်သွယ်မေးမြန်းနိုင်ဖို့နဲ့ ပြောရေးဆိုခွင့်ရှိသူများ ဘယ်လောက်ဖြေကြားနိုင်သလဲဆိုတာကိုလည်း စတုတ္ထမဏ္ဍိုင်က သုံးသပ်ဝေဖန်နိုင်ပါတယ်။

**ဦးသီဟစော (မြန်မာနိုင်ငံသတင်းစာဆရာအသင်းဥက္ကဋ္ဌ)**

ဒါက ဒုတိယအကြိမ်လုပ်တာဖြစ်ပေမယ့် အရင်ထက်ထူးခြားတယ်လို့ထင်ပါတယ်။ NLD အစိုးရရဲ့ကတိကဝတ်တွေကို ဆွေးနွေးကြမယ်။ ဒီရွေးကောက်ပွဲမတိုင်ခင်မှာ ကျွန်တော်တို့ ပထမအကြိမ် အယ်ဒီတာဖိုရမ်လုပ်ခဲ့ပါတယ်။ အရှေ့တောင်အာရှရဲ့ ရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာတယ်။ ရွေးကောက်ပွဲအတွက် ပြင်ဆင်ကြတာပါ။ ရွေးကောက်ပွဲဟာလည်း အတော်လေးထူးခြားပါတယ်။ လုပ်ရကိုင်ရတဲ့အခြေအနေကလည်း ထူးခြားခဲ့ပါတယ်။ ၂၀၁၅ ကတိကဝတ်ဟာ အရင်ရွေးကောက်ပွဲတွေ၊ နိုင်ငံတကာက ရွေးကောက်ပွဲကတိကဝတ်တွေနဲ့မတူခဲ့ပါဘူး။ အပြောင်းအလဲဆိုတဲ့ ကြွေးကြော်သံနဲ့ပေးခဲ့တဲ့ ကတိကဝတ်ပါ။ ပြောင်းလဲမယ်ဆိုတဲ့စကားလုံးနဲ့ ကတိပြုခဲ့ကြတာပါ။ ၂၀၁၅ NLD ပါတီရဲ့ရွေးကောက်ပွဲကြေညာစာတမ်းဟာလည်း အလွန်ကို ယေဘုယျဆန်ခဲ့တယ်။

တကယ်လက်တွေ့အကောင်ထည်ဖော်ရာမှာ ဘယ်လိုသွားမလဲဆိုတာကို စောင့်ကြည့်ရမယ်။ ဒီအစိုးရက ချော်လဲတိုင်းဝိုင်းအော်ပေးမလား၊ ရေးမလား၊ အားလုံးက ငါတို့ အပြောင်းအလဲတစ်ခုကို သွားနေပါလားဆိုတဲ့ တွေးခေါ်ချက်နဲ့ သွားပါ။ အရင်ကဆိုရင် ပြန်ကြားရေးဆိုတာ ကျွန်တော်တို့နဲ့ ထိပ်တိုက်လုပ်ခဲ့ရတာ။ အခုဆိုရင် ပခုံးဖက်လုပ်ဆောင်တဲ့အခြေအနေဖြစ်လာပြီ။ အခုဖိုရမ်မှာဆိုရင် အစိုးရဘက်က တိုင်းဒေသကြီးဝန်ကြီးတွေပါလာပြီ။ သတင်းသမားတွေမှာ အဖွဲ့အစည်းတွေ အများကြီးရှိနေတာကို ပြောကြတယ်။ ဒါပေမယ့် သတင်းမီဒီယာဆိုင်ရာအဖွဲ့ အစည်းတွေ အများကြီး ရှိစေချင်ပါတယ်။ ခြားနားတဲ့အခြေအနေတွေကို ကိုယ်စားပြုတဲ့အဖွဲ့အစည်းတွေ ရှိတာ ကောင်းတယ်။ ညီညွတ်စွာ လုပ်ကြရင် တိုင်းပြည်နဲ့ ဒီနေ့ဖိုရမ်ရဲ့ရည်ရွယ်ချက် အောင်မြင်မယ်လို့ ယုံကြည်ပါတယ်။

**ဦးဇော်သက်ထွေး (မြန်မာသတင်းစာဆရာသမဂ္ဂ)**

(၅၈) ရက်သား အစိုးရသစ်ရဲ့ကတိတွေကိုစောင့်ကြည့်ဖို့ အချိန်မလုံလောက် သေးဘူး။ ကောင်းမွန်တဲ့ပတ်ဝန်းကျင်အခြေအနေတွေကို တွေ့မြင်နေရပါပြီ။ ပြန်ကြားရေးဝန်ကြီးဌာနက ဖိတ်ခေါ်ခဲ့တဲ့ အစည်းအဝေးကို ပြီးခဲ့တဲ့ရက်က တက်ခဲ့ပါ တယ်။ အရင်က မီဒီယာသမားတွေက အခွင့်အရေးကိုတောင်းဆိုပြီး ပြန်ကြားရေးက ကန့်ကွက်ခဲ့တဲ့အခြေအနေနဲ့ သွားခဲ့တယ်။ ပြီးခဲ့တဲ့ရက်က နေပြည်တော်မှာလုပ်ခဲ့တဲ့ Broadcast Media Conference ရဲ့ ရည်ရွယ်ချက်က မီဒီယာကုမ္ပဏီကြီးတွေက ဦးထားတဲ့အခြေအနေကနေ နောက်ထပ်ဝင်လာမယ့်သူတွေကို ဘယ်လိုဆောင်ရွက် ပေးမလဲဆိုတာကို ဆွေးနွေးကြတာပါ။ ဒီအခါမှာ ပြန်ကြားရေးဝန်ကြီးက ဒိုင်ဖြစ်ပြီး လက်ရှိ လုပ်ကိုင်နေတဲ့ ရုပ်သံမီဒီယာတွေနဲ့ နောင်ဝင်ရောက်လာမယ့်အသစ်တွေက Debate လုပ်ကြတဲ့ ပုံစံမျိုးဖြစ်ခဲ့တယ်။ နည်းဥပဒေမပြီးသေးလို့ အချိန်ဆွဲထားမလား ဆွေးနွေးခဲ့တယ်။ အရင်ကြုံတွေ့ခဲ့ဖူးတဲ့ ပြန်ကြားရေးက အကြီးတန်းအရာရှိကြီးတွေဟာ ပြီးခဲ့တဲ့ရက်က Broadcast Media Conference မှာ နှစ်ဦးနှစ်ဖက် ပြေလည်စေမယ့်အရာတွေကို တက်တက်ကြွကြွ ပါဝင်ခဲ့တယ်။ နေ့တစ်နေ့တည်းကနေ ရလဒ်ထွက်အောင် ဆွေးနွေးနိုင်ခဲ့တယ်။ ဒီအခြေအနေကို အစိုးရက သယ်ဆောင်သွားနိုင်ဖို့ မျှော်လင့်တယ်။

**သတင်း- ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်၊ ဓာတ်ပုံ-ဖိုးထောင်**

# နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော် ဇူလိုင်လကုန်ခန့်တွင် ကျင်းပရန်စီစဉ်

**ရန်ကုန် မေ ၂၈**

နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် ပတ်သက်ပြီး ယခင်က ဆွေးနွေးလေ့မရှိကြောင်း၊ နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲ ခေါင်းစဉ်အောက်တွင် ဆွေးနွေးစရာအကြောင်းအရာများ အများကြီးရှိကြောင်း၊ စာတမ်းဖတ်ပွဲတွင် နိုင်ငံရေးနောက်ခံဝတ္ထု၊ ခေတ်အဆက်ဆက် နိုင်ငံရေးသမိုင်း၊ နိုင်ငံရေးအတ္ထုပ္ပတ္တိ စသဖြင့် ခေါင်းစဉ်အမျိုးမျိုးရှိကြပြီး မည်သည့်စာတမ်းရှင်က မည်သည့် ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြမည်ကို ဆွေးနွေးကြစေလိုကြောင်း ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံအစည်းအဝေးခန်းမ၌ နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ် ဈေးရောင်းပွဲတော်ကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေး(**အပေါ်ပုံ**)၌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောသည်။



ဦးကိုကိုလှိုင်

မိုးရာသီ စာအုပ်ဈေးပွဲတော်နှင့် ပတ်သက်၍ "စာတမ်းဖတ်ပွဲနှင့်အတူ မိုးရာသီစာအုပ် ဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်း၌ သုံးရက်တိုင်ကျင်းပသွားရန် ဆုံးဖြတ်ထားကြောင်း၊ လိုအပ်လျှင် ဖြစ်မြောက်ရေးကော်မတီဖွဲ့ပြီး ဆက်လက်ဆောင်ရွက်ကြရန်နှင့် အသေးစိတ် လိုအပ်သည်များကို စာပေပညာရှင်များနှင့် စာအုပ်ထုတ်ဝေသူများ ဝိုင်းဝန်းဆွေးနွေးကြရန်" ဟု ပြည်ထောင်စုဝန်ကြီးက ဆိုသည်။

အဆိုပါ အကြိုညှိနှိုင်းအစည်းအဝေးတွင် စာပေပညာရှင်များနှင့် စာအုပ်ထုတ်ဝေသူများ တက်ရောက်ကြပြီး ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အကြိုညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သူ နိုင်ငံရေးစာပေပညာရှင် ဦးကိုကိုလှိုင် က "သိသလောက်ပြောရရင် ဝန်ကြီးလည်း အဖွင့်မိန့်ခွန်းမှာပြောတဲ့အတိုင်း နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲဆိုတာ အရင်တုန်းက တစ်ခါမှ မလုပ်ဖူးပါဘူး။ စာပေဗိမာန်စာတမ်းဖတ်ပွဲအစဉ်အလာရှိခဲ့တယ်၊ အခု နိုင်ငံရေးအရပွင့်လင်းလွတ်လပ်လာတဲ့ခေတ်ကို ရောက်လာတဲ့အတွက် နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲကို စာအုပ်အရောင်းပွဲတော်နဲ့တွဲပြီး ပထမဆုံးလုပ်နိုင်ဖို့အတွက် ရည်ရွယ်ပြီးတော့ ယနေ့အစည်းအဝေးလုပ်ဖြစ်တာပါ၊ နိုင်ငံရေးစာပေဆိုတာ နိုင်ငံရေးနဲ့ ပတ်သက်ပြီးတော့ ရေးသားထုတ်ဝေထားတဲ့စာအုပ်စာနယ်ဇင်းပေါ်မှာ အခြေခံပြီးတော့ သုံးသပ်တဲ့စာတမ်းတွေပါ၊ နိုင်ငံရေးစာပေဆိုတာ ကျယ်ပြန့်ပါတယ်၊ ပုံစံအမျိုးမျိုးနဲ့လည်း ရေးခဲ့ကြတယ်၊ ဥပမာ- နိုင်ငံရေးကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို ပုံစံမျိုးနဲ့ ရသစာပေပုံစံမျိုးလည်းရေးကြတယ်။ အဲဒါအပြင် နိုင်ငံရေးစာပေ အတ္ထုပ္ပတ္တိ၊ နိုင်ငံရေးသမိုင်းစသဖြင့် အမျိုးမျိုးရှိတယ်။ ခေတ်ကာလအားဖြင့်ကြည့်မယ်ဆိုရင် ခေတ်တွေနဲ့ပိုင်းလို့ရတယ်၊ ခေတ်အမျိုးမျိုးရှိတယ်၊ ရှုထောင့်အမျိုးမျိုးကလည်း ရေးနိုင်တယ်၊ အင်မတန်စုံလင်တဲ့ နိုင်ငံရေးစာပေတွေကို စာတမ်းအဖြစ်တင်ပြရင် ဘယ်လိုခေါင်းစဉ်ဖြင့် စာတမ်းပြုစုကြမလဲ စာတမ်းဘယ်နှခုလောက် လက်ခံမလဲ



ဦးမော်လင်း

ဆွေးနွေးနိုင်မလဲစသဖြင့် အသေးစိတ်တွေကို တတ်နိုင်သလောက်စဉ်းစားပြီး စာတမ်းဖတ်ပွဲနဲ့ပတ်သက်ပြီး ဒီအစည်းအဝေးမှာ ဆွေးနွေးခဲ့ပါတယ်။ နိုင်ငံရေးစာပေထွန်းကားလာသမျှ ပြည်သူလူထုရဲ့ နိုင်ငံရေးအသိအမြင်တွေလည်း ထွန်းကားလာမယ်၊ မှန်ကန်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေလည်း ရွေးနိုင်လာမယ်၊ နိုင်ငံအနာဂတ် ပိုမိုကောင်းမွန်စေမှာဖြစ်ပါတယ်။ နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲ ကြိုဆိုသင့်ပါတယ်လို့ ယူဆပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းစိုး က "မြန်မာနိုင်ငံရဲ့ သမိုင်းမှာ နိုင်ငံရေးစာပေနဲ့ပတ်သက်ပြီး စာတမ်းဖတ်ပွဲမျိုး တစ်ခါမှ မလုပ်ဖူးပါဘူး၊ စာတမ်းဖတ်ပွဲမှာ ဒီ့ထက်စည်ကားသွားအောင် နိုင်ငံရေးစာပေတွေကော အခြားစာပေတွေရော စာအုပ်ဈေးရောင်းပွဲပါ ထည့်ဖို့ဆိုပြီး ဝန်ကြီးဌာနအစီအစဉ်နဲ့ လုပ်တဲ့အတွက် စာအုပ်ဈေးပွဲတော်ဖြစ်မြောက်ရေးကော်မတီအနေနဲ့ အစည်းအဝေးတက်ပြီး ဖွဲ့စည်းခဲ့ပါတယ်။ အခု ဈေးရောင်းပွဲတော်ကတော့ နေရာအကျယ်အဝန်းတော်တော်ရတဲ့အတွက် ကန့်သတ်စရာမလိုတော့ဘူး၊ ပါဝင်ပြီး ဖွင့်လှစ်ချင်တဲ့စာအုပ်ဆိုင်တွေ အကုန်လုံး နေရာပေးနိုင်မှာပါ။ အနည်းဆုံးစာအုပ်တိုက် စာအုပ်အရောင်းဆိုင် ၁၀၀ လောက် ပါဝင်မယ်လို့ ထင်ပါတယ်"ဟု ဆိုသည်။

ပြည်သူ့အရေးဂျာနယ် အယ်ဒီတာချုပ် ဦးမော်လင်း က "နိုင်ငံရေးစာပေဆိုတာ ဘာလဲ၊ နိုင်ငံရေး စာပေဖွံ့ဖြိုးတိုးတက်ဖို့ ဘာတွေလိုလဲ၊ နိုင်ငံရေးစာပေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့နိုင်ငံ့သမိုင်းမှာ ဘာတွေရှိခဲ့လဲ၊ မျက်မှောက်ခေတ်နိုင်ငံရေး စာပေနဲ့ပတ်သက်ပြီး ဘာစာအုပ်စာတမ်းတွေထွက်ခဲ့ဖူးလဲ၊ နိုင်ငံတကာက နိုင်ငံရေးစာပေတွေ ဘယ်လိုထွက်သလဲ၊ နိုင်ငံရေးသဘောတရားတွေ၊ နိုင်ငံရေးသီအိုရီတွေနဲ့ပတ်သက်တဲ့ စာပေ စာအုပ်တွေရှိတယ်၊ နိုင်ငံရေးလုပ်တဲ့ နိုင်ငံရေးသမားတွေကိုယ်တိုင်ရေးထားတဲ့ စာအုပ်စာပေတွေရှိတယ်၊ နိုင်ငံရေးခေါင်းဆောင်တွေနဲ့ နိုင်ငံရေးထင်ရှားတဲ့သူတွေအကြောင်းရေးထားတဲ့ နိုင်ငံရေးအတ္ထုပ္ပတ္တိတွေရှိတယ်၊ နိုင်ငံရေးကို နောက်ခံထားပြီး ရေးထားတဲ့ဝတ္ထုတွေ သမိုင်းတွေရှိတယ်၊ အဲဒီခေတ်ကာလက စာအုပ်တွေကို ဘယ်လိုရေးသားထုတ်ဝေခဲ့လဲ၊ အဲဒီစာအုပ်စာပေတွေက စာဖတ်သူတွေကို ဘယ်လိုလွှမ်းမိုးခဲ့လဲ၊ နိုင်ငံရေးနဲ့ပတ်သက်တဲ့စာနယ်ဇင်းတွေ၊ သတင်းစာတွေ၊ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေက မြန်မာ့နိုင်ငံရေးအပေါ် ဘယ်လိုလွှမ်းမိုးမှုရှိလဲ စသဖြင့် အဲဒီအကြောင်းအရာတွေနဲ့ပတ်သက်တဲ့ စာတမ်းတွေဖတ်ကြမယ်၊ ဆွေးနွေးကြမယ်။ အဲဒါတွေကျင်းပဖို့ အခုအစည်းအဝေးမှာ ဆွေးနွေးကြတာပါ"ဟု ပြောသည်။



ဦးနေမျိုးညွန့်

မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း အတွင်းရေးမှူး ဦးမြင့်ထွန်းက "နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနဲ့အတူ မိုးရာသီစာအုပ် ဈေးရောင်းပွဲတော်ကို သိမ်ဖြူလမ်းက ဒီရုံးမှာ ဇူလိုင်လကုန်လောက် ကျင်းပမယ်၊ အသင်းအနေနဲ့ စာအုပ်ထုတ်ဝေသူတွေအားလုံးပေါင်းပြီး ဆိုင်ခန်း ၁၀၀ လောက် ဖွင့်နိုင်အောင် ကြိုးစားထားတယ်၊ ကျင်းပမယ့်ရက် အတိအကျမသိသေးပေမယ့် သုံးရက်ကြာ ကျင်းပမယ်လို့သိရပါတယ်။ ဒီအဆောက်အအုံကြီးထဲမှာ ၂၀၀၆ ခုနှစ်က ပထမအကြိမ် စာအုပ်ဈေးရောင်းပွဲတော်ကျင်းပခဲ့ဖူးတယ်၊ အခုဒီနေရာမှာ စာအုပ်ဈေးပွဲတော်က ဒုတိယမြောက်ကျင်းပခြင်းဖြစ်တယ်။ သမိုင်းဝင်ရုံးကြီးမှာ ကျင်းပတာဖြစ်တဲ့အပြင် မြို့လယ်ကောင်နဲ့လည်း နီးတာကြောင့် ဒီပွဲကစည်ကားမယ်လို့မြင်ပါတယ်။ စာတမ်းဖတ်ပွဲက တစ်ဖက်ကကျင်းပနေသလို စာအုပ်ဆိုင်တွေကလည်း စာအုပ်တွေကိုရောင်းချပေးနေမှာပါ"ဟု ဆိုသည်။

မြန်မာနိုင်ငံ ပုံနှိပ်ထုတ်ဝေဖြန့်ချိသူအသင်း အလုပ်အမှုဆောင် ဦးနေမျိုးညွန့်က "စာအုပ်ဈေးရောင်းပွဲတော်များ ကျင်းပနိုင်သမျှ ကျင်းပနိုင်လျှင် စာဖတ်သူများနှင့် စာအုပ်ထုတ်ဝေသူများ ထိတွေ့မှုများလာပြီး စာအုပ်လုပ်ငန်းအတွက်သာမက စာဖတ်သူများပါ အကျိုးပြုနိုင်သည်" ဟု ပြောသည်။

နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်ကို ဇူလိုင်လ တတိယပတ် (သို့မဟုတ်) စတုတ္ထပတ်တွင် ကျင်းပရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**သတင်း - ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ - ဇော်မင်းလတ်**

# ဂြိုဟ်တုချန်နယ်ငှားရမ်းသုံးစွဲခြင်းအားဖြင့် ပြည်သူများအတွက် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ကွန်ရက်ချိတ်ဆက်မှုများ ဖွံ့ဖြိုးတိုးတက်လာမည်

**ရန်ကုန် မေ ၂၈**

သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနနှင့် အမေရိကန်နိုင်ငံအခြေစိုက် Intelsat Global Sate and Marketing Ltd. တို့၏ ဂြိုဟ်တုချန်နယ်ငှားရမ်းသုံးစွဲမှု သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံအနေဖြင့် ဂြိုဟ်တုငှားရမ်းသုံးစွဲခြင်းအားဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့်ပတ်သက်ပြီး သတင်းအဖွဲ့၏ မေးမြန်းမှုအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက "အခုလို ဂြိုဟ်တုငှားရမ်းအသုံးပြုခြင်းအားဖြင့် မြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေးကွန်ရက် ဖွံ့ဖြိုးလာမှုနဲ့အတူ မြန်မာပြည်သူတွေအတွက် များစွာအကျိုးရှိနိုင်ပါတယ်။ အရင်ကတော့ ဂြိုဟ်တုချန်နယ်ကို ပုဂ္ဂလိကကဏ္ဍမီဒီယာတွေကပဲ အသုံးပြုကြပါတယ်။ အခုတော့ MPT ကနေ Myanmar Sat-1 ဆိုတဲ့မြန်မာနာမည်နဲ့ ငှားရမ်းအသုံးပြုလိုက်တဲ့အတွက် အားလုံးအတွက်လည်း ကုန်ကျစရိတ် သက်သာသွားမှာဖြစ်ပါတယ်။ ထို့အတူ သုံးစွဲနိုင်တဲ့ Capacity လည်း မြင့်တက်လာမှာဖြစ်ပါတယ်။ အဲဒီအခြေအနေရောက်ရင် end users ဆိုတဲ့ ပြည်သူတွေ အတွက်လည်း ဈေးနှုန်းသက်သက်သာသာနဲ့ အသုံးပြုနိုင်ကြမှာ ဖြစ်ပါတယ်။



ဒုတိယဝန်ကြီး ဦးကျော်မျိုး



ဒုတိယဥက္ကဋ္ဌ
မစ္စတာ တယ်လီဘလိကလေ



ရစ်အဘာဆီ

"အစမှာတော့ ဈေးနှုန်းနည်းနည်းကြီးချင်ကြီးမယ်၊ နောက်တစ်ဆင့်ပြီးတစ်ဆင့် ဈေးနှုန်းတဖြည်းဖြည်းလျော့ကျလာတဲ့အခါ end users ပြည်သူတွေအတွက် အကျိုးကျေးဇူးများစွာရစေမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ထို့အပြင် Intelsat ၏ အာရှပစိဖိတ် ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ မစ္စတာ တယ်လီဘလိကလေက "မြန်မာနိုင်ငံမှာ ဒီဂြိုဟ်တုကို စတင်အသုံးပြုခြင်းအားဖြင့် မြန်မာပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာပြီး ကျေးလက်နေပြည်သူများအတွက် များစွာအကျိုးဖြစ်ထွန်းလာမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေးကွန်ရက်တွေ သိသာစွာ ဖွံ့ဖြိုးတိုးတက်လာပြီး မြို့ပြနဲ့ ကျေးလက်ဒေသတွေအထိ ကွန်ရက် Bandwidth တွေကျယ်ပြန့်စွာ ဆက်သွယ်အသုံးပြုနိုင်မှာ ဖြစ်တဲ့အပြင် ဝန်ကြီးဌာနတွေရဲ့ ကွန်ရက်ချိတ်ဆက်မှုလည်း ကျယ်ပြန့်လာမှာဖြစ်ပါတယ်။

"အဓိကအားဖြင့် ပြည်သူတစ်ဦးနဲ့တစ်ဦးအကြား ဆက်သွယ်မှုပိုမို ကောင်းမွန်လာခြင်း၊ အင်တာနက်ဆက်သွယ်ရေး၊ မိုဘိုင်းဖုန်းစတဲ့ ဆက်သွယ်မှုတွေ ပိုမိုကောင်းမွန်လာခြင်း၊ အဝေးသင်ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ကွန်ရက်ချိတ်ဆက်မှုများ တိုးတက်လာခြင်းအားဖြင့် ဆက်သွယ်ရေးခက်ခဲတဲ့ ဒေသက ပြည်သူတွေအတွက် ပညာရေးအထောက်အကူများစွာဖြစ်လာမှာဖြစ်ပါတယ်၊ အခု ဂြိုဟ်တုငှားရမ်းမှုက ငါးနှစ်သက်တမ်းဖြစ်တဲ့အတွက် ငါးနှစ်တာ ကာလအတွင်း မြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေးကဏ္ဍမှာ အရှိန်အဟုန်ကြီးမားစွာ တိုးတက်လာမှာဖြစ်ပါ တယ်"ဟု ပြောကြားသည်။

ဆက်သွယ်ရေးဂြိုလ်တုငှားရမ်းခြင်းဖြင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများနှင့်ပတ်သက်ပြီး Intelsat Co မှ Assitant General Counsel က ယခုစီမံကိန်းသည် မြန်မာနိုင်ငံအတွက် အကျိုးကျေးဇူးများစွာရှိမည့် Intelsat ၏ စီမံကိန်းတစ်ရပ်ဖြစ်ကြောင်း၊ ဆက်သွယ်ရေးကဏ္ဍတွင် မြန်မာနိုင်ငံနှင့် အခြားနိုင်ငံများအား လွယ်ကူစွာချိတ်ဆက်နိုင်တော့မည်ဖြစ်ကြောင်း၊ ဆောင်ရွက်ခွင့်ရသည့်အတွက် ဂုဏ်ယူပါကြောင်းနှင့် မြန်မာအစိုးရအား ကျေးဇူးတင်ပါကြောင်း ပြောကြားခဲ့ပါသည်။

Intelsat မှ Senior Product Marketing Director ရစ်အဘာဆီက ယခုစီမံကိန်းသည် အာရှ-ပစိဖိတ်ဒေသအတွင်းရှိ Intelsat ၏ အဓိကစီမံကိန်းဖြစ်ကြောင်း၊ မိမိတို့ကတိကဝတ်ပေးထားသည့်အတိုင်း မြန်မာနိုင်ငံ၏ အင်တာနက်နှင့်တယ်လီဖုန်း ဆက်သွယ်ရေးအပိုင်း တိုးတက်စေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လိုအပ်သော သင်တန်းများလည်း ပေးသွားမည်ဖြစ်ကြောင်း၊ ဆက်သွယ်ရေးဂြိုဟ်တုငှားရမ်းခြင်းအားဖြင့် ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများအား တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လုပ်ဆောင်နိုင်တော့မည်ဖြစ်ကြောင်း၊ ဂြိုဟ်တုချန်နယ်ငှားရမ်းခြင်းလုပ်ငန်းများ အောင်မြင်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

**တွေ့ဆုံမေးမြန်း-ကြယ်စင်သာ၊ စိုးသူရ**
**ဓာတ်ပုံ-အေးသန်း**

# လုပ်သက်ခွင့်များကို မူလကတစ်လစာ စုဆောင်းခွင့်ရှိခဲ့ရာမှ အစိုးရသစ်လက်ထက်တွင် နှစ်လအထိ စုဆောင်းခွင့်ရရှိမည်

**နေပြည်တော် မေ ၂၈**

နိုင်ငံ့ဝန်ထမ်းများ လေ့ကျင့်ပြုစုပျိုးထောင်ရာ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ယခင်သင်တန်းများလို တက္ကသိုလ်မှ ထုတ်ပေးသည့် ဝတ်စုံဝတ်ဆင်ရန်မလိုတော့ဘဲ သက်ဆိုင်ရာဌာန ဝတ်စုံများသာ ဝတ်ဆင်ခွင့်ရရှိတော့မည်ဖြစ်ပြီး ဌာနကြီးခြောက်ခုတွင် စစ်ရေးပြဌာနများကို ဖျက်သိမ်းသွားမည်ဟု ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ သိရသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် နိုင်ငံ့ဝန်ထမ်းများအတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေတွင်ပါရှိသော ပြက္ခဒိန်နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် ဝန်ထမ်းတစ်ဦး၏ ခွင့်စာရင်း၌ ကျန်ရှိသော လုပ်သက်ခွင့်များကို မူလကတစ်လစာ စုဆောင်းခွင့်ရှိခဲ့ရာမှ အစိုးရသစ်လက်ထက်တွင်နှစ်လအထိ စုဆောင်းခွင့်ရရှိမည်ဟု ဆိုသည်။

ထို့အတူ ယခင်က ဝန်ထမ်းအမျိုးသမီး မီးဖွားမှသာ ခင်ပွန်းဖြစ်သူဝန်ထမ်းက မွေးကင်းစကလေး ပြုစုစောင့်ရှောက်ခွင့်နှစ်ပတ် ခံစားခွင့်ရရှိရာမှ ယခုအခါ ဝန်ထမ်းမဟုတ်သော အမျိုးသမီး မီးဖွားပါကလည်း ၎င်းအမျိုးသမီး၏ ခင်ပွန်းဖြစ်သူ ဝန်ထမ်းကို မွေးကင်းစကလေး ပြုစုစောင့်ရှောက်ခွင့် နှစ်ပတ် ခံစားခွင့် ရရှိတော့မည်ဖြစ်သည်။

ထို့ပြင် လုပ်သက်နှစ် ၃၀ ပြည့်ပါက အသက် ၅၅ နှစ် ပြည့်ရန်မလိုဘဲ နှစ်ပြည့်ပင်စင် ခံစားခွင့်ရရှိတော့မည်ဟုလည်း သိရသည်။

ပြည်ထောင်စု ရာထူးဝန်အဖွဲ့က စစ်ဆေးသောစာမေးပွဲများတွင် ယခင်က မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ သုံးဘာသာဖြေဆိုခဲ့ရာမှ ယခုနှစ် ဩဂုတ်နှင့် စက်တင်ဘာလတွင် ဖြေဆိုမည့် စာမေးပွဲများတွင် တွေးခေါ်မှု (Thinking) ဖြင့် ဖြေဆိုရတော့မည်ဖြစ်ကြောင်း ပြည်ထောင်စုရာထူးဝန်ရုံး ဒုတိယအမြဲတမ်းအတွင်းဝန် ဦးခင်မောင်ဝင်းက ပြောသည်။

"ကျက်ဖြေစနစ်ကနေ စဉ်းစားတွေးခေါ်ပြီး ဖြေရမယ်ဆိုတော့ ပိုကောင်းတာပေါ့၊ ဟိုတုန်းက ရာထူးဝန်က ခေါ်တဲ့ စာမေးပွဲတွေဆို ဟိုသင်တန်းတက်ရ၊ ဒီသင်တန်းတက်ရ ပိုက်ဆံလည်းကုန်တယ်၊ အချိန်လည်းကုန်တယ်။ အခုလို စဉ်းစားတွေးခေါ်ပြီး ဖြေရတယ်ဆိုတော့ လူတစ်ယောက်ရဲ့အရည်အချင်းကို ပိုသိတာပေါ့"ဟု ရာထူးဝန် စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုဖူးသူ ရန်ကုန်မြို့နေ မနီလာက ပြောသည်။

ယခင်က ဗဟိုဝန်ထမ်းတက္ကသိုလ်တွင် အမျိုးသားဆု ငါးဆု၊ အမျိုးသမီးဆု ငါးဆု စုစုပေါင်း ၁၀ ဆု ချီးမြှင့်ခဲ့ရာမှ ယခုအခါ စာပေဆုနှင့် စံပြသင်တန်းသားဆု နှစ်ဆုသာ ချီးမြှင့်တော့မည်ဖြစ်ပြီး ၂၀၁၇ ခုနှစ်တွင် ဗဟိုဝန်ထမ်းတက္ကသိုလ်၏ အောက်တွင် Civil Services Academy တစ်ခုစီ တိုးချဲ့ဖွဲ့စည်းဖွင့်လှစ်သွားမည် ဖြစ်သည်။

"အရာထမ်းလောင်းတွေကို လေးလသင်တန်းတက်ခိုင်းမယ်၊ Deploma ပေးမယ်၊ Mid level သင်တန်းတွေကို အဆင့်မြှင့် Deploma ပေးမယ်၊ စီနီယာ Level ညွှန်မှူးတွေကိုလည်း တစ်နှစ်သင်တန်းတက်စေပြီး မဟာဘွဲ့တွေပေးသွားမယ်"ဟု ဒုတိယအမြဲတမ်းအတွင်းဝန်က ပြောသည်။

**မင်းသစ် (သတင်းစဉ်)**

❀ ကျောဖုံးမှ

နွေရာသီမတိုင်မီ ကျန်ရှိနေသည့် ရစ်လအချိန်အတွင်း ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများဖြင့် Liquefied Natural Gas (LNG) ကိုတင်သွင်း၍ ဓာတ်အားပေးစက်ရုံတည်ဆောက်ရန် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ယုံကြည်စိတ်ချရတဲ့၊ လျှပ်စစ်ထုတ်လုပ်မှု အတွေ့အကြုံရှိပြီး ရာဇဝင်ကောင်းတွေရှိတဲ့ ကုမ္ပဏီတွေနဲ့ ချိတ်ဆက်ရပါတယ်။ နောင်လာမယ့် နွေရာသီမတိုင်ခင် ရစ်လအတွင်းမှာ တကယ်လုပ်နိုင်တဲ့ စွမ်းရည်ရှိတဲ့ ကုမ္ပဏီမျိုးကို ကျွန်မတို့ ရွေးချယ်ရပါတယ်။ ကုမ္ပဏီတစ်ခုကို အစိုးရဌာနတစ်ခုက လက်မှတ်ထိုးပြီးတော့ ဈေးငွေတစ်ဆင့် ပြန်ယူရတာမျိုးဆိုရင် ကြန့်ကြာမယ်။ one stop service နဲ့ LNG ထုတ်လုပ်တာ၊ သယ်ဆောင်တာ၊ စက်ရုံတည်ပြီးလျှပ်စစ်ထုတ်လုပ်တာ၊ ပြန်လည်ဖြန့်ဝေနိုင်တဲ့အထိ အိတ်ထဲက စိုက်ထုတ်ပြီး လုပ်ဆောင်နိုင်မယ့် ကုမ္ပဏီတွေနဲ့ တွေ့ဆုံထားပါတယ်။ နောင်မြင့်တက်လာမယ့် လျှပ်စစ် လိုအပ်ချက်ကို အားဖြည့်ဖို့အတွက်ပါ လုပ်ဆောင်ဖို့ စတင်ပြင်ဆင်နေပါပြီ။ လာမယ့်အင်္ဂါနေ့မှာ ကျွန်မတို့အသေးစိတ်ကို သတင်းစာရှင်းလင်းပွဲပြုလုပ်ပါမယ်"ဟု ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး တစ်ခုလုံးအတွက် ပုံမှန်လျှပ်စစ်ဓာတ်အားမှာ မဂ္ဂါဝပ် ၁၂၀၀ ခန့် လိုအပ်သော်လည်း အမှန်တကယ် ထုတ်လုပ်နိုင်သည့် ပမာဏမှာ မဂ္ဂါဝပ် ၄၂၀ခန့်သာထုတ်လုပ်နိုင်သည်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လေ့လာမှုအရသိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ လျှပ်စစ်ဓာတ်အားကို အင်ဂျင်စက် ၆၂ လုံးဖြင့် လည်ပတ်၍ မဂ္ဂါဝပ် ၉၉၀ ထုတ်လုပ်ပေးလျက်ရှိသည်ဟု ယခင်စာရင်းဇယားများတွင် ဖော်ပြထားသော်လည်း ဓာတ်အားခွဲရုံများအား သေချာစွာစိစစ်ပြီးချိန်တွင် အင်ဂျင်စက် ၆၂ လုံး၏ အမှန်တကယ် ထုတ်လုပ်နိုင်မှုမှာ မဂ္ဂါဝပ် ၄၂၀ သာ ထုတ်လုပ်ပေးနိုင်စွမ်းရှိနေသည်။ အဆိုပါ ပမာဏမှာ တိုင်းဒေသကြီး တစ်ခုလုံး၏ လျှပ်စစ်လိုအပ်မှု ရာခိုင်နှုန်း၏ ၂၈ ရာခိုင်နှုန်းခန့်သာဖြည့်ဆည်းပေးနိုင်သဖြင့် ထုတ်လုပ်မှုနှင့် သုံးစွဲမှု လိုအပ်ချက်ပမာဏမှာ များစွာကွာဟလျက်ရှိနေသည်။

ရန်ကုန်တွင် တွေ့ကြုံနေရသည့် လျှပ်စစ်လုံလောက်စွာ ပေးဝေနိုင်ရေး အခက်အခဲနှင့်ပတ်သက်၍ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက "ဂက်စ်တွေဟာ နိုင်ငံတကာကို ရောင်းချထားတဲ့အတွက် တိုင်းဒေသကြီးရဲ့ ခွဲတမ်းက မလုံလောက်တော့ပါဘူး။ ၂၀၂၇ ခုနှစ်မှာ လက်ရှိ ရန်ကုန်ကိုလာနေတဲ့ ဂက်စ်တွေက ကုန်ခန်းသွားပါတော့မယ်။ ၂၀၂၇ မတိုင်မီ လာမယ့် ငါးနှစ်အတွင်း ကျွန်မတို့ အစိုးရသစ်အနေနဲ့ ဘယ်လိုရင်ဆိုင်ရမလဲဆိုတာ အဖြေရှာနေပါတယ်။ ရိုးရိုးအင်ဂျင်တွေနဲ့ပဲ သွားမလား။ ဒါဆိုရင် ဓာတ်အား တစ်ယူနစ်ချင်းစီမှာ ကုန်ကျမယ့် စရိတ်ဟာ မြင့်တက်သွားတော့မယ်။ ထုတ်လုပ်တဲ့သူတွေဆီက လက်ရှိမှာတစ်ယူနစ်ကို ၅၇ ကျပ်နဲ့ဝယ်ယူပြီး အိမ်သုံး ပြည်သူလူထုကို ၃၅ ကျပ်နဲ့ ပြန်လည်ရောင်းချနေရပါတယ်။ စက်ရုံ၊ အလုပ်ရုံတွေအတွက်ကိုတော့ တစ်ယူနစ်ကို ငွေကျပ် ၁၂၀ ကနေ ၁၅၀ ကြားပြန်လည် ရောင်းချနေရတယ်။ စက်ရုံအလုပ်ရုံတွေကို လျှပ်စစ်ဓာတ်အား များများရောင်းချပေးနိုင်မှ ဒီကရတဲ့အမြတ်နဲ့ ပြည်သူလူထုကို တစ်ယူနစ် ၃၅ ကျပ်နဲ့ မီးများများပေးနိုင်မှာ ဖြစ်ပါတယ်"ဟု ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သစ် အနေဖြင့် နွေရာသီတွင် လျှပ်စစ်မီးပြတ်တောက်မှုများနှင့်ပတ်သက်ပြီး လေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့ရာ လိုချက်များကို တွေ့ရှိရသည်။

အဆိုပါ လိုအပ်ချက်များမှာ တိုင်းဒေသကြီးအတွင်း (၁)ရန်ကုန်တိုင်းဒေသကြီးသည်လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန်အတွက် လိုအပ်သည့် ဂက်စ်ခွဲတမ်း ပမာဏရရှိနိုင်မှုများမရှိတော့ခြင်း၊ (၂) လိုအပ်သည်ထက်ပိုမို၍ လျှပ်စစ်ဓာတ်အားကို ဆွဲယူရသည့်အတွက် တိုင်းဒေသကြီးအတွင်း ခွင့်ပြုပေးထားသည့် ထရန်စဖော်မာများ အရေအတွက်မှာ လျှပ်စစ်ဓာတ်အား ပေးဝေနိုင်သည့် မမာဏထက် များစွာကျော်လွန်နေပြီး နောက်ဆက်တွဲ အကျိုးဆက်အဖြစ် ထရန်စဖော်မာ ပေါက်ကွဲမှုများ ဖြစ်ပေါ်ခြင်း၊ (၃)မြေအောက်တွင် သွယ်တန်းထားသည့် လျှပ်စစ်ဓာတ်ကြိုးများ၏ သက်တမ်းသည် နှစ် ၂၀မှ ၃၀ ကျော်ထိ သက်တမ်းရှိနေပြီး ပူပြင်းသော နွေရာသီအပြီး မိုးစတင်ရွာသွန်းချိန်တွင် ရုတ်တရက် မြေအောက်အပူချိန်ကွာဟမှုကြောင့် မြေအောက်ရှိ ဆွေးမြည့်နေသော ဓာတ်ကြိုးများ ပေါက်ပြဲခြင်း၊ (၄) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန်နှင့် လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၌ လုံလောက်သည့် ဘတ်ဂျက်ပမာဏ မရှိခြင်း စသည်တို့ကို တွေ့ရှိခဲ့ရသည်ဟု ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးက ပြောသည်။

## လျှပ်စစ်ဓာတ်အားပြတ်တောက်မည်

**ရန်ကုန် မေ ၂၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့်မလွတ်ကင်းသော သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း ဓာတ်အားခွဲရုံများထိန်းသိမ်းပြုပြင်ခြင်း၊ ကြံ့ခိုင်မှုအားနည်းသော လျှပ်ကာကြွေသီးများ အသစ်လဲလှယ်တပ်ဆင်ခြင်း၊ လျှပ်စစ်အန္တရာယ်လုံခြုံစိတ်ချရသော လျှပ်ကာဓာတ်အားလိုင်းကြိုးများ လဲလှယ်တည်ဆောက်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဆောင်ရွက်လျက်ရှိသည်။

မေ ၂၉ ရက်တွင် ဒဂုံဆိပ်ကမ်း၊ ဒဂုံအရှေ့၊ မြောက်ဥက္ကလာ၊ ပန်းဘဲတန်း၊ ဒဂုံ၊ လမ်းမတော်၊ အလုံ၊ ကြည့်မြင်တိုင်၊ တစ်ဖက်ကမ်း(အေးရွာ)၊ကမာရွတ်၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထန်းတပင်၊ ထောက်ကြန့်၊ ဥက္ကံ၊ အင်းတိုင်၊ မြောင်းတကာမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့်စက်မှုဇုန် အချို့တို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီ အတွင်း ယာယီဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။

မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါသဖြင့် ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေး အခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် အနူးအညွတ်တောင်းပန်ပါကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများသို့ အသိပေးပန်ကြားထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



# အပြောအရေး ကွာဟမှုများ (၁၂)

**မောင်ခင်မင်(ဓနုဖြူ)**

"အသံနှစ်သံကို တစ်ဆက်တည်းပြောရင် နောက်ကအသံတချို့ဟာ အသံပျော့ကနေပြီး အသံပြင်းကိုပြောင်းတတ်တယ်ဆိုတဲ့ ဥပဒေသကို သားတို့၊ သမီးတို့ သဘောပေါက်ပြီ မဟုတ်လား"

"သဘောပေါက်ပါတယ် ဆရာ"

"ဘယ်လိုအခြေအနေမျိုးမှာ အသံမပြောင်းဘူးဆိုတာတွေလည်း ဆရာတို့ပြောပြီးကြပြီလေ။ နောက်ကအသံပြောင်းတတ်ပုံကိုပြောပြီးတော့ ရှေ့ကအသံပြောင်းတတ်ပုံဆီသွားကြဦးစို့"

" ဟုတ်ကဲ့ပါ"

"အသံနှစ်သံကို တစ်ဆက်တည်းပြောတဲ့အခါ ရှေ့ကသရသံဟာ မတြာဝက်သရလို့ခေါ် တဲ့အသံတစ်ဝက်ကို ပြောင်းတတ်ပုံအကြောင်းပေါ့"

"ဟင်-----အဲဒီ မတြာဝက်သရသံအကြောင်း ဆရာပြောပြီးပြီ မဟုတ်လား ဆရာ"

"ဆရာပြောပြီးတာက မူလကတည်းက အသံတစ်ဝက်နဲ့ပြောရတဲ့ အသံတွေအကြောင်းပါ။ ဆိုပါတော့ကွယ်။ 'သရက်တို့၊ ဖလားတို့၊ မရမ်းတို့၊ ဘဝတို့' ဆိုတဲ့စကားလုံးတွေမှာ ရှေ့ကအသံကို အသံတစ်ဝက်ပဲဆိုရတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"နောက်'ကမောက်ကမတို့၊ ခနော်ခနဲ့တို့၊ ဇဝေဇဝါတို့၊ တရင်းတနှီး'တို့လို အသံတစ်ဝက်တွေ အသံတူနှစ်လုံးဆင့်သုံးတဲ့စကားလုံးတွေလည်း ပြောပြီးပြီ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"အခုပြောမှာက အသံတစ်ဝက်ပေမယ့် မူလကတည်းက အသံတစ်ဝက်ဖြစ်နေတာမဟုတ်ဘဲ အသံနှစ်သံတွဲတော့မှ ရှေ့ကအသံရှည်က အသံတစ်ဝက်ပြောင်းတဲ့စကားလုံးတွေပါ။ အဲဒီမှာလည်း အပြောနဲ့အရေးက တော်တော်ကွာဟနေတာလေ"

"သြော်-----ဟုတ်ကဲ့ပါဆရာ"

"ကဲ------စပြီးကြည့်ရအောင်။ 'ငါး' ဆိုတဲ့စကားလုံးဟာ တစ်လုံးတည်းပြောရင် /ငါး/ လို့ အသံထွက်တယ်နော်။ နောက်က 'ခြောက်' ဆိုတဲ့စကားလုံးထည့်လိုက်ရင် ဘယ်လိုအသံထွက်သလဲ၊ အသံထွက်ပါရေးပြနော်"

"/ငချောက်/လို့ အသံထွက်ပါတယ် ဆရာ"

"နောက်က 'ခူ'ဆိုတဲ့ စကားလုံးထည့်ရင်ရော"

"/ငခူ/လို့ အသံထွက်ပါတယ် ဆရာ"

"ဒီတော့ရေးတဲ့အခါ 'ငါး'လို့ ရေးပေမယ့်၊ အသံထွက်တော့/င/လို့ အသံတစ်ဝက်ပဲထွက်တာပေါ့"

"ဟုတ်ပါတယ် ဆရာ"

"ကဲ...တခြားစကားလုံးတွေ စဉ်းစားကြည့်ကြပါဦး။ ရှေ့ကစကားလုံးက 'ဓား' ဆိုပါတော့ကွယ်"

"'ဓားမ'ပါဆရာ"(/ဒမ/ဟုအသံထွက်ရေးပြသည်။)

"ဓားမြှောင်လည်းဖြစ်ပါတယ်ဆရာ"(/ဒမြောင်/ဟု ရေးပြသည်။)

"'သူဌေး'လို့ရေးပေမယ့်/သထေး/လို့ အသံထွက်တာမို့ 'သူ' က / သ/ဆိုတဲ့အသံတစ်ဝက်ကို ပြောင်းပါတယ် ဆရာ"

"ဟုတ်ပါပြီ။ ခုပြောတဲ့ သာဓကတွေကတော့ ရှင်းပါတယ်။ သားတို့၊ သမီးတို့က ထောင့်စေ့အောင်ကြည့်ဖို့လိုအပ်တာမို့ ရှုပ်တာတွေအရင်ရှင်းထားဖို့တော့လိုတယ်"

"ဘယ်လိုရှုပ်တာပါလဲ ဆရာ"

"ဒီဥပဒေသတွေက ထွေပြားတော့ရှုပ်ထွေးသွားတတ်လို့ပါ။ ကဲ... ဆရာတစ်ခုမေးမယ်။ ခုနပြောခဲ့သလို 'ငါးခူ' ကျတော့/ငခူ/လို့ပဲ အသံထွက်တယ်။ နောက်ကအသံမပြောင်းဘူး မဟုတ်လား။ အဲ 'ငါးကြင်း'ဆိုရင် ဘယ်လိုအသံထွက်မလဲ"

"/ငဂျင်း/လို့ထွက်ပါတယ် ဆရာ"

"ဒီတော့'ကြင်း'က/ဂျင်း/ကို ပြောင်းတာပေါ့"

"ဟုတ်ပါတယ် ဆရာ"

' "ငါးခူ'ကျတော့'ခူ'ကအသံမပြောင်းဘူး။ 'ငါးကြင်း'ကျတော့'ကြင်း'က/ဂျင်း/လို့ပြောင်းတယ်။ ဟုတ်တယ်နော်"

"ဟုတ်ကဲ့ပါ"

"ကဲ...နောက်သာဓကတစ်ခု။ 'ငါးထွေ'ဆိုတဲ့ငါးကို ဘယ်လိုအသံထွက်မလဲ"

"/ငထွေ/လို့ပဲထွက်ပါတယ်ဆရာ။ အသံမပြောင်းပါဘူး"

"ဟုတ်ပြီ။ ကဲ... 'ငါးတန်' ဆိုတဲ့ ငါးကျတော့ကောကွယ်"

"/ငဒန်/လို့ အသံထွက်ပါတယ် ဆရာ"

"ဒီတော့ 'ငါးထွေ' က အသံမပြောင်းဘူး။ 'ငါးတန်' က /ငဒန်/လို့ အသံပြောင်းတယ်ပေါ့"

"ဟုတ်ပါတယ် ဆရာ"

"ဒါထက် သမီးတို့၊ ငါးဖယ်တို့၊ ငါးရံ့တို့ကို ငါးဆုပ်လုပ်ပြီး ကြော်စားဖူးတယ် မဟုတ်လား"

"စားဖူးပါတယ် ဆရာ"

"'ငါးဆုပ်'ကို ဘယ်လိုအသံထွက်သလဲကွယ်"

"/ငဆုတ်/လို့ပဲ အသံထွက်ပါတယ် ဆရာ။ နောက်ကအသံမပြောင်းပါဘူး"

"ငါးရောင်းတဲ့ 'ငါးစိမ်းသည်' ကျတော့ကော"

"/ငဇိန်းသယ်/လို့ အသံထွက်ပါတယ် ဆရာ"

"ဒီတော့ 'ငါးဆုပ်'မှာ 'ဆုပ်'က အသံမပြောင်းပေမယ့် 'ငါးစိမ်း'ကျတော့ 'စိမ်း'က /ဇိန်း/ဆိုပြီး အသံပြောင်းသွားတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ဒီတော့၊ ဆရာတို့ပြန်ကြည့်ရအောင်။ သားတို့၊ သမီးတို့ မြင်လွယ်အောင် ရှေ့ကစကားလုံးကို မပြောင်းဘဲ 'ငါး' ဆိုတဲ့စကားလုံးပဲ ပုံသေထားပြီး ကြည့်တာလေ။ ကဲ 'ငါးကြင်း'က အသံပြောင်းပြီး 'ငါးခူ'က အသံမပြောင်းဘူး။ 'ငါးစိမ်း'က အသံ ပြောင်းပြီး 'ငါးဆုပ်'ကျတော့ အသံမပြောင်းဘူး။ 'ငါးတန်'က အသံပြောင်းပြီး 'ငါးထွေ' က အသံမပြောင်းဘူး။ သြော်....နောက်တစ်ခုဖြည့်ပြောရဦးမယ်။ 'ငါးပတ်' က /ငဗတ်/လို့ အသံပြောင်းပေမယ့် 'ငါးဖယ်'က အသံမပြောင်းဘူး။ ဒီတော့ ဒီသာဓကတွေကိုကြည့်ပြီး ဘယ်လို ဥပဒေသထုတ်လို့ရမလဲ။ သေသေချာချာကြည့်ပြီး ပြောကြည့်ကြစမ်းပါ"

"ကျွန်တော်ပြောကြည့်ပါ့မယ်။ အသံနှစ်သံကို တစ်ဆက်တည်းပြောလို့ ရှေ့ကအသံက အသံတစ်ဝက်ပြောင်းတဲ့ အခြေအနေမှာ နောက်ကအသံက၊ အင်း...ဟုတ်ပြီ။ နောက်ကအသံက က၊ စ၊ တ၊ ပ အသံတွေဖြစ်နေရင် ဂ၊ ဇ၊ ဒ၊ ဗ၊ အသံတွေ ဖြစ်သွားပါတယ် ဆရာ"

"ဟုတ်ပြီ"

"ဒါပေမယ့် နောက်ကအသံတွေက ခ၊ ဆ၊ ထ၊ ဖ ဆိုတဲ့ အသံတွေဖြစ်နေရင်တော့ အသံမပြောင်းပါဘူး ဆရာ"

"သားပြောတာမှန်ပါတယ်။ သမီးရောနားလည်တယ် မဟုတ်လား"

"နားလည်ပါတယ် ဆရာ"

"ခုပြောတဲ့ သာဓကတွေအရ ဒီဥပဒေသကို ထုတ်နိုင်ပါတယ်။ အဲဒီမှာ က၊ ခ၊ တ၊ ယ ဆိုတဲ့ အသံတွေကို သံလျော့လို့ခေါ်တယ်။ ခ၊ ဆ၊ ထ၊ ဖ ဆိုတဲ့အသံတွေကို သံတင်းလို့ခေါ်တယ်။ သံလျော့ကို သိထိလ (unaspirated) လို့ ခေါ်ပြီး သံတင်းကို ဓနိတ (aspirated) လို့ခေါ်တယ်"

> ◻ က၊ ခ၊ တ၊ ယ ဆိုတဲ့ အသံတွေကို သံလျော့လို့ ခေါ်တယ်။ ခ၊ ဆ၊ ထ၊ ဖဆို တဲ့အသံတွေကို သံတင်းလို့ခေါ်တယ်။ သံလျော့ကို သိထိလ (unaspirated) လို့ ခေါ်ပြီး သံတင်းကို ဓနိတ (aspirated) လို့ခေါ်တယ်"
>
> ◻ အသံနှစ်သံတစ်ဆက်တည်းပြောလို့ ရှေ့ကအသံက အသံတစ်ဝက်ကိုပြောင်းတဲ့အခြေအနေမှာ နောက်က အသံက သံတင်းဆိုရင် အသံမပြောင်းဘူး။ သံလျော့ဆိုရင်တော့ သက်ဆိုင်ရာ သံပြင်းကို ပြောင်းတတ်တယ်လို့ပြောရမှာပေါ့ကွယ်။

"ဟုတ်ကဲ့ပါ"

"ဒါတွေ နားရှုပ်မှာစိုးလို့ နောက်ဆုံးမှပြောတာပါ။ နောက်တစ်ခုမှတ်စရာက 'သံလျော့' တွေကို 'ဟ' သံတွဲဆိုရင် သံတင်းဖြစ်တယ်ဆိုတာပဲ။ အရင်ပြောဖူးပါတယ်။ က+ဟ=ခ၊ စ+ဟ=ဆ၊ တ+ဟ=ထ၊ ပ+ဟ=ဖ လို့ မှတ်နိုင်တာပေါ့"

"ဟုတ်ကဲ့ပါ"

"ဒီတော့ ဒီဥပဒေသကို လိုရင်းပြောရင် အသံနှစ်သံတစ်ဆက်တည်းပြောလို့ ရှေ့ကအသံက အသံတစ်ဝက်ကိုပြောင်းတဲ့အခြေအနေမှာ နောက်က အသံက သံတင်းဆိုရင် အသံမပြောင်းဘူး။ သံလျော့ဆိုရင်တော့ သက်ဆိုင်ရာ သံပြင်းကို ပြောင်းတတ်တယ်လို့ပြောရမှာပေါ့ကွယ် "

"ကျေးဇူးတင်ပါတယ် ဆရာ"

## မန္တလေးဈေးချိုမှ လူကူးခုံးကျော်တံတားဖျက်သိမ်းရေးလုပ်ငန်းများ စတင်ဆောင်ရွက်

**မန္တလေး မေ ၂၈**

မန္တလေးဈေးချို ၈၄-လမ်းကို ဖြတ်၍ ၂၇ လမ်းကို ဆက်သွယ်ဖောက်လုပ်ထားသည့် လူကူးခုံးကျော် တံတားအား မေ ၂၈ ရက် ည ၇ နာရီမှစတင်ကာ မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနမှ ဖျက်သိမ်းရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ယာဉ်ကြောပိတ်ဆို့မှုနှင့် အသုံးပြုမှုနည်းပါးခြင်းကြောင့် ဖျက်သိမ်းပေးရန် ဈေးအကျိုးတော်ဆောင်များနှင့် ဈေးသူဈေးသားများက တင်ပြလာသဖြင့် မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ပြီး ဖျက်သိမ်းခြင်းဖြစ်သည်။

"ဖျက်သိမ်းရေးလုပ်တဲ့အခါ ဈေးသူဈေးသားတွေ အလုပ်မပျက်အောင်နဲ့ ဘေးကင်းအောင် အဖိတ်နေ့ညကစပြီး ဈေးပိတ်ရက်မှာ လုပ်ငန်းဆောင်ရွက်တာပါ"ဟု မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနမှ ဌာနမှူး ဦးမျိုးအောင်က ပြောသည်။

ယခင်က ဈေးချိုတော် အသစ်ပြန်လည်တည်ဆောက်ပြီးနောက် ၂၆-လမ်းမှ ၂၈-လမ်းအတွင်း ၈၄-လမ်းပေါ်တွင် အလယ်မှ သံဆန်ခါများတပ်ဆင်ထားပြီး နှစ်လမ်းမောင်းဖြစ်၍ ဈေးချိုလာရောက်သူများအတွက် လမ်းဖြတ်လူကူးတံတားကို တည်ဆောက်ခဲ့ခြင်းဖြစ်ရာ ယနေ့တွင် တစ်လမ်းမောင်းသတ်မှတ်ထားပြီး သံဆန်ခါများမရှိတော့၍ တံတားအသုံးပြုသူနည်းပါးကြောင်း တွေ့ရှိရသည်။

"လမ်းဖြတ်ကူးတံတားကို နှစ်ပိုင်းဖြတ်ပြီး ကရိန်းကားနှစ်စင်းနဲ့ တံတားယိုင်မသွားအောင် ထိန်းပြီးသယ်သွားမယ်။ လက်ရှိနေရာမှာ ယာဉ်ကြောမပိတ်အောင်ပေါ့။ လုပ်ငန်းခွင်လုံခြုံရေးအဓိကထားပြီး ဒီညမှာ လမ်းဖြတ်တံတားကို ပြီးအောင်လုပ်မယ်။ ကျန်တဲ့အပိုင်းကို နောက်ရက်ညပိုင်းတွေမှာ ဆက်လုပ်မယ်"ဟု တံတားဖျက်သိမ်းရေးတာဝန်ခံက ပြောသည်။



ဖျက်သိမ်းရေးလုပ်ဆောင်ရာတွင် Safety လုံခြုံမှုနှင့် ဘေးကင်းရေး အဓိကဖြင့် အများပြည်သူ လုပ်ငန်းဆောင် ရွက်မှု အတတ်နိုင်ဆုံး မထိခိုက်ရန်နှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အချိန်ယူမှု အနည်းဆုံးဖြစ်ရန် လိုအပ်သော စက်ယန္တရားများ အပြင် လူအင်အားသုံးကာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ဆရာ ဆရာမများအား ယာဉ်စည်းကမ်း လမ်းစည်းကမ်း ဆင့်ပွားသင်ကြားပို့ချ

**လှိုင်ကော် မေ ၂၈**

ကယားပြည်နယ် အစိုးရအဖွဲ့၏ ညွှန်ကြားမှု၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် ရက် ၁၀၀ စီမံချက်အရ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာသတ်မှတ်ချက်များနှင့် မော်တော်ယာဉ်ဆိုင်ရာဥပဒေများကို လွိုင်ကော်မြို့ အမှတ် ၁ အခြေခံပညာအထက်တန်းကျောင်းတွင် မေ ၂၃ ရက်က ဆရာ ဆရာမ ၄၆၇ ဦးအား ဆင့်ပွားသင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် အမှတ်(၂)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူး ရဲမှူး သိန်းကိုကို ဦးဆောင်သည့်အဖွဲ့နှင့် ကယားပြည်နယ် ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့်ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ ၂၀၁၅-ခုနှစ် မော်တော်ယာဉ်ဥပဒေ၊ ၁၉၈၉-ခုနှစ် မော်တော်ယာဉ် နည်းဥပဒေ၊ အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်းနည်းစနစ် ငါးမျိုး၊ လိုင်စင်အမျိုးအစားများ၊ ယာဉ်တိုက်မှု မှား/မှန်များနှင့် ပညာပေးဇာတ်လမ်း၊ သီးချင်းများကို ပရိုဂျက်တာဖြင့် သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

"ယာဉ်မတော်တဆဖြစ်စဉ်တွေကြောင့် ပြည်သူတို့ရဲ့ လူမှုရေး၊ စီးပွားရေး ထိခိုက်နိုင်ပြီး ဒဏ်ရာရသေဆုံးမှုတွေကြောင့် ဘဝဆုံးရှုံးနိုင်တယ်။ ယဉ်ကြောပိတ်ဆို့မှုဖြစ်ပွားတာတွေ လျော့နည်းအောင်ရည်ရွယ်ပြီး သင်တန်းတွေပို့ချပေးတာဖြစ်ပါတယ်"ဟု ရဲမှူးသိန်းကိုကိုက ပြောသည်။

သင်တန်းတက်ရောက်သူ ဆရာ ဆရာမများအနေဖြင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ဘာသာရပ်များကို စာသင်ကျောင်းများတွင် ပြန်လည်ပို့ချနိုင်ရန် ဆင့်ပွားသင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အလုပ်သမားရေးရာနှင့် ပြည်ဝင်ဗီဇာကိစ္စရပ်များ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် မေ ၂၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ကမ္ဘာ့ဘဏ်၏ စီးပွားရေးဆိုင်ရာ လက်ထောက်ခေါင်းဆောင် Ms. Wendy Cunningham နှင့်အဖွဲ့အား မေ ၂၆ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ တွေ့ဆုံကာ ဝန်ကြီးဌာန၏ လုပ်ငန်းများအား ကမ္ဘာ့ဘဏ်က ကူညီဆောင်ရွက်ပေးနေမှု၊ လုပ်သားစွမ်းရည်မြင့်မားရေး အတွက် ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများအား ဆွေးနွေးခဲ့ကြသည်။

အလားတူ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် အမေရိကန် သံအမတ်ကြီး မစ္စတာ စကော့ အလန်မာရှယ်နှင့်အဖွဲ့အား တွေ့ဆုံ၍ ပြည်ဝင်ဗီဇာ လွယ်ကူစေရေးအတွက် ဖြေလျော့ ဆောင်ရွက်မှုအခြေအနေ၊ နိုင်ငံသားစိစစ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်နှင့် အလုပ်သမားရေးရာဆိုင်ရာအတွေ့အကြုံများ မျှဝေပေးနိုင်ရေးအခြေအနေတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် အမြဲတမ်းအတွင်းဝန်များဖြစ်ကြသည့် ဦးမျိုးအောင်နှင့် ဦးမြင့်ကြိုင်၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# ခေါင်လန်ဖူးမြို့နယ် ထောက်ပံ့ဆန်အိတ်များ ထပ်မံရောက်ရှိ

**ပူတာအို မေ ၂၈**

ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ်တွင် မိုးတွင်းကာလ ဆန်ပြတ်လပ်မှုမဖြစ်ပွားစေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ထောက်ပံ့ဆန်အိတ်များကို တပ်မတော် Y8 D2 လေယာဉ်ဖြင့် ပို့ဆောင်ပေးလျက်ရှိရာ မေ ၂၇ ရက်တွင် ၂၈၀ အိတ်၊ မေ ၂၈ ရက်တွင် အိတ် ၅၆၀ စုစုပေါင်းဆန်အိတ် ၈၄၀ ပူတာအိုသို့ ရောက်ရှိလာပြီး ယင်းဆန်အိတ်များ ဒေသခံပြည်သူများထံသို့ အချိန်မီဆက်လက်ပို့ဆောင်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# ကောက်ရ ရွှေလက်ကောက်အား ပိုင်ရှင်ထံပြန်လည်ပေးအပ်

**နေပြည်တော် မေ ၂၈**

ရန်ကုန်ဘူတာကြီး၌ မေ ၂၆ ရက် နံနက် ၆ နာရီခွဲခန့်က အမှတ်-၈၉ အဆန် ရန်ကုန်-မော်လမြိုင်ရထားဖြင့် စီးနင်းလိုက်ပါမည့် မော်လမြိုင်မြို့ ရွှေပြည်အေး ရပ်ကွက်နေ ဒေါ်လှထွေး (၄၂ နှစ်) သည် ရထားရဲတပ်ဖွဲ့စခန်းသို့ ရောက်ရှိလာပြီး ၎င်းဝတ်ဆင်ထားသည့် အလေးချိန် တစ်ကျပ်သားရှိ ရွှေလက်ကောက် တစ်ကွင်း ပျောက်ဆုံးသွား၍ ကူညီရှာဖွေပေးရန် အကူအညီ တောင်းခံခဲ့သည်။

သို့ဖြစ်၍ ရထားရဲစခန်းမှ တပ်ဖွဲ့ဝင်များက ရန်ကုန်ဘူတာကြီးအတွင်း လိုက်လံစုံစမ်းရှာဖွေခဲ့ရာ ခရီးသည် ကြိုရန် လာရောက်စောင့်ဆိုင်းနေသည့် ဒဂုံမြို့သစ် မြောက်ပိုင်း (၃၄)ရပ်ကွက်နေ ဦးဇော်ရှောင်က အဆိုပါ လက်ကောက်ကို ကောက်ရထားပြီး ပိုင်ရှင်ကို လိုက်လံစုံစမ်းနေကြောင်း သိရသဖြင့် ဦးဇော်ရှောင်နှင့်အတူ စိစစ်ကာ ဒေါ်လှထွေးထံ ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

**ကိုရဲ**



# ဖြူးမြို့ပေါ်ရပ်ကွက်များတွင် ရေစီးရေလာကောင်းရေး ရေနုတ်မြောင်းများတူးဖော်

**ဖြူး မေ ၂၈**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့ပေါ် (၁၁)ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ရက် ၁၀၀ စီမံချက်ဖြင့် မြို့ပေါ်ရပ်ကွက် (၁၁)ရပ်ကွက်အတွင်း ရေကြီးရေလျှံမှု မဖြစ်ပွားစေရေးတို့အတွက် မေလတတိယပတ်မှစတင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အုပ်ချုပ်ရေးမှူး ဦးအောင်ခိုင်နှင့် အင်ဂျင်နီယာမှူး ဦးမြင့်ဦး တို့၏ ဦးဆောင်မှုဖြင့် မြို့ပေါ်ရပ်ကွက်များမှ ရေနုတ်မြောင်းများအား တူးဖော်ပေးလျက်ရှိသည်။ မိုးတွင်းကာလ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ချောမွေ့ရေး နှင့် ရေစီးရေလာကောင်းမွန်ရေးတို့အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စဉ်ဆက်မပြတ် လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

# မြန်မာ့ကင်းထောက် နှစ် ၁၀၀ ပြည့် အခမ်းအနားကျင်းပရန် စီစဉ်လျက်ရှိ

**ရန်ကုန် မေ ၂၈**

မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်၏ မြန်မာ့ကင်းထောက် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံကင်းထောက်အမျိုးသား အမျိုးသမီးများ၏ လှုပ်ရှားမှုများနှင့်အတူ အာရှပစိဖိတ်နှင့် ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်တို့မှ ကိုယ်စားလှယ်များပါဝင်ဆင်နွှဲရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အခမ်းအနားနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံ အမျိုးသား ကင်းထောက်ချုပ် မြန်မာနိုင်ငံကင်းထောက်ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာတင်ညိုက "မြန်မာနိုင်ငံ၏ ကင်းထောက်လှုပ်ရှားမှုများသည် ၁၉၁၆ ခုနှစ် နိုဝင်ဘာလအတွင်းကပင် ခိုင်ခိုင်မာမာဖွဲ့စည်းလှုပ်ရှားမှုများစတင်ခဲ့ကြောင်း၊ ထိုစဉ်က ထုတ်ဝေခဲ့သည့် သူရိယသတင်းစာပါ သမိုင်းအထောက်များအရ မြန်မာ့ကင်းထောက်အဖွဲ့သည် လာမည့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် နှစ်(၁၀၀)ပြည့်မည်ဖြစ်၍ သမိုင်းဝင် ရာပြည့်အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ အမှတ်တရ ကျင်းပရန် ရည်ရွယ်ပါကြောင်း၊ အခမ်းအနားသို့ အာရှပစိဖိတ် ကင်းထောက်အဖွဲ့ချုပ်နှင့် ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်ကိုယ်စားလှယ်များ ဂုဏ်ပြုတက်ရောက်ရန် ကမ်းလှမ်းလာပါကြောင်း၊ အခမ်းအနားကျင်းပမည့် ကာလအတွင်းတွင် မြန်မာနိုင်ငံအား ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုမည့် အကြောင်းကြားချက်ကိုလည်း လက်ခံရရှိရန် အလားအလာကောင်းများရရှိထားပြီ ဖြစ်ပါကြောင်းပြောကြားသည်။

မြန်မာ့ကင်းထောက် နှစ်(၁၀၀)ပြည့် အခမ်းအနားကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည်ဖြစ်ရာကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ၁၅ ရပ်တို့အား ဖွဲ့စည်းထားပြီး ကင်းထောက်ကြီးများ၊ ကင်းထောက် မောင်မယ်များ ချီတက်သရုပ်ပြပွဲများ၊ စွမ်းရည်သရုပ်ပြပွဲများ၊ ဗဟိုနှင့် တိုင်းဒေသကြီး/ပြည်နယ် ကိုယ်စားပြု ရာပြည့်အထိမ်းအမှတ် ကင်းထောက်ပြခန်းများ၊ ဟောပြောပွဲများ၊ အမှတ်တရ ဂုဏ်ပြုပွဲများ၊ ပြည်ထောင်စုတိုင်းရင်းသား ကင်းထောက်လူငယ်များ၏ ဖျော်ဖြေ တင်ဆက်မှုများနှင့် ဂုဏ်ပြုညစာစားပွဲတို့ကိုကျင်းပရန်နှင့် ရာပြည့်အထိမ်းအမှတ် လိုဂို၊ စာတမ်း၊ သီချင်းနှင့် ရာပြည့်အထိမ်းအမှတ် မဂ္ဂဇင်းတို့ကို ထုတ်ဝေသွားမည် ဖြစ်သည်။

မြန်မာ့ကင်းထောက် ရာပြည့် အခမ်းအနားပြပွဲများအတွက် အမှတ်တရ ကင်းထောက်အသုံးအဆောင်ပစ္စည်းများ ပြသလှူဒါန်းလိုသူများ၊ စာမူများပေးပို့လိုသူများနှင့် အကြံဉာဏ်များ ပေးအပ်လိုပါက အမှတ် ၂၄၀/စီ၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်ရုံး ဖုန်း- ၀၉-၂၆၃၃၁၀၉၀၆သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

**ကိုလတ် (သတင်းစဉ်)**

❖ ***ရှေ့ဖုံးမှ***

ယင်းမှာ မကြာသေးမီက ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းခိုင်က ပတ်ခ်ရှိုင်ရယ်ဟိုတယ်၌ ကျင်းပသော မြန်မာ-အိန္ဒိယ ကုန်သွယ်မှု မြှင့်တင်ရေး ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၌ နှစ်နှစ်တာကာလအတွင်း ကျပ်သိန်း ၁၀၀ တန် တန်ဖိုးနည်းအိမ်ရာအလုံးပေါင်း ၈၀၀၀ ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း ပြောဆိုခဲ့ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။

လက်ရှိဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း -အသင်းဝင်ပေါင်း ၂၀၀၀ ကျော်ရှိရာ ရန်ကုန်မြို့သာမက အခြားမြို့ကြီးငါးမြို့တွင်လည်း အသင်းခွဲရုံးများ ဖွင့်လှစ်ထားပြီဖြစ်ရာ တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ရေးစီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း သိရသည်။

# ကိုးကန့်ဒေသ လောက်ကိုင်၌ မြန်မာ့စီးပွားရေးဘဏ် ရုံးသစ်ဖွင့်

**လောက်ကိုင် မေ ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင်၊ မြန်မာ့စီးပွားရေးဘဏ် ရုံးသစ်အဆောက်အအုံသစ်ဖွင့်ပွဲကို မေလပထမပတ်က လောက်ကိုင်မြို့ ရပ်ကွက် (၃) ရှိ မြန်မာ့စီးပွားရေးဘဏ်ရုံးသစ်အဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနား၌ မြန်မာ့စီးပွားရေးဘဏ် ရုံးသစ်အဆောက်အအုံကို ပြည်နယ်ဘဏ် ဒုတိယထွေထွေမန်နေဂျာ ဦးခွန်ဆန်းမြင့်၊ ဒေသဦးစီးအဖွဲ့ အလုပ်အမှုဆောင်ကော်မတီဝင် ဦးခင်မောင်လွင်နှင့် ဒေသဦးစီးအဖွဲ့ဝင် ဦးလျှူအားပေါင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ယခုကဲ့သို့ မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံအသစ်ဖွင့်လှစ်ပေးသည့်အတွက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနေ ပြည်သူများနှင့် လာရောက်တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက်ပါ ငွေကြေးဆိုင်ရာ လုပ်ငန်းဆောင်တာများအတွက် အဆင်ပြေကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ကသာ-ဗန်းမော်သွားကားလမ်းဘေးရှိ သစ်ပင်သစ်တောများ အလွန်အကျွံ တိုးချဲ့ခုတ်ယူနေခြင်းသည် အနီးရှိကျေးရွာများကို ထိခိုက်လာစေနိုင်

**ကသာ မေ ၂၈**

ကသာ-ဗန်းမော်သွားကားလမ်းဘေးရှိ သစ်ပင်သစ်တောများတွင် အခင်းလုပ်တောင်သူများ အလွန်အကျွံတိုးချဲ့၍ အရိပ်ရသစ်ပင်များ ဝါးရုံပင်များခုတ်ယူခြင်း များပြားလာသဖြင့် တောများပျက်စီးမှုများလာခြင်းကြောင့် ရာသီဥတုပူပြင်းလာသဖြင့်အနီးရှိ ကျေးရွာနေသူများ ကျန်းမာရေးထိခိုက်လာနိုင်ကြောင်း ဒေသခံများ ပြောကြားခဲ့သည်။

ကသာမြို့နယ်မှ ကချင်ပြည်နယ် နယ်နိမိတ်ဆက်စပ်နေရာထိ လမ်းဘေးမြေကွက်ဖော်ရန်အတွက် အလွန်ထူထပ်သော ဝါးတောများ၊ သစ်ပင်များကို ခုတ်လှဲ၍ မီးရှို့ဖျက်ဆီးထားရှိမှု၊ မြေသားညီညာစွာဖြစ်ပေါ်စေရန် စက်ယန္တရားများဖြင့် ကွင်းပြင်ရှင်းလင်းထားရှိမှုတို့မှာ ကသာမှ ချောင်းဝထိ လမ်းမိုင် ၆၃ မိုင် လမ်းဘေးဝဲယာတောများ ပြောင်အောင်ခုတ်လှဲထားကြောင်း တွေ့ရသည်။ သက်ဆိုင်ရာက တားမြစ် စစ်ဆေးထိန်းသိမ်းပေးရန် ဒေသခံများ လိုလားလျက်ရှိကြောင်း သိရသည်။

**ငွေအိုး (ကသာ)**



# ၂၀၁၇ ခုနှစ်၊ အာဆီယံပညာသင်ဆုပဏာမအဆင့် ရေးဖြေစာမေးပွဲအောင်မြင်သူများစာရင်း

၁၀-၅-၂၀၁၆ ရက်နေ့က တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျင်းပခဲ့သော ၂၀၁၇ ခုနှစ်၊ အာဆီယံ ပညာသင်ဆု ပဏာမအဆင့် ရေးဖြေစာမေးပွဲတွင် အောက်ပါကျောင်းသား၊ ကျောင်းသူများ ဖြေဆိုအောင်မြင်ခဲ့ပါသည်-

| စဉ် | ခုံအမှတ် | အမည် | အဘအမည် | ကျောင်းအမည် | မြို့နယ် | တိုင်းဒေသကြီး/ပြည်နယ် |
|---|---|---|---|---|---|---|
| ၁ | ကယ-၁ | မောင်ပြည့်ဖြိုး | ဦးစိန်ညွန့် | အထက(၁) | လွိုင်ကော် | ကယား |
| ၂ | ကယ-၅ | မကျော့ကေခိုင် | ဦးသိန်းလွင် | သူရိန်နန်း(ကပက) | လွိုင်ကော် | ကယား |
| ၃ | ကရ-၂၁ | မောင်မင်းခန့်သူ | ဦးစိုးသက် | အထက(၁)မြဝတီ | မြဝတီ | ကရင် |
| ၄ | စက-၆ | မောင်အောင်ခန့်ကျော် | ဦးသီဟထွန်း | အထက(၂)မုံရွာ | မုံရွာ | စစ်ကိုင်းတိုင်း |
| ၅ | စက-၁၂ | မောင်အာကာမိုးသူ | ဦးမြင့်ဆွေ | မိုးဦးပန်း(ကပက) | မုံရွာ | စစ်ကိုင်းတိုင်း |
| ၆ | စက-၃၂ | မမေသဇင်ထွန်း | ဦးစောထွန်း | SEC(ကပက) | မုံရွာ | စစ်ကိုင်းတိုင်း |
| ၇ | တန-၂၂ | မောင်ကောင်း ဆက်ဟိဏ်း | ဦးထွန်းဝင်း | အထက(၂)မြိတ် | မြိတ် | တနင်္သာရီ |
| ၈ | ပခ(န)- ၁၅ | မသက်ဆုနန္ဒာ | ဦးခင်မောင်မြင့် | အထက-သဲကုန်း | သဲကုန်း | ပဲခူး (အနောက်) |
| ၉ | ပခ(န)- ၁၉ | မောင်သျှင်းခန့် | ဦးသိန်းဝင်း | အထက(၁)ပြည် | ပြည် | ပဲခူး (အနောက်) |
| ၁၀ | ပခ(န)- ၂၀ | မောင်သက်ဦးအောင် | ဦးလှမြင့် | အထက(၁)ပြည် | ပြည် | ပဲခူး (အနောက်) |
| ၁၁ | ပခ(ရ)-၁၃ | မောင်ကျော်ဇေယျာဦး | ဦးကျော်ရွှေဦး | အထက(၃)ပဲခူး | ပဲခူး | ပဲခူး(အရှေ့) |
| ၁၂ | ပခ(ရ)-၂၆ | မအေးမြတ်နိုးအောင် | ဦးခင်မောင်လွင် | အထက(၁)ပဲခူး | ပဲခူး | ပဲခူး(အရှေ့) |
| ၁၃ | ပခ(ရ)-၃၁ | မဇင်သူဇာထွန်း | ဦးအောင်ငွေထွန်း | အထက(၃)ပဲခူး | ပဲခူး | ပဲခူး(အရှေ့) |
| ၁၄ | ပခ(ရ)-၃၇ | မခိုင်ဇာသွယ် | ဦးနိုင်နိုင် | အထက(၃)ပဲခူး | ပဲခူး | ပဲခူး(အရှေ့) |
| ၁၅ | ပခ(ရ)-၃၈ | မကေသွယ်နှင်း | ဦးလှမြင့်ဒွေး | အထက(၃)ပဲခူး | ပဲခူး | ပဲခူး(အရှေ့) |
| ၁၆ | ပခ(ရ)-၄၃ | မောင်ဟိန်းအောင်ဇော် | ဦးအောင်မိုး | အထက(၁) | ညောင်လေးပင် | ပဲခူး(အရှေ့) |
| ၁၇ | ပခ(ရ)-၅၇ | မထက်ထက် | ဦးကျော်ဇေယျ | ငြိမ်းချမ်းရေး (ကပက) | တောင်ငူ | ပဲခူး(အရှေ့) |
| ၁၈ | မက- ၂၆ | မောင်ကောင်း ခန့်ကျော် | ဦးကျော် ကျော်အေး | အထက(၂) | မင်းဘူး | မကွေး |
| ၁၉ | မက- ၄၃ | မမေဖူးခင် | ဦးမြင့်စိုး | အထက- ဆင်ဖြူကျွန်း | စလင်း | မကွေး |
| ၂၀ | မက- ၇၄ | မောင်သူခန့်ညီ | ဦးညီညီနိုင် | အထက(၁) | မကွေး | မကွေး |
| ၂၁ | မက- ၇၅ | မယွန်းပြည့်အိမ် | ဦးဝင်းမျိုးအောင် | အထက(၁) | မကွေး | မကွေး |
| ၂၂ | မက- ၇၈ | မောင်ကျော်နန္ဒလင်း | ဦးမျိုးမြင့် | MEC (ကပက) | မကွေး | မကွေး |
| ၂၃ | မတလ-၁၈ | မောင်ဟိန်းသန့်ကိုကို | ဦးချစ်ကိုကို | အထက(၁၆) | ချမ်းအေးသာစံ | မန္တလေး |
| ၂၄ | မတလ-၂၀ | မောင်ထက်ဝေယံ | ဦးမြင့်နိုင် | အထက- ကျပ်ပြင် | မိုးကုတ် | မန္တလေး |
| ၂၅ | မတလ-၇၁ | မောင်မင်းဘုန်းခန့် | ဦးလမင်းသက် | အထက ဖောင်တော်ဦး | အောင်မြေသာစံ | မန္တလေး |
| ၂၆ | မတလ-၁၀၅ | မောင်မျိုးအောင်ဦး | ဦးအောင်တိုး | အထက(၇) | ချမ်းမြသာစည် | မန္တလေး |
| ၂၇ | မတလ-၁၂၇ | မထက်ထက် ရတနာစိုး | ဦးစိုးမြင့် | အထက(၁၆) | ချမ်းအေးသာစံ | မန္တလေး |
| ၂၈ | မတလ-၁၄၉ | မနန်းစမ်းဟွမ်ဟွမ် | ဦးကံညွန့် | အလက(၇) | ချမ်းအေးသာစံ | မန္တလေး |
| ၂၉ | မတလ-၁၈၁ | မဂျက်စမင်ဆွေ | ဦးခင်မောင်ဆွေ | အထက-၁ | မိတ္ထီလာ | မန္တလေး |
| ၃၀ | မ - ၆ | မသင်းညိုညိုစိမ့် | ဦးဝင်းဇော် | အထက(၉) | မော်လမြိုင် | မွန် |
| ၃၁ | မ - ၂၅ | မောင်ဟိန်းအုပ်စိုး | ဦးဇော်ဝင်း | အထက(ခွဲ) အလက(၄) | မော်လမြိုင် | မွန် |
| ၃၂ | မ - ၃၀ | မောင်ဘုန်း ကျော်အောင် | ဦးကျော်သူရ | အထက(၁) သံဖြူဇရပ် | သံဖြူဇရပ် | မွန် |
| ၃၃ | ရက-၂ | မသင်းရတီဆု | ဦးမြတ်သူနိုင် | ALBA | ဒဂုံ | ရန်ကုန် |
| ၃၄ | ရက-၁၂ | မောင်မင်းခန့်ဘို | ဦးဘိုအောင် | ပညာနန်းတော် (ကပက) | သင်္ဃန်းကျွန်း | ရန်ကုန် |
| ၃၅ | ရက-၁၄ | မဆုချမ်းမြေ့စံ | ဦးထွန်းထွန်းနိုင် | အထက(၂) | အင်းစိန် | ရန်ကုန် |
| ၃၆ | ရက-၂၉ | မောင်ဥက္ကာအောင် | ဦးအောင်အောင် | အထက(၁) | သင်္ဃန်းကျွန်း | ရန်ကုန် |
| ၃၇ | ရက-၄၁ | မောင်ကောင်းခန့်ကို | ဦးအောင်နိုင်သူ | TTC | ကမာရွတ် | ရန်ကုန် |
| ၃၈ | ရက-၅၉ | မချိုးဆင့်ဆွေ | ဦးမြတ်ဆွေ | အထက(၂) | ဒဂုံ | ရန်ကုန် |
| ၃၉ | ရက-၈၂ | မောင်တိုးတက်ပြည့်စုံ | ဦးအေးသန်း | အထက(၄) | ကမာရွတ် | ရန်ကုန် |
| ၄၀ | ရက-၁၀၄ | မစုမြတ်ဦး | ဦးဆန်းဦး | အထက(၁) | ဒဂုံ | ရန်ကုန် |
| ၄၁ | ရက-၁၁၄ | မောင်ကောင်းသန့်စိုး | ဦးစိုးထွေး | အထက(၁) | ဒဂုံ | ရန်ကုန် |
| ၄၂ | ရက-၁၁၅ | မပွင့်သီရိကို | ဦးလင်းအောင်သန့် | Horizon | သာကေတ | ရန်ကုန် |
| ၄၃ | ရက-၁၁၇ | မောင်ညီညီအောင် | ဦးဇော်ဝင်း | အထက(၁) | သင်္ဃန်းကျွန်း | ရန်ကုန် |
| ၄၄ | ရက-၁၂၀ | မဆုလာဘ်ထူး | ဦးဘထူး | အထက(၁) | ဒဂုံ | ရန်ကုန် |
| ၄၅ | ရက-၁၃၇ | မောင်စိုင်းကျော်ဇင် | ဦးစိုင်းစိုင်းဇင် | CISM | မရမ်းကုန်း | ရန်ကုန် |
| ၄၆ | ရက-၁၅၆ | မောင်ဟိန်းခန့်ဝင်း | ဦးကျော်စိုးဝင်း | အထက(၁) | သင်္ဃန်းကျွန်း | ရန်ကုန် |
| ၄၇ | ရက-၁၉၆ | မခင်ညိုညိုသိမ့် | ဦးကျော်မျိုးနိုင် | အထက(၂) | အင်းစိန် | ရန်ကုန် |
| ၄၈ | ရက-၁၉၉ | မောင်ကောင်း စည်သူဟန် | ဦးကျော်သူ | MLA | ဗဟန်း | ရန်ကုန် |
| ၄၉ | ရက-၂၀၇ | မယွန်းနဒီ | ဦးရန်နောင်စိုး | TTC | ကမာရွတ် | ရန်ကုန် |
| ၅၀ | ရက-၂၂၅ | မအိကြည်ဖြူခင် | ဦးခင်မောင်ကြည် | ရွှေပင်ရွှေသီး | သင်္ဃန်းကျွန်း | ရန်ကုန် |
| ၅၁ | ရက-၂၄၉ | မကြည်ခိုင်ခိုင်ကျော် | ဦးသန်းဝင်းဦး | အထက(၂) | လသာ | ရန်ကုန် |
| ၅၂ | ရက-၂၆၄ | မောင်နေလင်း | ဦးဇင်မင်းသန့် | MLA | ဗဟန်း | ရန်ကုန် |
| ၅၃ | ရက-၂၇၄ | မောင်မြင့်မြတ်အောင် | ဦးမြတ်နိုးအောင် | အထက(၂) | ဗဟန်း | ရန်ကုန် |
| ၅၄ | ရက-၂၉၇ | မယွန်းရွှေဖြူ | ဦးမင်းစိုးထွင် | အထက(၂) | စမ်းချောင်း | ရန်ကုန် |
| ၅၅ | ရက-၃၀၂ | မောင်စိုးဝေနောင် | ဦးလွဏ်းဝေ | အထက(၂) | ဗဟန်း | ရန်ကုန် |
| ၅၆ | ရက-၃၂၄ | မောင်ခန့်ဝင်းအောင် | ဦးသန်းရွှေ | အထက(၂) | လှိုင် | ရန်ကုန် |
| ၅၇ | ရက-၃၄၄ | မောင်ထွင့်အောင်ခန့် | ဦးမင်းထွင့်အောင် | TTC | ကမာရွတ် | ရန်ကုန် |
| ၅၈ | ရက-၃၅၉ | မောင်သိုက်ထွန်းဇော် | ဦးဉာဏ်ထွန်း | အထက(၅) | ကမာရွတ် | ရန်ကုန် |
| ၅၉ | ရက-၃၉၆ | မသန္တာထွန်း | ဦးသိန်းဝင်း | အထက(၂) | ဗဟန်း | ရန်ကုန် |
| ၆၀ | ရက-၄၀၉ | မအိမ့်သက်ဆု | ဦးခင်မောင်သိန်း | အထက(၁) | ပန်းဘဲတန်း | ရန်ကုန် |
| ၆၁ | ရက-၄၄၀ | မခင်ချမ်းမြေ့ငြိမ်း | ဦးကျော်စွာငြိမ်း | မဟာမြကျွန်းသာ (ကပက) | မရမ်းကုန်း | ရန်ကုန် |
| ၆၂ | ရက-၄၄၄ | မောင်ရဲဂေါင်ဆွေ | ဦးမျိုးလှိုင် | ဂုဏ်ထူး ဦးသိန်းနိုင် | သင်္ဃန်းကျွန်း | ရန်ကုန် |
| ၆၃ | ရက-၄၅၄ | မခင်ကြည်ဖြူအောင် | ဦးဝင်းထိန် | အထက(၄) | အလုံ | ရန်ကုန် |
| ၆၄ | ရက-၄၆၄ | မချောဆုသင်း | ဦးရဲမင်းသန်း | အထက(၂) | မင်္ဂလာဒုံ | ရန်ကုန် |
| ၆၅ | ရက-၄၆၅ | မောင်သန့်စင်ကို | ဦးသိန်းကိုကို | အထက(၂) | မင်္ဂလာဒုံ | ရန်ကုန် |
| ၆၆ | ရက-၄၇၁ | မောင်ဖွဲ့ဉာဏ်တိုး | ဦးလှတိုး | ILBC | တာမွေ | ရန်ကုန် |
| ၆၇ | ရက-၄၇၃ | မညိမ်းစုစန္ဒီ | ဦးဝင်းမြင့် | ဇင်ယော် | ကမာရွတ် | ရန်ကုန် |
| ၆၈ | ရက-၄၉၆ | မောင်ကောင်းအုပ်စိုး | ဦးလေးနိုင် | အထက(၂) | မင်္ဂလာဒုံ | ရန်ကုန် |
| ၆၉ | ရက-၅၀၇ | မောင်သီဟကျော်စွာ | ဦးသန်းဇော် | အထက(၁) | ရန်ကင်း | ရန်ကုန် |
| ၇၀ | ရက-၅၀၉ | မလင်းထက်မာလာ | ဦးစိုးအောင် | အထက(၁) | ဒဂုံ | ရန်ကုန် |
| ၇၁ | ရက-၅၁၁ | မယွန်းဆုလင်း | ဦးလှမိုး | အထက(၁) | ဒဂုံ | ရန်ကုန် |
| ၇၂ | ရက-၅၁၃ | မောင်ဉာဏ်လင်းထက် | ဦးအောင်ကျော်စိုး | အလက(၁) | ဒဂုံ | ရန်ကုန် |
| ၇၃ | ရက-၅၁၈ | မမေစံပယ်ဝင်း | ဦးစိုးနိုင်ဝင်း | ILBC | တာမွေ | ရန်ကုန် |
| ၇၄ | ရက-၅၂၃ | မောင်ဖွဲ့ထက် | ဦးမျိုးဟိန်း | အထက(၂) | အင်းစိန် | ရန်ကုန် |
| ၇၅ | ရက-၅၃၅ | မောင်အောင်ဖုန်းပြည့် | ဦးအောင်စိုးထွေး | အထက(၁) | မြောက်ဥက္ကလာ | ရန်ကုန် |
| ၇၆ | ရက-၅၃၈ | မောင်အောင်ခန့်မင်း | ဦးကျော်ဝင်း | အထက(၁) | ဒဂုံ | ရန်ကုန် |
| ၇၇ | ရက-၅၆၈ | မောင်ပြည့်စုံခန့် | ဦးခင်မောင်ဒွေး | အထက(၁) | သုံးခွ | ရန်ကုန် |
| ၇၈ | ရက-၅၈၂ | မလမင်းအိမ် | ဦးမင်းဆွေ | အထက(၄) | သင်္ဃန်းကျွန်း | ရန်ကုန် |
| ၇၉ | ရက-၅၉၇ | မောင်ကောင်းညီသွေး | ဦးတင်အောင်သန်း | အထက(၄) | အလုံ | ရန်ကုန် |
| ၈၀ | ရက-၅၉၉ | မောင်ဝင်းကျော်အောင် | ဦးသိန်းထိုက် | အထက(၃) | တာမွေ | ရန်ကုန် |
| ၈၁ | ရက-၆၁၂ | မခင်နီနီလွင် | ဦးချင်းချောင်း | အထက(၁) | ဒဂုံ | ရန်ကုန် |
| ၈၂ | ရက-၆၁၅ | မောင်အောင်မျိုးထွန်း | ဦးအေးသန်း | အထက(၂) | မင်္ဂလာဒုံ | ရန်ကုန် |
| ၈၃ | ရက-၆၄၄ | မခင်ကြည်ကြည်ဇော် | ဦးမြင့်သိန်းထွန်း | အလက(၄) | ရန်ကင်း | ရန်ကုန် |
| ၈၄ | ရက-၆၆၆ | မောင်အောင်ချစ်မင်း | ဦးဘစိန် | အထက(၁) | ရွှေပြည်သာ | ရန်ကုန် |
| ၈၅ | ရက-၆၉၂ | မချမ်းမြေ့လွင် | ဦးသန်းဝင်း | အထက(၄) | ကမာရွတ် | ရန်ကုန် |
| ၈၆ | ရက-၇၈၅ | မမေသူသိမ့် | ဦးတင်မောင်လတ် | ထိပ်တန်း (ကပက) | မင်္ဂလာတောင်ညွန့် | ရန်ကုန် |
| ၈၇ | ရက-၇၉၇ | မောင်ကြည်ခိုင်ခန့်စိုး | ဦးကြည်စိုး | အထက(၂) | မင်္ဂလာဒုံ | ရန်ကုန် |
| ၈၈ | ရက-၈၂၄ | မစောကေခိုင်ဦး | ဦးလှဖေ | ကောင်းစုံ | ဒဂုံ | ရန်ကုန် |
| ၈၉ | ရက-၈၈၆ | မတင့်ကြည်ကြည်လှိုင် | ဦးဒွေးလှိုင် | အထက(၁) | ဒဂုံ | ရန်ကုန် |
| ၉၀ | ရ(တ)-၉ | မောင်အောင်ခန့်ဦး | ဦးထွန်းလင်း | အထက-၁ | တောင်ကြီး | ရှမ်း(တောင်) |
| ၉၁ | ရ(တ)-၁၇ | စိုင်းသက်ထွင့်လင်း | ဦးမိုးထွန်း | အထက-၄ | တောင်ကြီး | ရှမ်း(တောင်) |
| ၉၂ | ရ(တ)-၂၄ | မရွှန်းလဲ့ဝတီ | ဦးဝင်းမြတ်အောင် | အထက-၄ | တောင်ကြီး | ရှမ်း(တောင်) |
| ၉၃ | ရ(တ)-၂၅ | မကြည်ချမ်းငြိမ်း | ဦးနေထွန်း | အထက-၄ | တောင်ကြီး | ရှမ်း(တောင်) |
| ၉၄ | ရ(တ)-၂၈ | ခွန်ခန့်ထက် | ဦးမျိုးသိန်း | အထက-၁၀ | တောင်ကြီး | ရှမ်း(တောင်) |
| ၉၅ | ဧရာ-၇ | မစုဇွန်ဇော် | ဦးဇော်အောင် | အထက(၆) | ပုသိမ် | ဧရာဝတီ |
| ၉၆ | ဧရာ-၃၀ | မသင်းရတီမွန် | ဦးရဲဝင်းအောင် | မဟာ(ကပက) | မြောင်းမြ | ဧရာဝတီ |
| ၉၇ | ဧရာ-၃၃ | မသည်းအိမ်စည် | ဦးကျော်သွင်မိုး | အထက(၁) လပွတ္တာ | လပွတ္တာ | ဧရာဝတီ |
| ၉၈ | နပတ-၃ | မသီရိဆင့် | ဦးလင်းဇော်ထွန်း | အထက(၁) | ဇေယျာသီရိ | နေပြည်တော် |

- အာဆီယံပညာသင်ဆု ပဏာမရေးဖြေအောင်မြင်သူများသည် ၁-၆-၂၀၁၆ မှ ၃-၆-၂၀၁၆ ရက်နေ့အတွင်း မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ အမှတ်(၄၂၆)၊ ပြည်လမ်း ကမာရွတ်သို့ ကိုယ်တိုင်လာရောက်၍ အာဆီယံပညာသင်ဆုလျှောက်လွှာပုံစံများကို ဖြည့်သွင်းရမည် ဖြစ်ပါသည်။
- လျှောက်လွှာဖြည့်သွင်းရန် လာရောက်သည့်အချိန်တွင် အောက်ပါလိုအပ်သော အထောက်အထားများ ယူဆောင်လာရပါမည်-
  - (၁) မွေးစာရင်း မူရင်း၊ မိတ္တူနှင့် အင်္ဂလိပ်ဘာသာပြန် မူရင်း (နိုတြီ)
  - (၂) မှတ်ပုံတင် မူရင်း၊ မိတ္တူနှင့် အင်္ဂလိပ်ဘာသာပြန် မူရင်း (နိုတြီ)
  - (၃) လွန်ခဲ့သော စာသင်နှစ် (၂)နှစ်က၊ အောင်မြင်ခဲ့သော ဘာသာရပ်အလိုက် အမှတ်စာရင်း (CPR) မူရင်း၊ မိတ္တူနှင့် အင်္ဂလိပ်ဘာသာပြန်မူရင်း(နိုတြီ) (ကျောင်းတံဆိပ်၊ ကျောင်းအုပ်ကြီးတံဆိပ် အပြည့်အစုံပါရှိရန်)
  - (၄) မိဘ/အုပ်ထိန်းသူ၊ မောင်နှမများနှင့် ပတ်သက်သော ကိုယ်ရေးအကြောင်းအရာများ (အမည်၊မွေးသက္ကရာဇ်၊ မှတ်ပုံတင်နံပါတ်၊ အလုပ်အကိုင်၊ ကျောင်း )
- လျှောက်လွှာဖြည့်သွင်းသူသည် (35 mm x 45 mm)ရှိ လိုင်စင်ဓာတ်ပုံ(၂)ပုံ ယူဆောင်လာရမည်။
- လျှောက်လွှာဖြည့်သွင်းသူသည် မိဘ/အုပ်ထိန်းသူ (၁)ဦးနှင့် အတူလာရောက်ရမည်။

(ပညာရေး)

ကမ္ဘာ့အစာအိမ်နှင့် အူလမ်းကြောင်းနေ့

# လူတိုင်းသက်တမ်းစေ့နေနိုင်ရေး ကျန်းမာရေးအသိဆောင်ကြဉ်းပေး

**ဒေါက်တာသိန်းမြင့်**




နှစ်စဉ်နှစ်တိုင်း မေလ ၂၉ ရက်ကို ကမ္ဘာ့အစာအိမ်နှင့် အူလမ်းကြောင်းနေ့အဖြစ် သတ်မှတ်ပြီး World Gastroenterology Organization (WGO) နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှပူးပေါင်းပြီး ကျင်းပလေ့ရှိပါတယ်။ တစ်နှစ်လျှင် အစာအိမ်နှင့် အူလမ်းကြောင်းရှိ ရောဂါအမည်တစ်မျိုးမျိုးကို သတ်မှတ်ပြီး လူသားများ၏ ကျန်းမာရေးအသိပညာများ၊ ရောဂါကာကွယ်နည်းများ တိုးပွားစေရန်ရည်ရွယ်ပြီး ကမ္ဘာ့အစာအိမ်နှင့်အူလမ်းကြောင်းနေ့ကို ကျင်းပလာခဲ့ကြပါတယ်။ ၁၉၅၈ ခုနှစ် မေ ၂၉ ရက်မှာ အမေရိကန်နိုင်ငံရှိ Washington,DC. မြို့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ပထမဆုံး ကမ္ဘာ့အစာအိမ်နှင့် အူလမ်းကြောင်း ရောဂါဆွေးနွေးပွဲရဲ့နောက်ဆုံးနေ့ကို အစွဲပြုပြီး မေ ၂၉ ရက်ကို ကမ္ဘာ့အစာအိမ်နှင့် အူလမ်းကြောင်းနေ့အဖြစ် သတ်မှတ်ခဲ့ပါတယ်။

ဒီနှစ် ၂၀၁၆ ခုနှစ် ကမ္ဘာ့အစာအိမ်နှင့် အူလမ်းကြောင်းနေ့ရဲ့ ဆောင်ပုဒ်ကတော့ Diet and The Gut (အစားအသောက်နှင့် အစာအိမ်အူလမ်းကြောင်းရောဂါ) ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်မှာအဖြစ်များနေသော အစာအိမ်အူလမ်းကြောင်းရောဂါများဖြစ်တဲ့ အစာအိမ်အချဉ်ပြန်ခြင်း၊ အစာအိမ်အနာမဟုတ်သော အစာမကြေရောဂါ၊ အစာအိမ်ရောဂါပိုးနှင့် ဝမ်းချုပ်ခြင်းဝေဒနာအကြောင်းကို ပြန်လည်မျှဝေပေးလိုပါတယ်။

**အစာအိမ်အချဉ်ပြန်ခြင်း**

အစာအိမ်အချဉ်ပြန်ခြင်းဆိုတာ အစာအိမ်ရေမျိုအောက်ပိုင်း ကြွက်သားအားနည်းပြီး အစာအိမ်အတွင်းမှ အက်စစ်အချဉ်များ အပေါ်သို့လျှံတက်လာတာဖြစ်ပါတယ်။

ရောဂါလက္ခဏာတွေကတော့ ရင်ပူခြင်း၊ လေချဉ်တက်ခြင်း၊ ခံတွင်းချဉ်ခြင်းတို့ ဖြစ်တတ်ပါတယ်။ ဒါ့အပြင် အစာစားပြီး ရင်ဝတွင် မီးစနှင့်ထိုးသလို ပူခြင်း၊ အစာများမကြာခဏ အပေါ်ပြန်တက်ခြင်း၊ တံတွေးအထွက်များခြင်းတို့အပြင် အခြားလက္ခဏာတွေလည်း ဖြစ်နိုင်ပါတယ်။

အခြားလက္ခဏာတွေကတော့ ချောင်းဆိုးခြင်း၊ ရင်ကျပ်ခြင်း၊ မောခြင်း၊ ရင်ဘတ်အောင့်ခြင်းစတာတွေ ဖြစ်တတ်ပါတယ်။ လည်ချောင်းထဲမှာလည်း လည်ချောင်းနာခြင်း၊ လည်ချောင်းယားခြင်း၊ အသံဝင်ခြင်း၊ လည်ချောင်းဝ မကြာခဏ တစ်ဆို့တစ်ဆို့ဖြစ်ခြင်းတို့လည်း ဖြစ်တတ်ပါတယ်။ ဒါ့အပြင် နားယားခြင်း၊ နားကိုက်ခြင်း၊ နားလေထွက်ခြင်း၊ သွားပိုးစားခြင်း၊ ခံတွင်းနံ့မကောင်းခြင်း၊ အအေးမိခြင်း၊ ထိပ်ကပ်နာဖြစ်ခြင်း စတဲ့လက္ခဏာတွေလည်း ခံစားရတတ်ပါတယ်။

အဝလွန်တဲ့သူတွေ၊ ကိုယ်ဝန်ဆောင်မိခင်တွေဆိုရင် ရောဂါအခြေအနေ ပိုဆိုးတတ်ပါတယ်။ ရောဂါကို ပိုဆိုးစေသော တခြားအကြောင်းအနေနဲ့ကတော့ အဝတ်အစား တင်းကျပ်စွာဝတ်ခြင်း၊ အစာကို တစ်ချိန်တည်းမှာ အများကြီးစားခြင်း၊ ကြာရှည်စွာ ဆောင့်ကြောင့်ထိုင်ခြင်း၊ မကြာခဏခါးကုန်းနေခြင်း၊ ပစ္စည်းအလေးများမခြင်း စတာတွေပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ဆေးလိပ်၊ အရက်၊ ကွမ်း စတာတွေကလည်း ရောဂါကို ပိုဆိုးစေပါတယ်။ တခြားသောရောဂါတွေအတွက်ပေးရတဲ့ ဆေးတချို့ကလည်း ရောဂါကို ပိုဆိုးသွားစေနိုင်ပါတယ်။ ဥပမာ-ဗိုက်နာပျောက်ဆေး၊ ရင်ကျပ်ပျောက်ဆေး၊ ပိုးသတ်ဆေး၊ တချို့သောအကိုက်အခဲပျောက်ဆေးများ၊ သံဓာတ်အားဆေး၊ ဗီတာမင်-စီ၊ စိတ်ကျရောဂါပျောက်ဆေးနဲ့ သွေးတိုးကျဆေးတို့ ဖြစ်ပါတယ်။

အစာအိမ်အချဉ်ပြန်ခြင်းရောဂါနဲ့ မတည့်တဲ့ အစာတွေကတော့ ပူလွန်း၊ စပ်လွန်း၊ ချဉ်လွန်းသော အစာများ၊ ငရုတ်ကောင်း၊ ခရမ်းချဉ်သီး၊ ပဲအမျိုးမျိုး၊ နာနတ်သီး၊ ဆီများသော၊ ဆီဖြင့်ကြော်ထားသော အစားအစာများ၊ ဆီပြန်ဟင်းများ၊ မဆလာ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီများသော အစာများ၊ ချောကလက်နှင့် ဂတ်(စ်)ပါသော အရည်များ၊ လက်ဖက်ရည်၊ ကော်ဖီ၊ လက်ဖက်၊ ဖာလာ၊ လေးညှင်း၊ သစ်ဂျပိုး၊ ပရုတ်၊ လိမ္မော်ရည်၊ ခရမ်းချဉ်သီးဖြင့် ပြုလုပ်ထားသောအစာများ ဖြစ်ပါတယ်။

အစာအိမ်အချဉ်ပြန်ခြင်းရောဂါကို ထိရောက်တဲ့ကုသမှုမခံယူရင် နောက်ဆက်တွဲ ဆိုးကျိုးတွေအနေနဲ့ အစာရေမျိုပြွန်ကျဉ်းပြီး အစာမမျိုနိုင်ခြင်း၊ သွေးအန်ခြင်း၊ ဝမ်းအမည်းသွားခြင်း၊ သွေးအားနည်းခြင်း၊ အစာရေမျိုရောင်ခြင်းတို့ ဖြစ်နိုင်ပါတယ်။ အဆိုးဆုံးအနေနဲ့ကတော့ အစာရေမျိုကင်ဆာအထိ ဖြစ်နိုင်ပါတယ်။

အစာအိမ်အချဉ်ပြန်ခြင်းရောဂါကို ရောဂါလက္ခဏာနှင့်ဆိုင်သော မေးခွန်းများမေးခြင်း၊ အစာအိမ်ဆေးပေး၍ စမ်းသပ်ခြင်းဖြင့် ရှာဖွေနိုင်ပါတယ်။ ဒါ့အပြင် အစာအိမ်မှန်ပြောင်းကြည့်ခြင်း၊ အစာအိမ်အက်စစ်ဓာတ် တိုင်းတာခြင်း၊ အစာအိမ်ကြွက်သားညှစ်နိုင်မှု တိုင်းတာခြင်း၊ အစာရေမျိုပြွန် လှုပ်ရှားမှုပြင်းအားကို တိုင်းတာခြင်း၊ အစာရေမျိုပြွန် ဆေးဓာတ်မှန်ရိုက်ခြင်း စတဲ့ နည်းလမ်းတွေနဲ့လည်း ရှာဖွေနိုင်ပါတယ်။

မိမိမှာ အစာအိမ်အချဉ်ပြန်ခြင်းရောဂါ ဖြစ်နေရင် ကိုယ်အလေးချိန်ချဖို့ လိုအပ်ပါတယ်။ အဝတ်အစားများကိုလည်း တင်းတင်းကျပ်ကျပ် မဝတ်ရပါ။ ပစ္စည်းအလေးမခြင်း၊ မကြာခဏခါးကုန်းခြင်း၊ အစာစားပြီးပြီးချင်း အိပ်ရာဝင်ခြင်း၊ လှဲလျောင်းနေခြင်းတို့ကိုလည်း ရှောင်ကြဉ်ရပါမယ်။ အစာကိုလည်း တစ်ကြိမ်တည်း အများကြီးမစားသောက်ဘဲ နည်းနည်းနဲ့ မကြာခဏ စားပေးသင့်ပါတယ်။ အိပ်ရာမဝင်မီ နှစ်နာရီအတွင်း အစာမစားသင့်ပါ။ အိပ်စက်ရာမှာလည်း ခေါင်းအုံးကို ခြောက်လက်မခန့်မြင့်ပြီး အိပ်သင့်ပါတယ်။ ဆေးလိပ်၊ အရက်၊ ကွမ်းယာ၊ မတည့်သော အစာနှင့် ဆေးများကိုလည်း ရှောင်ကြဉ်ရပါမယ်။ အရေးအကြီးဆုံးကတော့ ဆရာဝန်ညွှန်ကြားထားသော ဆေးများကို သတ်မှတ်ထားတဲ့ ရက်ပိုင်း၊ လပိုင်း၊ နှစ်ပိုင်းအထိ အတိအကျ စွဲသောက်ရပါမယ်။

အစာအိမ်အချဉ်ပြန်ခြင်းရောဂါကို ဆေးဝါးဖြင့် ကုသနိုင်ပါတယ်။ အကယ်၍ ရောဂါလက္ခဏာ ပိုပိုဆိုးလာရင် ခွဲစိတ်ခြင်း၊ မှန်ပြောင်းမှတစ်ဆင့် ကုသခြင်းတို့အထိ လိုအပ်နိုင်ပါတယ်။ ဆေးဝါးဖြင့် ကုသမယ်ဆိုရင် အနည်းဆုံးနှစ်လ ဆေးသောက်ရပါမယ်။ ဆေးရပ်လိုက်ရင် ရောဂါပြန်ဖြစ်တတ်သဖြင့် ဆရာဝန်ညွှန်ကြားရင် အမြဲတမ်း ဆေးစွဲသောက်ရပါမယ်။

ကုသနိုင်တဲ့ ဆေးဝါးတွေကတော့ အစာအိမ်အက်စစ်ဓာတ်

> **ရောဂါကို စိုးရိမ်မှု မလွန်ကဲဘဲ စိတ်ကိုပျော်အောင်ထားပါ။ နေ့စဉ် လေ့ကျင့်ခန်းလုပ်ပြီး မိမိဝါသနာပါရာကိုလည်း ပြုလုပ်ပေးပါ။ သုံးလခန့် ဆေးစားရန် လိုအပ်နိုင်သောကြောင့် အချိန်ပေး၍ စိတ်ရှည်ရှည်ထားပြီး ကုသမှုခံယူသင့်ပါတယ်။ အကြံပြုချက်အနေနဲ့ တတ်ကျွမ်းနားလည်သော ဆရာဝန်နဲ့ တိုင်ပင်ကုသသင့်ပါတယ်။ ဒါ့အပြင် ပျောက်စေဆေးခန်းများ၊ အာမခံနှင့်ကုသဟု ကြော်ငြာထားသော ဆေးခန်းများကို ရှောင်ကြဉ်သင့်ပါတယ်။**

လျော့နည်းစေသော ဆေးဝါးများ၊ အစာအိမ်လှုပ်ရှားမှု အားကောင်းစေသော ဆေးဝါးများ၊ အစာအိမ်အက်စစ်ချေဖျက်ဆေးများ စတာတွေပဲဖြစ်ပါတယ်။

ဆေးဝါးဖြင့်ကုသရင် အကျိုးအာနိသင်အနေနဲ့ အစားအသောက် အနေအထိုင်ဆင်ခြင်ပြီး အစာအိမ်အက်စစ်ဓာတ်ချေဖျက်ဆေးများ သောက်လျှင် ၂၀ ရာခိုင်နှုန်းအထိ အကျိုးအာနိသင် ရှိနိုင်ပါတယ်။ $H_2$ Receptor ကို ပိတ်သောဆေးများသောက်လျှင် ၅၀ ရာခိုင်နှုန်းအထိ၊ PPI (Proton-Pump Inhibitor)ဆေးကို တစ်နေ့တစ်ကြိမ်သောက်လျှင် ၈၀ ရာခိုင်နှုန်းအထိ အကျိုးအာနိသင်ရှိနိုင်ပြီး တစ်နေ့နှစ်ကြိမ်သောက်လျှင် ၁၀၀ ရာခိုင်နှုန်းအထိ အကျိုးအာနိသင်ရှိနိုင်ပါတယ်။

**ခွဲစိတ်ကုသခြင်း**

ဆေးဝါးကုသမှုနဲ့ မသက်သာသောသူများ၊ ကြာရှည်ဆေးမသောက်ချင်သော လူနာများ၊ အစာရေမျိုကျဉ်းခြင်း (သို့မဟုတ်) ကင်ဆာလို့ သံသယရှိသော လူနာများ၊ အစာအိမ်ကျွံသော လူနာများ၊ ၂၄ နာရီ အက်စစ်တိုင်းတာရာမှာ အက်စစ်များလွန်းသောလူနာများစတဲ့ လူနာတွေမှာဆိုရင် ခွဲစိတ်ကုသမှု လိုအပ်ပါတယ်။

**မှန်ပြောင်းဖြင့် ကုသခြင်း**

မှန်ပြောင်းဖြင့် ကုသရာတွင် အစာအိမ်ရေမျိုပြွန် အောက်ပိုင်း ကြွက်သား ပြင်းအားကောင်းအောင် ပြုလုပ်ပေးနိုင်သလို အစာအိမ်နှင့် အစာရေမျိုပြွန်ဆက်သောနေရာမှာ ဒဏ်ရာအနာတရရှိလျှင် ချုပ်ပေးနိုင်ပါတယ်။ မပျော်ဝင်နိုင်သော Polymer ကို အစာရေမျိုပြွန်အောက်ပိုင်းသို့ ထိုးသွင်းခြင်းတို့လည်း ပြုလုပ်နိုင်ပါတယ်။

**အစာအိမ်အနာမဟုတ်သော အစာမကြေရောဂါ**

အစာမကြေရောဂါဆိုတာ အစာအိမ်အနာကြောင့် အဖြစ်များပါတယ်။ သို့သော်လည်း တချို့သောလူနာတွေမှာ အစာအိမ်အနာမရှိဘဲ အစာမကြေရောဂါကို ခံစားရတတ်ပါတယ်။ အမျိုးသမီးတွေက အမျိုးသားတွေထက် ပိုပြီးအဖြစ်များပါတယ်။ အစားအသောက်နဲ့ လူနေမှုပုံစံများက ရောဂါဖြစ်ပွားမှုနဲ့ ကုသမှုတွေမှာ အကျိုးသက်ရောက်မှု ရှိပါတယ်။

ရောဂါအမျိုးအစားအနေနဲ့ အစာစားပြီး ဗိုက်ကယ်ခြင်း (Postprandial distress syndrome)နဲ့ အစာစားပြီး ဗိုက်အောင့်ခြင်း (Epigastric pain syndrome) ဆိုပြီး နှစ်မျိုးရှိပါတယ်။

ရောဂါဖြစ်စေတဲ့ အကြောင်းအရင်းတွေကို အတိအကျမသိရပေမယ့် အစားအစာနှင့်မတည့်ခြင်းနှင့် အစာအိမ်မှ တုံ့ပြန်မှုလွန်ကဲခြင်းစတဲ့ အကြောင်းအရင်းနှစ်ခုကြောင့်ဖြစ်တာလို့ ယူဆရပါတယ်။

**မတည့်သော အစားအစာများ**

အနီရောင်ရှိတဲ့အသားများ (အမဲသား၊ ဝက်သား၊ ဆိတ်သား)၊ ဝက်အူချောင်း၊ ကြက်အူချောင်း၊ ဂျုံနှင့် ပြုလုပ်တဲ့အစားအစာတွေဖြစ်တဲ့ ပေါင်မုန့်၊ ကိတ်မုန့် စတာတွေအပြင် ဆီကြော်စာများစတဲ့ ရင်ပြည့်ရင်ကယ်ဖြစ်စေတဲ့ အစားအစာတွေနဲ့ မတည့်ပါဘူး။ ဒါ့အပြင် ငှက်ပျောသီး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ၊ ပဲအမျိုးမျိုး၊ ယိုအမျိုးမျိုး၊ ချောကလက်၊ မရောနိစ်၊ နို့နဲ့နို့ထွက်ပစ္စည်းများ၊ ချဉ်သောအစာများနဲ့လည်း မတည့်ပါဘူး။ ရင်ပူစေတဲ့ အစားအစာတွေဖြစ်တဲ့ ကော်ဖီ၊ လက်ဖက်ရည်၊ နို့၊ ချောကလက်၊ ထောပတ်၊ ငရုတ်ကောင်း၊ ကြက်သွန်နီ၊ နာနတ်သီး စတာတွေဟာ ရောဂါလက္ခဏာကို ပိုဆိုးစေပါတယ်။

**ရောဂါဖြစ်စေသော အခြားအကြောင်းရင်းများ**

အစာအိမ်အနာမဟုတ်သော အစာမကြေရောဂါ ဖြစ်စေသောအကြောင်းအရင်းများမှာ အစာအိမ်ရောင်တာ၊ အစာအိမ်အတွင်း အက်စစ်အထွက်များတာ၊ အစာအိမ်ကြွက်သား ပုံမှန်အလုပ်မလုပ်တာစတဲ့ အစာအိမ်နဲ့ပတ်သက်သော ပုံမမှန်မှုတွေအပြင် စိုးရိမ်စိတ်များတာ၊ စိတ်ဓာတ်ကျတာ၊ ကိုယ်ဝန်ရှိတာစတဲ့ အကြောင်းရင်းတွေကလည်း ရောဂါဖြစ်စေနိုင်ပါတယ်။ ဒါ့အပြင် တခြားသောကိုယ်တွင်းရောဂါ(ဥပမာ- ဆီးချိုကျောက်ကပ်အားနည်းရောဂါ၊ အသည်းနှင့် သည်းခြေအိတ်ရောဂါများ)နဲ့ အခြားအကြောင်းရင်းတွေကြောင့်လည်း ဖြစ်နိုင်ပါတယ်။

**ရောဂါလက္ခဏာများ**

ရောဂါလက္ခဏာအနေနဲ့ကတော့ အစာမကြေခြင်း၊ ဗိုက်နာခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ လေတက်ခြင်း၊ ဗိုက်တင်းခြင်း၊ လေထိုးခြင်း၊ ရင်ပူခြင်းစတာတွေအပြင် အချို့သောလူနာတွေမှာ အူလမ်းကြောင်းလှုပ်ရှားမှုမမှန်သောရောဂါတွေနဲ့ တွဲဖြစ်ခြင်း၊ အစာအိမ်အချဉ်ပြန်ခြင်းရောဂါနဲ့ တွဲဖြစ်ခြင်းတွေလည်း ဖြစ်တတ်ပါတယ်။

အစာအိမ်နဲ့ပတ်သက်တဲ့ ရောဂါလက္ခဏာတွေအပြင် အခြားလက္ခဏာအနေနဲ့ ခြေလက်အေးခြင်း၊ ရင်တုန်ခြင်း၊ မောခြင်း၊ အိပ်မပျော်ခြင်း၊ စိုးရိမ်စိတ်များခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ အကြောတက်ခြင်း၊ မျက်စိကြည့်မကောင်းခြင်း၊ ခံတွင်းပျက်ခြင်းစတဲ့ လက္ခဏာတွေလည်း ဖြစ်တတ်ပါတယ်။

အရေးကြီးသော ရောဂါလက္ခဏာတွေကတော့ သိသိသာသာ ကိုယ်အလေးချိန်ကျသွားတာ၊ သွေးအန်တာ၊ ဝမ်းအမည်းသွားတာ၊ ဝမ်းသွားလျှင် သွေးပါတာ၊ အလုံးအကြိတ် ပေါ်တာ၊ မျက်စိနဲ့ အသားတွေဝါတာ၊ ရေဖျဉ်းစွဲတာစတဲ့ လက္ခဏာတွေဖြစ်ပါတယ်။ အဲဒီလက္ခဏာတွေရှိလာလျှင် ဆရာဝန်နဲ့ အမြန်ဆုံးပြသပြီး ထိရောက်တဲ့ကုသမှု ခံယူသင့်ပါတယ်။

**လိုအပ်သော စမ်းသပ်မှုများ**

အစာအိမ်အနာမဟုတ်သော အစာမကြေရောဂါအတွက် လိုအပ်တဲ့ စမ်းသပ်မှုတွေအနေနဲ့ ဝမ်းဗိုက်တယ်လီဗေးရှင်းဓာတ်မှန်ရိုက်ခြင်း၊ အူမကြီး မှန်ပြောင်းကြည့်ခြင်း၊ အစာအိမ်မှန်ပြောင်းကြည့်ခြင်းတို့အပြင် သွေးစစ်ခြင်းအနေနဲ့ (C.P, LFT, RBS, Creatinine) တို့ကိုပြုလုပ်နိုင်သလိုတခြားလိုအပ်တဲ့ စမ်းသပ်စစ်ဆေးမှုတွေလည်း ပြုလုပ်ရန် လိုအပ်ပါတယ်။

**ကုသနိုင်သော နည်းလမ်းများ**

အစာအိမ်အနာမဟုတ်သော အစာမကြေရောဂါကို အစာအိမ်ဆေးစားခြင်း ($H_2$ Blocker, Proton-Pump Inhibitor)၊ ဗိုက်နာပျောက်ဆေး (Antispasmotic)စားခြင်း၊ အစာအိမ်လှုပ်ရှားမှုလျော့နည်းစေသောဆေးများ စားခြင်း၊ လေဆေးစားခြင်း၊ စိတ်ငြိမ်ဆေးစားခြင်းတို့နဲ့ ကုသနိုင်ပါတယ်။ ဒါ့အပြင် အစားအသောက် အနေအထိုင် ဆင်ခြင်ပြီး အခြားသော ဆေးများစားခြင်းနဲ့ ကုသနိုင်ပါတယ်။

**ရောဂါရှင်များ လိုက်နာရန်**

ရောဂါရှင်များအနေနဲ့ အစာကို တစ်ကြိမ်တည်း အများကြီးမစားဘဲ နည်းနည်းနဲ့ မကြာခဏ စားသင့်ပါတယ်။ ပူလွန်း၊ စပ်လွန်း၊ ချဉ်လွန်း၊ မဆလာများလွန်းသော အစားအစာများကိုလည်း ရှောင်ကြဉ်သင့်ပါတယ်။ တခြားရှောင်ကြဉ်သင့်တဲ့ အစားအစာတွေကတော့ နွားနို့၊ လက်လုပ်ချဉ်၊ အသုပ်၊ ချဉ်ဖတ်၊ လက်ဖက်ရည်၊ ကော်ဖီ၊ လက်ဖက်၊ ဂေါ်ဖီ၊ မုန်လာဥ၊ မုန့်ဟင်းခါး စတာတွေဖြစ်ပါတယ်။ NSAID အုပ်စုဝင် အကိုက်အခဲပျောက်ဆေးများကိုလည်း ရှောင်ကြဉ်သင့်ပါတယ်။ ရောဂါကို စိုးရိမ်မှု မလွန်ကဲဘဲ စိတ်ကို ပျော်အောင်ထားပါ။ နေ့စဉ်လေ့ကျင့်ခန်းလုပ်ပြီး မိမိဝါသနာပါရာကိုလည်း ပြုလုပ်ပေးပါ။ (ဥပမာ- သီချင်းနားထောင်ခြင်း၊ သီချင်းဆိုခြင်း)၊ သုံးလခန့်ဆေးစားရန် လိုအပ်နိုင်သောကြောင့် အချိန်ပေး၍ စိတ်ရှည်ရှည်ထားပြီး ကုသမှုခံယူသင့်ပါတယ်။

အကြံပြုချက်အနေနဲ့ တတ်ကျွမ်းနားလည်သော ဆရာဝန်နဲ့ တိုင်ပင်ကုသသင့်ပါတယ်။ ဒါ့အပြင် ပျောက်စေဆေးခန်းများ၊ အာမခံနှင့်ကုသဟု ကြော်ငြာထားသော ဆေးခန်းများကို ရှောင်ကျဉ်သင့်ပါတယ်။

**အစာအိမ်ရောဂါပိုး (Helicobacter Pylori)**

အစာအိမ်ရောဂါပိုးဆိုတာ လူရဲ့အစာအိမ်နံရံမှာသာ တွယ်ကပ်နေတဲ့ သာမန်မျက်စိနဲ့မမြင်ရသော အလွန်သေးငယ်တဲ့ ဘက်တီးရီးယားပိုးတစ်မျိုးဖြစ်ပါတယ်။ အဲဒီဘက်တီးရီးယားပိုးကို လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀၀ ကျော်ကတည်းက မံမီရုပ်အလောင်းတွေမှာ တွေ့ရှိရပါတယ်။ အစာအိမ်ရောဂါပိုးက လူရဲ့အစာအိမ်ထဲမှာပဲ အဓိကနေထိုင်နိုင်ပြီး သိုး၊ဆိတ်၊ခွေး၊ ကြောင်နဲ့ ယင်ကောင်တွေမှာလည်း တွေ့ရတတ်ပါတယ်။ အဲဒီအစာအိမ်ရောဂါပိုးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (World Health Organization)က အသည်းရောင်ဘီပိုး၊ စီပိုး၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးတို့ကဲ့သို့ ကင်ဆာဖြစ်နိုင်သည့် အဆင့်အမှတ်(၁) (Class-1 Carcinogen)အဖြစ် သတ်မှတ်ထားပါတယ်။

**ရောဂါပိုးစတင်တွေ့ရှိပုံ**

၁၉၈၃ ခုနှစ်တွင် Dr. J. Robin Warren နှင့် Dr. Barry J. Morshall တို့က အစာအိမ်ရောဂါကို စတင်တွေ့ရှိခဲ့ပြီး အဲဒီတွေ့ရှိခဲ့မှုအတွက် ၂၀၀၅ ခုနှစ်မှာ ဆေးပညာ နိုဗယ်လ်ဆုကို ချီးမြှင့်ခံခဲ့ရပါတယ်။

**ရောဂါပိုးကူးစက်ပုံ**

အစာအိမ်ရောဂါပိုးကို မသန့်ရှင်းသောရေ၊ အစားအစာ၊ တံတွေးနှင့် လူရဲ့မစင်တွေကတစ်ဆင့် ကူးစက်နိုင်ပါတယ်။ အသက်အရွယ်ကြီးသူများ၊ ဝင်ငွေနည်းသော မိသားစုများ၊ တစ်အိမ်ထဲမှာ လူအများစုပေါင်းနေထိုင်သော မိသားစုများ၊ တစ်နေရာတည်းမှာ လူအများပေါင်းအိပ်သော မိသားစုတွေမှာ ရောဂါပိုး ပိုမိုတွေ့ရှိရတတ်ပါတယ်။ ဒါ့အပြင် ကမ္ဘာ့နိုင်ငံအသီးသီး၊ အသက်အရွယ်အမျိုးမျိုး၊ ဘာသာအမျိုးမျိုး၊ ကျားမ၊ ကလေး၊ လူကြီးမရွေးမှာလည်း တွေ့ရတတ်ပါတယ်။ ပျမ်းမျှအားဖြင့် ချမ်းသာကြွယ်ဝတဲ့ နိုင်ငံတွေရဲ့ လူဦးရေ ၅၀ ရာခိုင်နှုန်းကျော်နဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ လူဦးရေ ၇၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိ ရောဂါပိုးတွေ့ရှိရပါတယ်။ လက်နှင့်နယ်ထားသော အစားအစာများ၊ ယင်နားစာများ၊ မသန့်ရှင်းသော အစားအစာများမှာ အစာအိမ်ရောဂါပိုး ပိုမိုတွေ့ရှိရပါတယ်။ လက်ဖက်ရည်ကြမ်း (Green tea)၊ ဝိုင်အနီ (Red wine)၊ လတ်ဆတ်သောဒိန်ချဉ်တို့ဟာ အစာအိမ်ရောဂါပိုး ပြန့်ပွားခြင်းကို တားဆီးပေးနိုင်ပါတယ်။

**အစာအိမ်ရောဂါပိုးကြောင့် ဖြစ်တတ်သော ရောဂါများ**

မိမိမှာ အစာအိမ်ရောဂါပိုးရှိရင် အူသိမ်အူပိုင်းအနာဖြစ်ဖို့ ၈၀-၉၅ ရာခိုင်နှုန်း၊ အစာအိမ်အမြှေးပါးရောင်နိုင်ခြေ ၇၀-၉၀ ရာခိုင်နှုန်း၊ အစာအိမ်အနာ ဖြစ်ဖို့ ၆၀-၇၀ ရာခိုင်နှုန်း၊ အစာမကြေရောဂါဖြစ်ဖို့ ၃၀ ရာခိုင်နှုန်း၊ သံဓာတ်ချို့တဲ့သွေးအားနည်းရောဂါဖြစ်ဖို့ ၃၀ ရာခိုင်နှုန်း၊ အစာအိမ်ကင်ဆာဖြစ်ဖို့ ၀.၁-၃ ရာခိုင်နှုန်း၊ အစာအိမ်သားငန်ရည်ကြိတ်ကင်ဆာဖြစ်ဖို့ ၀.၀၁ ရာခိုင်နှုန်း အသီးသီးရှိပါတယ်။ ဒါ့အပြင် သွေးရောဂါအနေနဲ့ သွေးမွှားဥအားနည်းရောဂါလည်း ဖြစ်နိုင်ပါတယ်။

**တခြားဖြစ်ပွားနိုင်ခြေရှိသောရောဂါများ**

အစာအိမ်ရောဂါပိုးဟာ အစာအိမ်နဲ့ အူလမ်းကြောင်းရောဂါတွေအပြင် တခြားရောဂါတွေဖြစ်တဲ့ သွေးအားနည်းရောဂါ၊ အင်ပျဉ်ထခြင်း၊ အရေပြားယားယံခြင်း၊ အရေပြားအကြေးခွံထခြင်း၊ သွေးကြောမာခြင်း၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ လေဖြတ်ရောဂါ၊ အဆစ်ရောင်ရောဂါ၊ အသည်းနှင့် သည်းခြေအိတ်ရောဂါအမျိုးမျိုး၊ ခြေထိပ်လက်ထိပ် သွေးမရောက်ရောဂါနဲ့ တခြားရောဂါတွေလည်း ဖြစ်နိုင်ပါတယ်။

*စာမျက်နှာ ၁၂ ကော်လံ ၁ သို့*

# ဂရိသို့ ပူတင်သွားရောက်လည်ပတ်



**အေသင် မေ ၂၈**
ရုရှားနှင့်ဂရိနိုင်ငံတို့သည် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်လုပ်ဆောင်မည်ဖြစ်ကြောင်း သဘောတူညီခဲ့သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် သောကြာနေ့က ဂရိဝန်ကြီးချုပ် အဲလက်ဆီ စီပရာနှင့် တွေ့ဆုံဆွေးနွေးရန် အေသင် မြို့သို့ သွားရောက်ခဲ့သည်။

တွေ့ဆုံရာတွင် စွမ်းအင် သယံဇာတဆိုင်ရာကဏ္ဍ၊ မီးရထားလမ်းဖောက်လုပ်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍတို့ကို အတူတကွ ပူးပေါင်းလုပ်ဆောင်ရန် သဘောတူညီခဲ့သည်။

နှစ်နိုင်ငံအပြန်အလှန် ဆက်ဆံရေး ကောင်းမွန်မှုကြောင့် နှစ်ဖက်လုံး အကျိုးအမြတ်ရရှိမည်ဟု ယုံကြည်ကြောင်း ပူတင်က ပြောခဲ့သည်။ အီးယူနှင့် ရုရှားကြားတွင် ထိပ်တိုက်ရင်ဆိုင်မှုများ ရှိနေသရွေ့ ဥရောပအနာဂတ်သည် တောက်ပလာနိုင်ဖွယ်မရှိကြောင်း လူတိုင်းနားလည်ကြသည်ဟု စီပရာကပြောသည်။

ယူကရိန်းကိစ္စနှင့်ပတ်သက်၍ ရုရှားအပေါ် အီးယူမှ အရေးယူပိတ်ဆို့မှုများကို ဇူလိုင်လကုန်ပိုင်းအထိ တိုးမြှင့်ထားသည်။ အီးယူအဖွဲ့ဝင် နိုင်ငံဖြစ်သော ဂရိသည် ရုရှားနှင့် အစဉ်အလာအားဖြင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ထိန်းထားသည်။ စီပရာသည် ပြီးခဲ့သောနှစ်က မော်စကိုသို့ နှစ်ကြိမ်တိုင်တိုင် သွားရောက်ခဲ့ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**



# ပါကစ္စတန်ဝန်ကြီးချုပ် လန်ဒန်၌ နှလုံးခွဲစိတ်ကုသမည်

**အစ္စလမ္မာဘတ် မေ ၂၈**
ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှရစ်ဖ်သည် အင်္ဂါနေ့တွင် လန်ဒန်၌ နှလုံးခွဲစိတ်ကုသမည်ဖြစ်ကြောင်း ၎င်း၏မိသားစုနှင့် မီဒီယာများက ပြောသည်။ ယခုအကြိမ်သည် ငါးနှစ်အတွင်း ရှရစ်၏ ဒုတိယအကြိမ် နှလုံးခွဲစိတ်ခြင်းလည်းဖြစ်သည်။

၂၀၁၁ ခုနှစ်က ပထမအကြိမ် ခွဲစိတ်ကုသပြီးနောက် ယခုအကြိမ်သည် နှလုံးသွေးကြောချဲ့ရန်အတွက် ဖြစ်လိမ့်မည်ဟု ရှရစ်၏ သမီးဖြစ်သူ မာရမ် နာဝပ်ရှရစ်က ၎င်း၏ တရားဝင် တွစ်တာ စာမျက်နှာတွင် ပြောခဲ့သည်။

ပြည်သူသန်းပေါင်းများစွာက ၎င်းအတွက် ဆုတောင်းပေးနေကြကြောင်း စာမျက်နှာထက်တွင် ဖော်ပြခဲ့သည်။

ခွဲစိတ်မှုခံယူပြီးနောက် ရှရစ်သည် ဆေးရုံ၌ သီတင်းတစ်ပတ်ကြာနေရမည်ဖြစ်ကြောင်း၊ ဆရာဝန်၏ ခွင့်ပြုချက်ရမှသာ ပါကစ္စတန်သို့ ပြန်ရမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ခါဝါဂျာအာဆစ်၏ ပြောစကားကို Dawn သတင်းစာက ကိုးကားဖော်ပြသည်။

**(ရိုက်တာ)**

# မူးယစ်ရာဇာ ချာပိုကို အမေရိကန်သို့လွှဲပြောင်းပေးရေး ဆန့်ကျင်မှုများရှိ

**မက္ကဆီကိုစီးတီး မေ ၂၈**
မက္ကဆီကို မူးယစ်ရာဇာ အယ်ချာပိုဂတ်စ်မန်း၏ ရှေ့နေများသည် ၎င်းကို အမေရိကန်သို့ လွှဲပြောင်းပေးအပ်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်ကို ဆန့်ကျင်ပြီး တရားဝင်စိန်ခေါ်၍ အမှုဖွင့်ခဲ့ကြောင်း သောကြာနေ့က သတင်းစာတစ်စောင်တွင် ဖော်ပြခဲ့သည်။

တရားသူကြီးတစ်ဦးက ချာပိုကို ယာယီသံသယရှိသူအဖြစ် အာမခံထားကြောင်း၊ ဆိုလိုရင်းမှာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ယင်း၏ဆုံးဖြတ်ချက်မှန်ကန်ကြောင်း အစီရင်ခံစာတစ်ခုကို တင်ပြရန် ၄၈ နာရီအချိန်ရကြောင်း မက္ကဆီကန်သတင်းစာ အယ်ယူနီမာဆယ်က ဖော်ပြ သည်။

မေလအစောပိုင်းက ဂတ်စ်မန်းကို အမေရိကန်သို့ လွှဲပြောင်းပေးအပ်ရန် မက္ကဆီကိုနိုင်ငံခြားရေးဝန်ကြီးဌာနမှ ခွင့်ပြုခဲ့ကြောင်း၊ ယင်းဌာနမှ ၎င်းကို သေဒဏ်စီရင်ချက် မချမှတ်သင့်ကြောင်း အာမခံချက်များကို လက်ခံရရှိခဲ့ကြောင်း သိရသည်။

**(ရိုက်တာ)**



# ဗြိတိန်လူထုဆန္ဒခံယူပွဲမှ မည်သည့်ရလဒ်မဆို လက်ခံနိုင်အောင် အီးယူပြင်ဆင်

**ဘရက်ချီဆလာဗာ မေ ၂၈**
ဥရောပသမဂ္ဂ (အီးယူ)သည် ဗြိတိန် ဆန္ဒခံယူပွဲမှ မည်သည့်ရလဒ်ပင် ရရှိစေကာမူ လက်ခံရန်ပြင်ဆင်ထား ကြောင်း ဥရောပပါလီမန်ဥက္ကဋ္ဌ မာတင်ဆခရူးက ဆလိုဗက်ဝန်ကြီးချုပ် ရောဘတ်ဖီကိုနှင့် တွေ့ဆုံစဉ် ပြောခဲ့သည်။

ဇူလိုင် ၁ ရက်တွင် ပြုလုပ်မည့် အီးယူဥက္ကဋ္ဌရာထူးကို ဆလိုဗက်ကီးယားနိုင်ငံမှ ရယူမည့်ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ ဇွန် ၂၃ ရက် တွင်ပြုလုပ်မည့် ဗြိတိန်လူထုဆန္ဒခံယူပွဲ၏ရလဒ်အတိုင်း ဥရောပသမဂ္ဂအဖွဲ့ကြီး တစ်ခုလုံးက လိုက်လျောညီထွေစွာ ပြုလုပ်မည်ဟု ယုံကြည်ကြသည်။

"ဘယ်လို ရလဒ်မျိုးပဲဖြစ်ပါစေ အဆင်ပြေအောင် လုပ်ဆောင်သွားဖို့ ပြင်ဆင်ပြီးပါပြီ"ဟု ဆခရူးက ပြောသည်။ ဆလိုမက်ကီးယားအနေဖြင့် တာဝန်ရှိသည့်အတိုင်း ပါဝင်ပတ်သက်သွားမည်ဟု ဖီကိုက ကတိပေးခဲ့သည်။

ဇွန် ၂၃ ရက်တွင် ဗြိတိန်၌ လူထုဆန္ဒခံယူပွဲပြုလုပ်မည်ဖြစ်ပြီး ထိုပွဲအပြီး တစ်ပတ်အကြာ စပိန်၌ အထွေထွေရွေးကောက်ပွဲပြုလုပ်မည်ဖြစ်သည်။ ရွှေ့ပြောင်းဒုက္ခသည်များ ပဋိပက္ခနှင့် ဂရိနိုင်ငံဘဏ္ဍာရေးအခက်အခဲများအတွက် စိုးရိမ်သည်ဟု ဖီကိုကနိဂုံးချုပ်ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# ဒုတိယကမ္ဘာစစ်အတွင်းက လေယာဉ်တစ်စင်း ဟတ်ဆန်မြစ်ထဲသို့ ပျက်ကျ

**နယူးယောက် မေ ၂၈**
ဒုတိယကမ္ဘာစစ်ခေတ်သုံး လေယာဉ်တစ်စင်းနယူးယောက်မြို့ ဟတ်ဆန်မြစ်ထဲသို့ ပျက်ကျမှုဖြစ်ပွားခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

တစ်ယောက်စီး ပီ-၄၇ သန်းဒါးဘို့လေယာဉ်သည် ဂျော့ဂျ်ဝါရှင်တန်တံတားတောင်ဘက် မိုင်အနည်းငယ်အကွာ မြစ်ထဲသို့ ပျက်ကျသွားခဲ့ခြင်းဖြစ်သည်။

ရေငုပ်သမားများသည် နောက်ပိုင်းတွင်နစ်မြုပ်သွားသောလေယာဉ်မှ လေယာဉ်မှူးဟု ယူဆရသူ၏အလောင်းကို ရှာဖွေတွေ့ရှိခဲ့သည်။

လေယာဉ်ပျက်ကျသည့် အကြောင်းရင်းကို မသိရသေးသော်လည်း အင်ဂျင်ချို့ယွင်းမှုကြောင့် ဖြစ်နိုင်ကြောင်း သိရသည်။

ပျက်ကျလေယာဉ်သည် နယူးယောက်မြို့ အရှေ့ဘက် ဖာမင်ဒေးလ်လေယာဉ်ကွင်းမှ ပျံသန်းလာသော လေယာဉ်သုံးစင်းအနက် တစ်စင်းဖြစ်ကြောင်းသိရသည်။

အမေရိကန် လေကြောင်းစွမ်းရည်ပြပွဲတွင် ပါဝင်ရင်း ထိုသို့ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အခြားလေယာဉ်နှစ်စင်းမှာ ဘေးအန္တရာယ်ကင်းစွာဖြင့် ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

ကောလိပ်ကျောင်းသား ဆီကွီလီက လေယာဉ် မြစ်ထဲပျက်ကျသွားသည်ကို တွေ့ခဲ့ကြောင်း ပြောခဲ့သည်။

လေယာဉ်သည် ယူပုံစံကွေ့စဉ် လေယာဉ်နောက်ပိုင်းတွင် မီးခိုးတန်းကြီးပေါ်လာကြောင်း ၎င်းက ပြောကြားခဲ့သည်။

**(ဘီဘီစီ)**

# မြေထဲပင်လယ်တွင်လှေနစ်မြုပ်ပြီး ဒုက္ခသည် ၄၉ ဦးသေဆုံး ၂၀၀ ခန့်ပျောက်ဆုံး

**မီလန် မေ ၂၈**
အရှေ့အလယ်ပိုင်းနှင့်အာဖရိကတို့မှ ရွှေ့ပြောင်းဒုက္ခသည်များကို တင်ဆောင်လာသော လှေနစ်မြုပ်ပြီးနောက် အီတလီ ကယ်ဆယ်ရေးအဖွဲ့များသည် မြေထဲပင်လယ်မှ လူသေအလောင်း ၄၅လောင်းကို တွေ့ရှိခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် မေ ၂၈ ရက်ကဖော်ပြခဲ့သည်။

အသက်ရှင်ကျန်ခဲ့သူများကို စာရင်းကောက်ယူမှုအရ ပျောက်ဆုံးသူ ၂၀၀ ခန့်ရှိနိုင်ကြောင်း ဒေသတွင်းသတင်းမီဒီယာက ဖော်ပြသည်။

ဥရောပသမဂ္ဂနှင့် တူရကီတို့ကြား ဒုက္ခသည်အရေး သဘောတူညီမှုတစ်ခု ပြုလုပ်ပြီးနောက် တူရကီမှတစ်ဆင့် ဂရိသို့ဝင်ရောက်ရန် ကြိုးစားသူအရေအတွက်မှာ သိသိသာသာလျော့ကျသွားကြောင်း သိရသည်။ သို့သော်လည်း အာဖရိကမှ ဥရောပသို့ သွားရောက်သော ဒုက္ခသည်များ ဆက်လက်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

အီတလီ ဒုက္ခသည်ကယ်ဆယ်ရေးအဖွဲ့အနေဖြင့် ယခုတစ်ပတ်အတွင်း ကူညီခဲ့ရသော ဒုက္ခသည်အရေအတွက်မှာ ၁၀၀၀၀ ကျော်ရှိကြောင်းသိရသည်။ ယင်းပမာဏသည် လွန်ခဲ့သော နှစ်နှစ်ထက်စာလျှင် ပိုမိုများပြားသော အရေအတွက်ဖြစ်သည်။

ပင်လယ်လှိုင်းငြိမ်သောအချိန်နွေရာသီတွင်ဒုက္ခသည်များသည် ဥရောပသို့ ရောက်ရှိရန်အတွက် မြေထဲပင်လယ်ကို ဖြတ်ကူးရန် မျှော်လင့်ထားသည်။

**(အင်န်အိတ်ချ်ကေ)**

# ဒေါ်နယ်ထရန့်ကို ထောက်ခံသူနှင့် ဆန့်ကျင်သူများကြား ပဋိပက္ခများဖြစ်ပွား

**ကယ်လီဖိုးနီးယား မေ ၂၈**
ကယ်လီဖိုးနီးယား၊ ဆန်တီယာဂိုမြို့တွင် ရီပက်ဘလစ်ကန် သမ္မတလောင်း ဒေါ်နယ်ထရန့်ကို ထောက်ခံသူနှင့် ဆန့်ကျင်သူများကြား ပဋိပက္ခများဖြစ်ပွားခဲ့ကြောင်း သတင်းရင်းမြစ်များက ဖော်ပြခဲ့သည်။

ဆန်တီယာဂို ကွန်ဗင်းရှင်း စင်တာအပြင်ဘက်တွင် ထောက်ခံသူနှင့် ဆန့်ကျင်သူများသည် အချင်းချင်း ခဲများ၊ ရေဘူးများနှင့် ပစ်ပေါက်ခဲ့သည် ။ ၎င်းတို့ထဲမှ ၁၂ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

ဒေါ်နယ်ထရန့်သည် ဟောပြောပွဲပြုလုပ်ရန် မက္ကဆီကို နယ်စပ်အနီးရှိ ယင်းမြို့တွင်ရှိနေခဲ့သည်။ တရားမဝင်ရွှေ့ပြောင်းသူများကို တားဆီးရန် နယ်စပ်တံတိုင်းတည်ဆောက်မည်ဟု ၎င်းက ကတိကဝတ်ပြုခဲ့သည်။

အဓိကရုဏ်းနှိမ်နင်းရေးပစ္စည်းများကိုင်ဆောင်ထားသော ရဲတပ်ဖွဲ့များကို ပဋိပက္ခဖြစ်ပွားမှုငြိမ်သက်စေရန် ဖြန့်ကြက်ချထားခဲ့ရသည်။

**(ဘီဘီစီ)**

# ကမ္ဘာတစ်ဝန်း စစ်ရေးပဋိပက္ခဖြစ်ပွားခြင်းများကို ဖြေရှင်းနိုင်ရန် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲကို ပထမဆုံးကျင်းပနိုင်ခဲ့

**ကေသွယ်**

**ဒုတိယကမ္ဘာစစ်ဖြစ်ပွားပြီးနောက်ပိုင်း ကမ္ဘာတစ်ဝန်း ဆိုးရွားလှသော စစ်ပွဲများဖြစ်ပွားနေခြင်းကြောင့်ကြုံတွေ့နေကြရသော အကျပ်အတည်းများကို လူသားချင်းစာနာထောက်ထားမှုဖြင့် ဖြေရှင်းနိုင်ရန် မေ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ပထမဆုံးအကြိမ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ ဆွေးနွေးပွဲနှစ်ရက်အတွင်း နိုင်ငံပေါင်း ၅၀ မှ နိုင်ငံခေါင်းဆောင်များနှင့် အစိုးရထိပ်တန်းအရာရှိများအပါအဝင် တက်ရောက်ကြသူပေါင်း ၆၀၀၀ ဝန်းကျင်ရှိကြောင်း သတင်းတွင်ဖော်ပြပါရှိသည်။**

ကုလသမဂ္ဂမှ ကောက်ယူပြုစုထားသော အချက်အလက်များအရ ကမ္ဘာတစ်ဝန်းတွင် လူဦးရေ ၁၂၅ သန်းမှ သန်း ၁၃၀ ခန့်အထိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့ပေးအပ်မှုများ လိုအပ်လျက်ရှိနေပြီး စစ်ပွဲပဋိပက္ခများ ဖြစ်ပွားနေခြင်းကြောင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်သူ အရေအတွက်မှာလည်း လူဦးရေ သန်း၆၀ ခန့်ရှိကြောင်း တင်ပြထားသည်။ နှစ်စဉ် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေးအတွက် အမေရိကန်ဒေါ်လာ ၂၅ မှ ၃၀ ဘီလီယံအထိ လိုအပ်နေကြောင်း ကုလသမဂ္ဂ၏ လူသားချင်းဆိုင်ရာ စာနာထောက်ထားမှု ဆောင်ရွက်ရေးနှင့် အရေးပေါ်ပြန်လည် ထူထောင်ရေးဆိုင်ရာ Stephen O' Brien မှ Eliasson နှင့်အတူ ကွန်ဖရင့် ဆွေးနွေးပွဲတွင် ပူးတွဲသတင်းထုတ်ပြန်ခဲ့သည်။

၂၀၁၅ခုနှစ်ထဲမှာပင် နိုင်ငံအတော်များများတွင် စစ်ရေးပဋိပက္ခများ ဖြစ်ပွားခြင်းကြောင့် ဘုံပျောက်ပြီး နေရပ်စွန့်ခွာ ထွက်ပြေးရသူပေါင်း ၄၀ ဒသမ ၈ သန်းအထိ ရှိခဲ့ကြောင်း နိုင်ငံတကာထောက်ပံ့ကူညီကယ်ဆယ်ရေးအုပ်စုက ပြောကြားခဲ့သည်။

နိုင်ငံတကာ အိုးအိမ်စွန့်ခွာထွက်ပြေးမှု စောင့်ကြည့်ရေးစင်တာ (IDMC) ၏ မှတ်တမ်းပြုစုထားချက်အရ တစ်ကမ္ဘာလုံးတွင် ပဋိပက္ခဖြစ်ပွားရာ အရပ်ဒေသများမှ နယ်စပ်ဒေသများအပါအဝင် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ကြသူများ စာရင်းအသစ်တွင် ၈ ဒသမ ၆ သန်းအထိရှိခဲ့ကာ နေ့စဉ်ထွက်ပြေးတိမ်းရှောင်သူများမှာ ပျမ်းမျှ ၂၄၀၀၀ ခန့်ရှိနေကြောင်း ဖော်ပြထားသည်။

၂၀၁၅ ခုနှစ်တစ်နှစ်တာအတွင်း ယီမင်နိုင်ငံတွင် အိုးအိမ်စွန့်ခွာထွက်ပြေးတိမ်းရှောင်သူများအရေအတွက်မှာ ၂ ဒသမ ၂ သန်း (သို့မဟုတ်) ၈ ရာခိုင်နှုန်းခန့်ရှိနေသည်ဟု သိရှိရသည်။ ထိုကဲ့သို့နေရပ်စွန့်ခွာထွက်ပြေးရခြင်း အကြောင်းရင်းများတွင် နိုင်ငံတွင်း မတည်ငြိမ်သည့်အတွက် ထွက်ပြေးရခြင်းများဖြစ်ပွားလာခဲ့ကာ နယ်စပ်များကို ဖြတ်ကျော်ကြခြင်းများကြောင့် တရားမဝင်ရွှေ့ပြောင်းသွားလာသူများလည်း ဖြစ်ခဲ့ကြရပြန်သည်ဟု IDMC အဖွဲ့က ဆိုထားသည်။

ကမ္ဘာတစ်ဝန်းတွင် နိုင်ငံရေးပဋိပက္ခလှိုင်းများနှင့် သဘာဝဘေးဒုက္ခအန္တရာယ်ကျရောက်ရာ အရပ်ဒေသများမှာလည်း တစ်နှစ်ထက်တစ်နှစ် များပြားလာခြင်းနှင့်အတူ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ကြသူများ အကျပ်အတည်းကို ဖြေရှင်းရန်ကိစ္စများလည်း ပိုမိုများပြားလာခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း နော်ဝေဒုက္ခသည်များဆိုင်ရာကောင်စီ၏ အထွေထွေ အတွင်းရေးမှူး Jan Egeland က ပြောကြားခဲ့သည်။ ၎င်းသည် သဘာဝဘေးဒဏ်သင့်ခြင်းအပါအဝင် လူများပြုလုပ်ခြင်းများကြောင့် ဒေသတွင်း ပဋိပက္ခများဖြစ်ပွားရခြင်းများကို ကာကွယ်တားဆီးပေးသွားရန် လိုအပ်သော နည်းလမ်းကောင်းများကိုလည်း ရှာဖွေရန်လိုအပ်နေသည်ဟုလည်း ဆိုခဲ့သည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီမှ ပြုစုထားသော မှတ်တမ်းများအရ ၂၀၁၅ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြသူများ အရေအတွက်မှာ လူဦးရေသန်းပေါင်း ၆၀ ခန့်ရှိနေခဲ့ပြီး ဆီးရီးယားပြည်တွင်းစစ်နှင့် အခြားဒေသများ၊ နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် ဖြစ်ပေါ်လာသော ဒုက္ခသည်ဦးရေမှာ သန်း ၂၀ ပါဝင်သည်ဟု ဖော်ပြထားသည်။

၂၀၁၀ ပြည့်နှစ်က ဖြစ်ပွားခဲ့သော အာရပ်နွေဦးအရေးပေါ်ပေါက်လာစဉ်ကတည်းက အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကတိုက်တို့တွင် ဌာနေပြည်သူများ နေရပ်စွန့်ခွာကာ ထွက်ပြေးတိမ်းရှောင်မှုများ စတင်ဖြစ်ပွားခဲ့ပြီး ဆီးရီးယားနှင့် အီရတ်အပါအဝင် အခြားဒေသများတွင် အိုင်အက်စ်စစ်သွေးကြွများ၏ အကြမ်းဖက်တိုက်ခိုက်မှုများလည်း ဆက်တိုက်ပေါ်ပေါက်လာခဲ့ပြီးနောက် အခြေအနေများလည်း ပိုမိုဆိုးရွားလာခဲ့သည်ဟု အဆိုပါ IDMC ၏ မှတ်တမ်းတွင် ပြုစုတင်ပြထားသည်။

ထို့အပြင် ၂၀၁၅ ခုနှစ်အတွင်း သဘာဝဘေးဒုက္ခအန္တရာယ်ဖြစ်သည့် မုန်တိုင်းများ တိုက်ခတ်ခြင်းနှင့် ရေလွှမ်းမိုးခြင်းတို့ကဲ့သို့သော အစွန်းရောက် ရာသီဥတုများကြောင့်လည်း လူသားတို့အနေဖြင့် ၎င်းတို့၏ အသက်အိုးအိမ် စည်းစိမ်ကို စွန့်ခွာထွက်ပြေးကြရသည့် အခြေအနေများဖြစ်ပေါ်လာခဲ့ခြင်းကြောင့် ဒုက္ခသည်ဦးရေ ၁၉ ဒသမ ၂ သန်းထိ ရှိလာခဲ့သည်ဟု ဆိုသည်။

ကမ္ဘာတစ်ဝန်း ပဋိပက္ခများဖြစ်ပွားလျက်ရှိသော ဒေသများရှိ ကျောင်းများနှင့် ဆေးရုံများကို ကာကွယ်ပေးကြရန်လိုအပ်ကြောင်း ကုလသမဂ္ဂ ကလေးသူငယ်များရန်ပုံငွေအဖွဲ့ (UNICEF)မှ ပြောကြားလိုက်သည်။ စစ်ရေးပဋိပက္ခကြောင့် မတည်ငြိမ်သောဒေသများရှိ ကျောင်း (သို့မဟုတ်) ဆေးရုံလေးခုစာခန့်သည် နေ့စဉ်နှင့်အမျှ တိုက်ခိုက်ခံနေရခြင်းများနှင့် ပတ်သက်၍ တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ မေ ၂၃ ရက်တွင် ကျင်းပသည့် ကမ္ဘာ့လူသားချင်း စာနာထောက် ထားမှု ထိပ်သီးဆွေးနွေးပွဲတွင် မှတ်တမ်းပြုစုချက်များကို တင်ပြထား သည်။

လတ်တလော ဖြစ်ပွားခဲ့သည့် ယီမင်နိုင်ငံတွင် စာသင်ကျောင်းများကို ဗုံးခွဲတိုက်ခိုက်မှုနှင့် ဧပြီလ ၂၇ ရက်နေ့က ဆီးရီးယားနိုင်ငံအလက်ပိုမြို့တွင် ဆေးရုံတစ်ခုကို တိုက်ခိုက် ခံခဲ့ရခြင်းတို့တွင် အနည်းဆုံး လူ၅၀ သေဆုံးမှုတို့အပါအဝင် ကျောင်းပညာသင်ကြားရေးနှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းများနှင့် ကျန်းမာရေးဝန်ထမ်းများ ထိခိုက်နစ်နာမှုတို့အကြောင်းအရာများလည်း တင်ပြခဲ့သည်။ ထိုသို့ စစ်ရေးပဋိပက္ခများကြောင့် အပြစ်မဲ့ကလေးသူငယ်များမှာ နေ့စဉ်နှင့်အမျှ သေဆုံးနေရခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းများကို ကာကွယ်ပေးသွားရန်နှင့် လုံခြုံစိတ်ချမှုရှိ စေရန်တို့ကို လုပ်ဆောင်ပေးသွားရန်လိုအပ်ကြောင်း ယူနီဆက်၏ ဒါရိုက်တာက အရေးပေါ်အစီစဉ်တစ်ရပ်အဖြစ် သတင်းထုတ်ပြန်ခဲ့သည်။ ယခုကဲ့သို့ ဆေးရုံနှင့် ကျောင်းများကို တိုက်ရိုက်တိုက်ခိုက်ခြင်းများသည် စစ်ရာဇဝတ်မှုပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။




ကျန်းမာရေးလုပ်သားများနှင့် ကျောင်းဆရာများကို တိုက်ခိုက်နေမှုများအပေါ် နိုင်ငံတကာအစိုးရများနှင့် အခြားတာဝန်ရှိသူများအနေဖြင့် နိုင်ငံတကာလူသားချင်းစာနာသည့် ဥပဒေ၊ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် နိုင်ငံများအနေဖြင့် ကျောင်းများလုံခြုံရေးဆိုင်ရာ ကြေညာစာတမ်းတို့တွင် လက်မှတ်ရေးထိုးခြင်းတို့ဖြင့် ကျောင်းများနှင့် ဆေးရုံများကို ကာကွယ်ပေးနိုင်ဖို့ရန် လိုအပ်နေကြောင်း ပြောကြားခဲ့သည်။ ကုလသမဂ္ဂ၏ ကလေးသူငယ်များနှင့် လက်နက်ကိုင် ပဋိပက္ခများဆိုင်ရာ အထူးကိုယ်စားလှယ်များ၏ နောက်ဆုံးတင်ပြချက်တွင် ၂၀၁၄ ခုနှစ်က ကျောင်းများနှင့် ဆေးရုံများကို တိုက်ခိုက်ခဲ့မှု အချက်အလက်များ ပြုစုထားချက်အရ အကြိမ်ရေ ၁၅၀၀ထက် ကျော်လွန်ကြောင်း Leila Zerrougui က ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ကျောင်းပေါင်း ၁၆၃ ကျောင်းနှင့် ကျန်းမာရေးအဆောက်အအုံ ၃၈ ခုခန့် တိုက်ခိုက်ခံရပြီး ဆီးရီးယားနိုင်ငံတွင် ပညာရေးအဆောက်အအုံများအပေါ် အကြိမ်ရေ ၆၀ ခန့် တိုက်ခိုက်ခံခဲ့ရသည်ဟု မှတ်တမ်းတင်တွင် ဖော်ပြထားကာ စစ်ပွဲများအတွက် ကျောင်းများကို အသုံးချမှုကိုးခုခန့်ရှိခဲ့ပြီး ကျန်းမာရေးစင်တာပေါင်း ၂၈ ခုကို တိုက်ခိုက်ခံခဲ့ရသည်ဟု ပါဝင်သည်။ ယီမင်နိုင်ငံတွင် ကျောင်းပေါင်း ၉၂ ခု ကို လက်နက်ကိုင်တပ်ဖွဲ့များနှင့် အကြမ်းဖက်အုပ်စုများက စစ်ပွဲများအတွက် အသုံးပြုခဲ့ကာ တောင်ဆူဒန်နိုင်ငံတွင် ကျောင်းများကို ရုတ်တရက် ဝင်ရောက်တိုက်ခိုက်ခဲ့မှု အကြိမ် ခုနစ်ကြိမ်ရှိခဲ့ပြီး စစ်ပွဲအတွင်းအသုံးချမှု အကြိမ်အရေအတွက် ၆၀ ခန့် အသုံးပြုခဲ့ကြောင်း ဖော်ပြထားသည်။

ပါလက်စတိုင်းတွင် စစ်ရေးပဋိပက္ခများကြောင့် စုစုပေါင်း စာသင်ကျောင်းပေါင်း ၅၄၃ ကျောင်း မှာ ထိခိုက်ပျက်စီးခဲ့ခြင်း (သို့မဟုတ်) ဖျက်ဆီးခံခဲ့ရခြင်းများရှိခဲ့ကြောင်း ဖော်ပြထားသည်။ အစ္စရေးတွင်လည်း ကျောင်းသုံးကျောင်း တိုက်ခိုက်ခံခဲ့ရသည်ဟု မှတ်တမ်းတွင် ဖော်ပြထားသည်။ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်အကြား နိုင်ဂျီးရီးယား အရှေ့မြောက်ပိုင်းတွင် ကျောင်းပေါင်း ၃၃၈ ကျောင်းမှာ ဖျက်ဆီးခံခဲ့ရသည်ဟု ကျောင်းအာဏာပိုင်များ၏ ပြောပြချက်အရ သိရသည်။

လူသားချင်းစာနာထောက်ထားမှု ကူညီထောက်ပံ့ပေးအပ်ရေးအတွက် လိုအပ်နေသော လူဦးရေ ၁၂၅ သန်းထဲမှ သန်း၉၀ ခန့်မှာ အရေးပေါ်အကူအညီထောက်ပံ့မှုပေးရန် လိုအပ်လျက်ရှိပြီး ၎င်းတို့အတွက် ကုန်ကျငွေ ဒေါ်လာ ၂၁ ဘီလီယံခန့် သုံးစွဲကြရမည်ဟု မှတ်တမ်းပြုစုထားချက်တွင် ဖော်ပြထားသည်။ ယခု ပထမဆုံးအကြိမ်ပြုလုပ်နိုင်ခဲ့သော ဆွေးနွေးပွဲမှသည် ကမ္ဘာတစ်ဝန်းတွင် လိုအပ်လျက်ရှိသော အကျပ်အတည်းများအတွက် ကူညီထောက်ပံ့ပေးအပ်ရေး အစီအစဉ်များကို ကတိတဝတ်ပြုရန်သာမက လူ့အဖွဲ့အစည်းအတွင်း ဖြစ်ပွားလျက်ရှိသော ပဋိပက္ခစစ်ပွဲများ အဆုံးသတ်နိုင်ရေးနှင့် စစ်ပွဲများကို တားဆီးနိုင်ရေးအတွက် နိုင်ငံတကာသို့ သတင်းစကား ပေးပို့ခြင်းလည်းဖြစ်ကြောင်း ဆိုထားသည်။

**ကိုးကား-ဆင်ဟွာ**

**ကမ္ဘာတစ်ဝန်းတွင် နိုင်ငံရေးပဋိပက္ခလှိုင်းများနှင့် သဘာဝဘေးဒုက္ခအန္တရာယ်ဒဏ်သင့်ရာ အရပ်ဒေသများမှာလည်း တစ်နှစ်ထက်တစ်နှစ်များပြားလာခြင်းနှင့်အတူ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ကြသူများ အကျပ်အတည်းကိုဖြေရှင်းရန်ကိစ္စများလည်း ပိုမိုများပြားလာခဲ့**

# ပဲခူးရိုးမတောင်ပေါ် ညာတေးရွာ မူလတန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်

**ကျောက်တံခါး မေ ၂၈**



ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအုပ်စု ညာတေးရွာ အခြေခံပညာ မူလတန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားကို မေ ၂၈ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းရှေ့၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

အခမ်းအနားတွင် မြို့ချောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးကိုယ်စား လက်ထောက်မြို့နယ်ပညာရေးမှူး ဦးအေးချမ်းအောင်က မူလတန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ဝမ်းမြောက်ကြောင်း အမှာစကားပြောကြားကာ မြို့ချောင်းအထက ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ခိုင်က အမှာစကားပြောကြားသည်။ ယင်းနောက် ညာတေးကျေးရွာမှ မိဘပြည်သူများကိုယ်စား ဆရာတော်တစ်ပါးက ကျေးဇူးတင်စကားပြောကြားခဲ့ပြီး မြို့နယ်ပညာရေးမှူးရုံး မိသားစုမှ ကျောင်းသား ကျောင်းသူ ၈၆ ဦးအား တစ်ဦးလျှင် ဗလာစာအုပ် ခြောက်အုပ်စီ ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ညာတေးရွာ မူလတန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားကို မြို့ချောင်းကျေးရွာအုပ်ချုပ်ရေးမှူး၊ လက်ထောက်ပညာရေးမှူး၊ မြို့ချောင်းအထက ကျောင်းအုပ်ဆရာမကြီး၊ ဆရာကြီးဦးလုဝင်းနှင့် ညာတေးရွာဦးကျောင်းဆရာတော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရ သည်။

**ခင်ကို(ကျောက်တံခါး)**

✻ *ကျောဖုံးမှ*

မဲပေးခဲ့ကြောင်း သိရသည်။ "မီးမလောင်ခင်က ဈေးဟောင်းမှာ ဆိုင်ခန်းနေရာအတွက် အများဆုံးငွေပေးသွင်း သူတွေရဲ့ဆန္ဒမဲကို အလေးထားရမှာပါ။ ပျံကျရောင်းတဲ့သူတွေက ကိုယ့်ဟာကို သိမ်းပြန် သွားကြတာပဲ။ လူနေတိုက်ခန်းရှင်တွေဘက်ကိုလည်း ကြည့်သင့်တယ်"ဟု မြို့ခံတစ်ဦးက သုံးသပ်သည်။

"ပညာရှင်တွေနဲ့ ခေတ်မီကိရိယာတွေနဲ့ တိုင်းတာစစ်ဆေးတော့ အကြီးစားပြင်ဆင်မယ်ဆိုရင် အဆောက်အအုံခံနိုင်ရည်အား ကျဆင်းနေလို့ အန္တရာယ်များပြီး နိုင်ငံခြားပညာရှင်တွေ ခေါ်ယူရမှာဖြစ်သလို ကုန်ကျစရိတ်ကြီးမယ်။ အချိန်ကလည်း အသစ်တည်ဆောက်သလောက် ကြာမြင့်မယ်လို့သုံးသပ်တယ်"ဟု မြို့တော်စည်ပင်သာယာရေးကော်မတီဝင်တစ်ဦးက အဆောက်အအုံစစ်ဆေးချက်များ ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ မင်္ဂလာဈေးကိစ္စနှင့်ပတ်သက်၍ ဈေးသူ ဈေးသားများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ တွေ့ဆုံစဉ်က ဈေးသူ ဈေးသားများ၏ ဆန္ဒနှင့်အညီ ဆောင်ရွက်ပေးမည်ဟု ဝန်ကြီးချုပ်မှ ပြောကြားခဲ့သည့်အတိုင်း ဆန္ဒမဲကောက်ယူခဲ့ခြင်းဖြစ်ပြီး အသစ်ပြန်လည်တည်ဆောက်ခဲ့ပါကလည်း မူလဆိုင်ခန်းနေရာများအတိုင်း ပေးအပ်မည်ဟု မြို့တော်ဝန်က ကတိပြုခဲ့သည်။

## တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

ကချင်၊ ကရင်နှင့်ချင်းပြည်နယ်၊ ပဲခူး၊ ဧရာဝတီ၊ ရန်ကုန်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် နေရာကျဲကျဲ၊ ကယား၊ ရခိုင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ **(မိုး/ဇလ)**

*စာမျက်နှာ ၉ မှ*

**ရောဂါလက္ခဏာများ**

ပကတိကျန်းမာသော အစာအိမ်အမြှေးလွှာကို အစာအိမ်ရောဂါပိုး ကူးစက်ခံရရင် ရုတ်ခြည်း အစာအိမ်ရောင်ရမ်းနာ ဖြစ်တတ်ပါတယ်။ အဲဒီအဆင့်မှာ သေချာမကုရင် နာတာရှည် အစာအိမ်ရောင်ရမ်းနာဖြစ်ပြီး ကြာလာတဲ့အခါ အစာအိမ်အမြှေးလွှာဆဲလ်တွေက ကင်ဆာရောဂါအဖြစ် အဆင့်ဆင့် ကူးပြောင်းသွားနိုင်ပါတယ်။ အစာအိမ်ကင်ဆာ ကနဦးအဆင့်မှာ အချိန်မီ ခွဲစိတ်ကုသလို့ ရနိုင်သေးပါတယ်။ ဒီလိုမှမဟုတ်ဘဲ အချိန်မီမသိရ၍ မကုသနိုင်ရင် ခွဲစိတ်ကုသလို့ မရနိုင်တော့သော ရောဂါကျွမ်းသွားတဲ့ အစာအိမ်ကင်ဆာ ဖြစ်နိုင်ပါတယ်။

အစာအိမ်ရောဂါပိုး ကူးစက်ခံရပြီးသူသည် ကုသမှု မခံယူပါက ရောဂါပိုးမှာ တစ်သက်လုံးရှိနေမည်ဖြစ်ပြီး တခြားသူများကို ကူးစက်နိုင်ခြင်း၊ ရောဂါဆင့်ကဲဖြစ်နိုင်ခြင်းများ ရှိနိုင်ပါတယ်။ ဒါပေမယ့် လူအများစုမှာ ရောဂါပိုးကူးစက်သော်လည်း မည်သည့်လက္ခဏာမှ မပြတတ်ပါဘူး။

**အစာအိမ်ရောဂါပိုး ရှိမရှိ စစ်ဆေးသင့်သူများမှာ**

အစာမကြေရောဂါရှိသူများ၊ အစာအိမ်နှင့် အူသိမ်အနာရှိသူများ၊ အစာအိမ်ကင်ဆာဟု သံသယရှိသူများ၊ အစာအိမ်ကင်ဆာလူနာ၏ မိသားစုနှင့် ဆွေမျိုးများ၊ သွေးအားနည်းရောဂါရှိသူများ၊ သွေးမွှားဥနည်းသည့် လူနာများ ဖြစ်ပါတယ်။

**အစာအိမ်ရောဂါပိုးစစ်ဆေးနိုင်သည့် နည်းလမ်းများ**

အစာအိမ်ရောဂါပိုးကို အစာအိမ်မှန်ပြောင်းကြည့်ရှုပြီး လေမှုတ်စစ်ဆေးခြင်း၊ ပိုးမွေးခြင်း၊ ဝမ်းမှ စစ်ဆေးခြင်း၊ အသားစ စစ်ခြင်းဖြင့် တွေ့ရှိနိုင်သလို ဆီးမှစစ်ဆေးခြင်းအပြင် တခြားသော စစ်ဆေးမှုတွေနဲ့လည်း ရှာဖွေတွေ့ရှိနိုင်ပါတယ်။ သွေးဖောက်ပြီး အစာအိမ်ရောဂါပိုး ရှိမရှိ ရှာဖွေခြင်း (H.pylori Serology Test)မှာ မှန်ကန်မှုနည်းတဲ့ နည်းလမ်းဖြစ်တဲ့အတွက် စစ်ဆေးဖို့ အကြံမပြုလိုပါ။

**ကုသနိုင်သည့် နည်းလမ်းများမှာ**

(၁)အစာအိမ်ဆေး တစ်မျိုးနှင့် ပိုးသတ်ဆေး နှစ်မျိုး စုစုပေါင်း ဆေးသုံးမျိုးကို ခုနစ်ရက်သောက်ခြင်း၊(၂) အစာအိမ်ဆေးတစ်မျိုးနှင့် ပိုးသတ်ဆေး နှစ်မျိုး စုစုပေါင်း ဆေးသုံးမျိုးကို (၁၀-၁၄)ရက်သောက်ခြင်း၊ (၃) အစာအိမ်ဆေးတစ်မျိုးနှင့် ပိုးသတ်ဆေး သုံးမျိုးကို ခုနစ်ရက်သောက်ခြင်း၊ (၄)အစာအိမ်ဆေး တစ်မျိုးနှင့် ပိုးသတ်ဆေး တစ်မျိုးကို ငါးရက်၊ ပြီးနောက် အစာအိမ်ဆေး တစ်မျိုးနှင့် ပိုးသတ်ဆေး နှစ်မျိုးကို နောက်ထပ်ငါးရက်သောက်ခြင်း၊ (၅)အစာအိမ်ဆေးနှင့် အခြားသင့်တော်သော နောက်ဆုံးပေါ်ဆေးဝါးများ ပေါင်းစပ်ပေးခြင်းတို့ပဲ ဖြစ်ပါတယ်။

**ရောဂါပိုး ပျောက်ကင်းနိုင်သည့် အနေအထား**

ကျွမ်းကျင်တဲ့ဆရာဝန်ရဲ့ ညွှန်ကြားတဲ့ဆေးတွေကို အတိအကျ ရက်ပျက်မရှိ သောက်သုံးပါက ပိုးပျောက်ကင်းနှုန်းမှာ ၈၀-၉၀ ရာခိုင်နှုန်းအထိ ရှိပါတယ်။ ဆေးသောက်ပြီးရင်လည်း ရောဂါပိုးကုန်မကုန် ပြန်လည်စစ်ဆေးဖို့ အလွန်အရေးကြီးပါတယ်။ ပိုးသတ်ဆေးသောက်ပြီး တစ်လခွဲအကြာမှာ ပိုးကုန်မကုန် ပြန်လည်စစ်ဆေးသင့်ပါတယ်။ အရေးကြီးဆုံးအချက်ကတော့ အစာအိမ်ပိုးသတ်ဆေးကို တတ်ကျွမ်းနားလည်တဲ့ ဆရာဝန်ရဲ့ ညွှန်ကြားချက်မပါဘဲ မိမိသဘောဖြင့် လုံးဝမသောက်သုံးရပါ။ ဘာကြောင့်လဲဆိုတော့ ဆေးယဉ်ပါးသွားရင် ကုသဖို့ အလွန်ခက်ခဲတဲ့အတွက် ဖြစ်ပါတယ်။

**အစာအိမ်ရောဂါပိုး ပြန်ဖြစ်နိုင်သည့် အခြေအနေ**

ပိုးသတ်ဆေးသောက်ပြီးတဲ့လူနာတွေရဲ့ သုံးရာခိုင်နှုန်းခန့်က ပိုးပြန်လည်တွေ့ရှိနိုင်ပါတယ်။ ၅-၁၀ ရာခိုင်နှုန်းမှာ တခြားလူများမှတစ်ဆင့် ရောဂါပိုး ပြန်လည်ကူးစက်နိုင်ပါတယ်။

**အစာအိမ်ရောဂါပိုး ကုသခြင်း၏ အကျိုးကျေးဇူး**

အသည်းရောင်ဘီပိုး၊ စီပိုး၊ HIV ပိုးတို့ထက် အစာအိမ်ရောဂါပိုး (H.Pylori)သည် ကူးစက်လွယ်ပြီး ပိုအဖြစ်များသော်လည်း အချိန်တိုအတွင်း ကုန်ကျမှုသက်သာစွာဖြင့် အမြစ်ပြတ်ကုသနိုင်ပါတယ်။ အချိန်တိုအတွင်း ညွှန်ကြားချက်အတိုင်း ကုသရုံဖြင့် နောက်ဆက်တွဲရောဂါဖြစ်တဲ့ အစာအိမ်အနာ၊ အူသိမ်အနာ၊ အစာအိမ်ရောင်ခြင်း၊ အစာမကြေခြင်းနှင့် အစာအိမ်ကင်ဆာအမျိုးမျိုးကိုလည်း ကာကွယ်ပေးနိုင်ပါတယ်။ ဒါ့အပြင် မိမိမှတစ်ဆင့် တခြားသူများကိုလည်း အစာအိမ်ရောဂါပိုး ကူးစက်ခြင်းကို ကာကွယ်ပေးနိုင်ပါတယ်။

**လူနာများလိုက်နာရန် အချက်များ**

အစာအိမ်ရောဂါပိုးရှိတဲ့ လူနာများအနေနဲ့ ဆေးလိပ်၊ အရက်၊ ကွမ်းတို့ကို ရှောင်ကြဉ်ရပါမယ်။ ပိုးသတ်ဆေးသောက်နေစဉ်ကာလအတွင်း သွားတိုက်တံ၊ မျက်နှာသုတ်ပဝါ၊ ခေါင်းအုံးစွပ်၊ ဇွန်း စတဲ့ ကိုယ်ပိုင်အသုံးအဆောင်ပစ္စည်းတွေကိုလည်း သီးသန့်အသုံးပြုရမည့်အပြင် အစာအိမ်ပိုးသတ်ဆေးကို ပျက်ရက်မရှိ အတိအကျ သောက်သုံးရပါမယ်။ မိမိနှင့်အတူနေသော အိမ်သားတွေကိုလည်း အစာအိမ်ရောဂါပိုး ရှိ မရှိ စစ်ဆေးသင့်ပါတယ်။

**ကြိုတင်ကာကွယ်ရေး**

ယနေ့အချိန်အထိ အစာအိမ်ရောဂါပိုး ကာကွယ်ဆေး (Vaccine) မှာ လေ့လာမှုအဆင့်သာရှိပြီး အသုံးမပြုနိုင်သေးပါ။ ဒါပေမယ့် တစ်ကိုယ်ရေသန့်ရှင်းရေး အလေးထားဂရုစိုက်ခြင်း၊ အစာမစားခင် လက်ကိုစင်ကြယ်အောင်ဆေးခြင်း၊ ယင်နားစာ မစားခြင်းတို့ဖြင့် ကာကွယ်နိုင်ပါတယ်။

**ဝမ်းချုပ်ခြင်း ဝေဒနာရောဂါဖြစ်ရခြင်း အကြောင်းရင်းများ**

အဓိကအကြောင်းရင်းကတော့ အလူမီနီယံပါသော အစာအိမ်ဆေး၊ ကိုဒင်းပါသော အကိုက်အခဲပျောက်ဆေး၊ သံဓာတ်ပါသောဆေး၊ စိတ်ကျရောဂါကုသဆေး (ဥပမာ- Tripta)၊ သွေးတိုးကျဆေး (ဥပမာ- Calcium Channel Blocker)၊ မူးယစ်ဆေးဝါး (Morphine)စတဲ့ ဆေးဝါးများအပြင် ဆီးချို၊ ကျောက်ကပ်အားနည်းရောဂါ၊ ပိုတက်စီယမ်ဓာတ်နည်းခြင်း၊ ကယ်လဆီယမ်ဓာတ်များခြင်း၊ သိုင်းရွိုက်ဂလင်းအားနည်းရောဂါ၊ ကိုယ်ဝန်ရှိခြင်း စတဲ့အခြေအနေတွေကလည်း ဝမ်းချုပ်ခြင်းဝေဒနာကို ခံစားရစေပါတယ်။ တခြားအကြောင်းရင်းအနေနဲ့ကတော့ အစာစားသောက်မှု လွဲမှားတာ၊ အသီးအနှံ၊ အသီးအရွက်၊ အမျှင်ဓာတ်မစားတာ၊ ဝမ်းသွားအကျင့်မမှန်တာအပြင်၊ ကာလကြာရှည်စွာ အိပ်ရာထဲလဲနေသောသူများ၊ အသက်ကြီးသူများ၊ အချိန်ကြာမြင့်စွာ ကား၊ ရထားစီးသူများမှာလည်း ဝမ်းချုပ်ခြင်းဝေဒနာကို ခံစားရနိုင်ပါတယ်။

အူလမ်းကြောင်းပိတ်ဆို့ခြင်းဆိုင်ရာ ရောဂါတွေဖြစ်တဲ့ အူမကြီးကင်ဆာ၊ အူကျွံ၊ အူခေါက်ခြင်း၊ စအိုဝကျဉ်းခြင်း၊ နာတာရှည်အူမကြီးရောင်ခြင်း၊ အူမကြီးသို့ သွေးလည်ပတ်မှုနည်းခြင်းစတဲ့ ရောဂါတွေကလည်း ဝမ်းချုပ်ခြင်းကို ဖြစ်စေပါတယ်။

အူလမ်းကြောင်းမပိတ်ဆို့ဘဲ ဝမ်းချုပ်ခြင်းအနေနဲ့ အူလမ်းကြောင်းလှုပ်ရှားမှု ပုံမမှန်ခြင်း၊ အူမကြီး ပုံမှန်ထက် အဆမတန်ကျယ်ခြင်း၊ စအိုကျွံခြင်း၊ ဝမ်းညှစ်ကြွက်သား အားနည်းခြင်း၊ စိတ်ကျရောဂါ၊ ဝမ်းကိုပုံမှန်မသွားဘဲ ချုပ်တည်းထားခြင်းတို့ကြောင့်လည်း ဝမ်းချုပ်ခြင်းဝေဒနာကို ခံစားရစေပါတယ်။

**စမ်းသပ်စစ်ဆေးမှုများ**

ပုံမှန်စမ်းသပ်မှုအနေနဲ့ ဝမ်းသွားလမ်းကြောင်း စစ်ဆေးခြင်း၊ သွေးစစ်ဆေးခြင်း၊ ယူရီးယားနှင့် ဓာတ်ဆားများ စစ်ဆေးခြင်းနှင့် တခြားစစ်ဆေးမှုများ ပြုလုပ်နိုင်ပါတယ်။

ဒါ့အပြင် အူလမ်းကြောင်းဆေးသွင်း ဓာတ်မှန်ရိုက်ခြင်း၊ အူလမ်းကြောင်း မှန်ပြောင်းကြည့်ခြင်း၊ စအိုဝအသားစယူ၍ စစ်ဆေးခြင်း၊ အူလမ်းကြောင်း ဖြတ်သန်းချိန်တိုင်းတာခြင်း၊ ပူဖောင်းဖြင့် လေသွင်းစစ်ဆေးခြင်း၊ အူလမ်းကြောင်း ကြွက်သားစစ်ဆေးခြင်း စတဲ့ စမ်းသပ်စစ်ဆေးမှုတွေလည်း ပြုလုပ်ပြီး ဝမ်းချုပ်ရခြင်းရဲ့ အကြောင်းရင်းကို ရှာဖွေသိရှိနိုင်ပါတယ်။

**အရေးကြီး ရောဂါလက္ခဏာများ**

မိမိမှာ ဝမ်းချုပ်ခြင်းအပြင် အခြားလက္ခဏာတွေဖြစ်တဲ့ ကိုယ်အလေးချိန် သိသိသာသာကျသွားခြင်း ၊ ဝမ်းသွား၍ သွေးပါခြင်း၊ ဝမ်းသွားအားမရခြင်း၊ ဝမ်းကျန်ခြင်း၊ ဗိုက်ဖောင်းလာခြင်း၊ ဝမ်းသွားလိုက်၊ ဝမ်းချုပ်လိုက်ဖြစ်ခြင်း၊ ဗိုက်မှာအလုံးပေါ် လာခြင်း၊ ပျို့အန်ခြင်း၊ သွေးအားနည်းခြင်း၊ ဗိုက်နာခြင်းတို့ကို ခံစားရလျှင် ဆရာဝန်နှင့် အမြန်ဆုံးပြသသင့်ပါတယ်။ ဒါ့အပြင် မိမိဆွေမျိုးများထဲမှ အူမကြီးကင်ဆာဖြစ်သူများရှိပြီး မိမိမှာ ဝမ်းချုပ်ခြင်းဝေဒနာ ကြာရှည်ခံစားနေရလျှင်လည်း ဆရာဝန်နှင့် အမြန်ဆုံးပြသသင့်ပါတယ်။

**ကုသနည်းများ**

ကုသနည်း(၄)မျိုးရှိပါတယ်။

၁။ အထွေထွေကုသနည်းတွေအနေနဲ့ ဝမ်းချုပ်ခြင်းကို ဖြစ်စေသော အခြားရောဂါများကို ဦးစွာကုသရပါမယ်။ ဝမ်းချုပ်စေသော ဆေးများ၊ ဝမ်းနှုတ်ဆေးအပြင်းစားများကိုလည်း ရပ်ထားရပါမယ်။ အမျှင်ဓာတ်များများပါသော အသီးအနှံ၊ ဟင်းသီးဟင်းရွက်များစားခြင်း၊ ရေ၊ ဖျော်ရည်နဲ့ အချိုရည်များများသောက်ခြင်းအပြင် နေ့စဉ်ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်ပြီး လက်ဖက်ရည်၊ ကော်ဖီ၊ ဆေးလိပ်၊ ကွမ်းတို့ကို ရှောင်ကြဉ်သင့်ပါတယ်။ ဒါ့အပြင် အမျှင်ဓာတ်ပါသော ဆေးများကိုလည်း တွဲဖက်သောက်သုံးနိုင်ပါတယ်။

၂။ မနက်တိုင်း အိမ်သာသွားသည့်အကျင့်လုပ်ပြီး ပုံမှန်ဝမ်းသွားမှန်အောင် ပြုလုပ်သင့်ပါတယ်။

၃။ ဆေးဝါးဖြင့်ကုသခြင်းအနေနဲ့ ဝမ်းသွားလွယ်သောဆေးများ၊ ဝမ်းပျော့ဆေးများ၊ ဝမ်း၏ရေပမာဏကို များစေသောဆေးများ၊ အူလမ်းကြောင်းကို လှုံ့ဆော်သောဆေးများ (ပွေးကိုင်း)၊ အူလှုပ်ရှားမှုကို မြန်စေသောဆေးများ (Metoclopramide, Domperidone)၊ ဝမ်းချူဆေး တောင့်များကို ဆရာဝန်၏ ညွှန်ကြားချက်အတိုင်း သောက်သုံး သင့်ပါတယ်။

၄။ အူလမ်းကြောင်းပိတ်ခြင်းနှင့် အူမကြီးကင်ဆာကြောင့်ဖြစ်သော ဝမ်းချုပ်ရောဂါကိုတော့ ခွဲစိတ်ကုသခြင်းနည်းဖြင့်သာ ကုသနိုင်ပါတယ်။

**ဝမ်းနုတ်ဆေးများ၏ ဆိုးကျိုးများ**

ဝမ်းနုတ်ဆေးများကို ကြာရှည်စွာသုံးစွဲပါက ခန္ဓာကိုယ်အတွင်း ပိုတက်စီယမ်ဓာတ်လျော့နည်းခြင်းကြောင့် ကြွက်တက်ခြင်း၊ ကြွက်သားအားနည်းခြင်း၊ မောပန်းလွယ်ခြင်းနှင့် နှလုံးခုန်မမှန်ခြင်းတို့ ဖြစ်တတ်ပါတယ်။ ဒါ့အပြင် အူလမ်းကြောင်းကြွက်သားများ ညှစ်အားလျော့နည်းသွားပြီး နောင်တွင် ဝမ်းနုတ်ဆေးမစားပါက ပုံမှန်ဝမ်းသွား၍မရခြင်းတို့ ဖြစ်တတ်ပြီး နှစ်ရှည်လများ ဝမ်းနုတ်ဆေးစားသူများ၏ အူမကြီးအမြှေးပါးဟာ မူလအရောင်မှ အမည်းရောင်(သို့မဟုတ်) အညိုရောင်သို့ ပြောင်းသွားနိုင်ပါတယ်။ အချို့သော ဝမ်းနုတ်ဆေးများကို ကိုယ်ဝန်ဆောင်စဉ်တွင် မသောက်သုံးသင့်ပါဘူး။ အချို့သော ဝမ်းနုတ်ဆေးများဟာ ဆီးချိုရောဂါကို ပိုဆိုးစေပြီး ဗိုက်နာခြင်း၊ လေပွခြင်း၊ လေမလည်ခြင်းတို့ကိုလည်း ဖြစ်စေပါတယ်။ တခြားဆေးများနှင့်တွဲ၍ ဝမ်းနုတ်ဆေးစားပါက တခြားသောဆေးများရဲ့ ဆေးအာနိသင်ထိရောက်မှုကိုလည်း လျော့နည်းစေနိုင်ပါတယ်။

**အဓိကမှတ်ရန်မှာ**

ဝမ်းချုပ်ဝေဒနာသည်အများစုမှာ စားသောက်ပုံမမှန်ခြင်း၊ ရေသောက်နည်းခြင်း၊ ဝမ်းကိုအကျင့်လုပ်၍ မသွားခြင်း၊ အူလမ်းကြောင်းလှုပ်ရှားမှု မမှန်ခြင်းနဲ့ ကိုယ်လက်လှုပ်ရှားမှု နည်းခြင်းတို့ကြောင့် ဝမ်းချုပ်ရခြင်းဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဝမ်းချုပ်ခြင်းဟာ အူမကြီးကင်ဆာနှင့် အခြားသော အရေးကြီးတဲ့ရောဂါများရဲ့ကနဦးရောဂါလက္ခဏာ ဖြစ်နိုင်သောကြောင့် မပေါ့ဆသင့်ပါ။ လိပ်ခေါင်းရောဂါကြောင့် စအိုမှ သွေးဆင်းသူများ ဝမ်းချုပ်၍ညှစ်ရလျှင် ရင်ဘတ်အောင့်တတ်သော နှလုံးသွေးကြောကျဉ်းရောဂါရှင်များနှင့် ဆေးဝါးများကြောင့် ဝမ်းချုပ်သူများသာ ဝမ်းပျော့ဆေးသောက်သင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဥပမာအနေနဲ့ အူမကြီးလမ်းကြောင်းပိတ်ခြင်းကြောင့်ဖြစ်သော ဝမ်းချုပ်ရောဂါတွင် ဝမ်းနုတ်ဆေးကြောင့် အူပေါက်ခြင်း၊ ရောဂါပိုဆိုးခြင်း၊ အရေးပေါ်ခွဲစိတ်ရခြင်းတို့အထိ ဖြစ်နိုင်သောကြောင့် ဖြစ်ပါတယ်။ ဝမ်းချုပ်ဝေဒနာသည်များအနေနဲ့ မလိုအပ်ဘဲ ဝမ်းနုတ်ဆေးများစားခြင်းကို ရှောင်ကြဉ်ပြီး ရေများများသောက်ခြင်း၊ ဟင်းသီးဟင်းရွက်၊ အသီးအနှံများစားခြင်း၊ လက်ဖက်ရည်၊ ကော်ဖီလျှော့သောက်ခြင်း၊ ဝမ်းချုပ်စေသော ဆေးများကို ရှောင်ကြဉ်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှု ပုံမှန်လုပ်ခြင်း၊ ဝမ်းပုံမှန်သွားအောင် အလေ့အကျင့်ပြုလုပ်ခြင်း၊ စိုးရိမ်ပူပန်မှုများကို တတ်နိုင်သလောက်လျှော့ချခြင်းနဲ့ သင့်တော်သော ဝမ်းပျော့ဆေးတစ်မျိုးမျိုးကို သုံးစွဲခြင်းဖြင့် သက်သာပျောက်ကင်းနိုင်ပါတယ်။

နိဂုံးချုပ်အနေနဲ့ အကြံပေးလိုတာကတော့ ကျန်းမာရေးဗဟုသုတများတိုးပွားအောင် ကျန်းမာရေးစာစောင်များကို အစဉ်မပြတ်ဖတ်ရှုပြီး ရောဂါဝေဒနာလက္ခဏာတစ်ခုခု ခံစားရလာပါက ဆေးမြီးတိုများဖြင့် ကုသခြင်းမပြုဘဲ နားလည်တတ်ကျွမ်းတဲ့ဆရာဝန်များရဲ့ ကုသမှုကို ခံယူခြင်းအားဖြင့် အနာရောဂါကင်းစင်ကာ သက်တမ်းစေ့နေနိုင်မှာ ဖြစ်ပါတယ်။

# ဝန်းသိုတွင် မူးယစ်ဆေးဝါးမှုဖမ်းဆီးစဉ် ရဲကိုခုခံပြီး ပြစ်မှုကျူးလွန်သူလွတ်မြောက်

**ဝန်းသို မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ် ကျွဲခြံကူးရွာတွင် မူးယစ်ဆေးဝါးမှုနှင့် ပတ်သက်၍ ဖမ်းဆီးစဉ် ရွာသားလေးဦးက ရဲကို ပြန်လည်ခုခံပြီး ပြစ်မှုကျူးလွန်သူမှာ လွတ်မြောက်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၇ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်တွင် ဝန်းသိုရဲစခန်းမှ စခန်းမှူး ဒုရဲမှူး တင်မောင်သက်နှင့်အဖွဲ့၊ စစစ(ကောလင်း)မှ ဦးစီးအရာရှိ ဦးအောင်ကျော်သူနှင့်အဖွဲ့၊ ကောလင်းရဲစခန်းမှ စခန်းမှူးဒုရဲမှူး ညီညီအောင်နှင့်အဖွဲ့တို့ ပူးပေါင်း၍ ဝန်းသိုမြို့နယ် ကျွဲခြံကူးရွာနေ ဒေါ်သေး၏ လယ်တဲကို ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ ဘိန်းဖြူ ၀ ဒသမ ၂၅ ဂရမ်ခန့်ပါ ပင်နီဆီလင်ပုလင်း တစ်လုံးကို ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် ဝန်းသိုရဲစခန်းသို့ ဒေါ်သေးအား ခေါ်ဆောင်လာစဉ် ကျွဲခြံကူးရွာအစွန်အရောက် အိမ်များကြားမှ တင်အေးပါလေးဦးက စခန်းမှူးနှင့်အဖွဲ့အား ဓားဖြင့်ဝင်ရောက်ခုတ်၍ ဒေါ်သေးကို လုယူသဖြင့် ၎င်းမှာ လက်ထိပ်ခတ်လျက် ပြန်လည်လွတ်မြောက်သွားပြီး ဝန်းသိုမြို့မရဲစခန်းမှူး ဒုရဲမှူး တင်မောင်သက်တွင် ပြတ်ရှဒဏ်ရာ(မစိုးရိမ်ရ)များ ရရှိသွား၍ တင်အေးပါလေးဦးအား အမြန်ဖမ်းဆီးရမိရေးအတွက် သက်ဆိုင်ရာ ပူးပေါင်းအဖွဲ့နှင့်အတူ လိုက်လံဖမ်းဆီးလျက်ရှိကြောင်း သိရသည်။

ရဲကိုပြန်လည်ခုခံပြီး ပြစ်မှုကျူးလွန်သူအား လွတ်မြောက်အောင် အားပေးကူညီသူ ဝန်းသိုမြို့နယ် ကျွဲခြံကူးရွာသားများ ဖြစ်ကြသော တင်အေး၊ သိုင်းအောင်၊ ကျော်ထူး၊ အောင်ကျော်ကျော်(ခ) မဲကျော်တို့ လေးဦးအား ဝန်းသိုရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ငွေကျပ်သိန်း ငါးထောင်ကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံးများ ဖမ်းမိ



**တာချီလိတ် မေ ၂၈**

တာချီလိတ်မြို့နယ်၌ ငွေကျပ်သိန်းငါးထောင်ကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံးများကို မေ ၂၈ ရက်က ဖမ်းဆီးရမိကြောင်း သိရသည်။

မေ ၂၈ ရက် နံနက် ၁ နာရီ ၁၅ မိနစ်ခန့်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ) အုပ်စု ပါခုတ်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဝေ့လေလန်ကျေးရွာမှ လွန်းကျိုင်းကျေးရွာဘက်သို့ စိုင်းဖတ်အွန်နွန်း(ခ)အိုက်ပီး မောင်းနှင်လာသော SHN 9G/----- MARK-X အမျိုးအစားမော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်နောက်ဖုံးအတွင်းမှ ဆာလာအိတ်ဖြင့်ထည့်လျက် တစ်တုံးလျှင် အလေးချိန် ၀ ဒသမ ၃၅ ကီလိုဂရမ်ခန့်စီပါ ဘိန်းဖြူဘလောက်တုံး ၉၇ တုံး စုစုပေါင်း အလေးချိန် ၃၃ ဒသမ ၉၅ ကီလိုဂရမ်ခန့် ငွေကျပ် သိန်း ၅၄၃၂ ခန့်အား သိမ်းဆည်းရမိသည်။

ဖမ်းဆီးရမိသူ စိုင်းဖတ်အွန်နွန်း(ခ)အိုက်ပီး၏ ဝန်ခံထွက်ဆိုချက်အရ တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)အုပ်စု ဝေ့လေလန်ကျေးရွာ၌ နေထိုင်သူ စိုင်းငင်း(ခ)ဖိုးစီ၏ နေအိမ်ကို နံနက် ၀၃ နာရီ ၁၅မိနစ်တွင် ပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေရာ စိုင်းငင်းအား မတွေ့ရှိရဘဲ တိမ်းရှောင်လျက်ရှိသည်။

မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူ စိုင်းဖတ်အွန်နွန်း(ခ)အိုက်ပီး (၃၅ နှစ်)နှင့် တိမ်းရှောင်သူ စိုင်းငင်း(ခ)ဖိုးစီ(၃၀ နှစ်)တို့ကို ဝမ်ပုံနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

# အရှိန်မထိန်းနိုင်၍ ယာဉ်တိမ်းမှောက်မှုဖြစ်



**ကျောက်တံခါး မေ ၂၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်း အမြန်လမ်းမကြီးရဲစခန်းအပိုင် ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၀၄/၂)နှင့် (၁၀၄/၃) အကြား၌ ယနေ့ ညနေ ၄ နာရီခွဲက ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်းကျော်မိုး(၃၁နှစ်) ဘားအံမြို့နေသူ မောင်းနှင်လာသော ယာဉ်အမှတ် 5E/---တိုယိုတာဆာ့ဖ်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်သို့ရောက်ရှိကာ ရေထုတ်ပြွန်ကို တိုက်မိ၍ တိမ်းမှောက်ခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်ပေါ်ပါသူများထိခိုက်ဒဏ်ရာမရရှိကြောင်း၊ ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းရဲစခန်းက ယာဉ်မောင်း ကျော်မိုးအား အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# အမြန်လမ်း မိုင်တိုင် ၂၇၆ အနီး မော်တော်ယာဉ်တိမ်းမှောက်၍ နှစ်ဦးသေဆုံး

**မိတ္ထီလာ မေ ၂၈**

မိတ္ထီလာမြို့နယ် အလည်ရွာကျေးတောင်ဘက် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် ၂၇၆ အနီး၌ ယနေ့ နံနက် ၆ နာရီ ၅ မိနစ်ခန့်က မော်တော်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်၍ ယာဉ်ပေါ်တွင် လိုက်ပါလာသူ ရှစ်ဦးဒဏ်ရာရရှိပြီး ၎င်းတို့အနက်မှ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်။

ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ကိုဇော်မင်းဦး(ခ)မင်းဇော် မောင်းနှင်သည့် ယာဉ်အမှတ် YGN-9E/----ဆာ့ဖ်ယာဉ်မှာ မိုင်တိုင်အမှတ် ၂၇၆ အနီး၌ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်၍ ယာဉ်မောင်းအပါအဝင် ယာဉ်ပေါ်ပါ အမျိုးသားလေးဦး၊ အမျိုးသမီးလေးဦး ဒဏ်ရာရရှိခဲ့ပြီး ခရိုင်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ပြင်ပလူနာဌာနသို့ ပို့ဆောင်ကုသခဲ့သည်။

ခရိုင်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ပြင်ပလူနာဌာနသို့ ရောက်ရှိပြီးနောက် ဒဏ်ရာရ လူနာရှစ်ဦးအနက်မှ ဦးစံငွေ(၆၀ နှစ်)နှင့် ဒေါ်အေးမြင့် (၄၇ နှစ်) မအူကျေးရွာလှည်းကူးမြို့နယ်တွင် နေထိုင်သူနှစ်ဦးမှာ သေဆုံးသွားကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုနှင့် ပတ်သက်၍ ယာဉ်မောင်းဖြစ်သူ ကိုဇော်မင်းဦး(ခ) မင်းဇော်အား သက်ဆိုင်ရာက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# အင်းတော်တွင် ယာဉ်တိုက်မှုဖြစ်၊ နှစ်ဦးသေဆုံး

**အင်းတော် မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ပင့်တင်ရွာအနီး ယာဉ်တိုက်မှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

မေ ၂၈ ရက် နံနက် ၃ နာရီ ၁၅ ခန့်တွင် အင်းတော်မြို့နယ် ပင်ဝယ်ရဲကင်းစခန်းမှူး ရဲအုပ်မင်းသိန်းထွန်းနှင့် အဖွဲ့သည် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ရွှေဘို-မြစ်ကြီးနားကားလမ်း မိုင်တိုင်အမှတ် (၁၅၀/၄နှင့် ၅) ကြား အရှည်ကြီးဆိုသူမောင်းနှင်သော ခြောက်ဘီး UD ကင်တာယာဉ်သည် မန္တလေးဘက်သို့လှည့်၍ရပ်ထားစဉ် မြစ်ကြီးနားမှ အငယ်လေး(ခ)ဒိုဘီဆိုသူမောင်းနှင်လာသော 5G/---- ကချင်မန္တလာ မီနီဘတ်စ်ယာဉ်က အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိရာ အငယ်လေး(ခ)ဒိုဘီ(၃၇ နှစ်)နတ်မောက်မြို့နှင့် ယာဉ်ပေါ်ပါ ခရီးသည် ဦးမြတ်သူတို့မှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး ၁၁ ဦး ဒဏ်ရာများ ရရှိသွားသည်။ ယာဉ်တိုက်မှုနှင့်ပတ်သက်၍ မော်လူးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပေါက်ခေါင်းမြို့၊ အထက အိုးဘိုကုန်း တက္ကသိုလ်ဝင်တန်းမှ မချောသီရိအောင်၏ဖခင် ဦးချိုမြင့်နှင့် ဦးအောင်ချိုမြင့် ၇/ပခတ(နိုင်)၀၃၅၆၉၃သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပေါက်ခေါင်းမြို့၊ အထက အိုးဘိုကုန်း နဝမတန်းမှ မနှင်းပွင့်ဖြူ၏ဖခင် ဦးနိုင်နိုင်ကြီးနှင့် ဦးသန်းနိုင် ၇/ပတတ(နိုင်) ၀၄၀၀၅၅သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပေါက်ခေါင်းမြို့၊ အထက အိုးဘိုကုန်း တက္ကသိုလ်ဝင်တန်းမှ မအေးမြတ်သူဇာနှင့် နဝမတန်းမှ မအေးမြသီတာတို့၏ဖခင် ဦးစံကဲနှင့် ဦးစံမောင် ၇/ပခတ(နိုင်) ၀၂၃၈၆၉ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပေါက်ခေါင်းမြို့၊ အထက အိုးဘိုကုန်း နဝမတန်းမှ မစန်းသီတာ၏ဖခင် ဦးမွှေးနှင့် ဦးစံမောင် ၈/အလန(နိုင်) ၁၂၄၁၁၄သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပေါက်ခေါင်းမြို့၊ အထက အိုးဘိုကုန်း တက္ကသိုလ်ဝင်တန်းမှ မောင်သူရနိုင်၏ဖခင် ဦးနိုင်မြင့်စိုးနှင့် ဦးမြင့်နိုင်စိုး ၇/ပတတ(နိုင်) ၁၃၇၅၄၂သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 1F/6453 Mazda Scrum DG63T, P/U (4x4) ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်ကြိုင် ၁၂/ဗတထ(နိုင်)၀၂၂၉၀၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ရန်ကုန်မြို့**

**လိုင်စင်ပျောက်ဆုံးကြောင်း**

ILV 15-16 2960 လိုင်စင် ပျောက်ဆုံးပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် အသိပေးအပ်ပါသည်။

**ဖုန်း-၀၉-၇၉၉၆၈၉၅၀၄**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3J/4570 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9H/3515 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူး**

**ကျေးဇူးဆပ်ပါမည်**

ဒေါ်နီနီလှိုင် ၁၂/တမန(နိုင်) ၀၀၅၁၆၇ အမည်ဖြင့် မှတ်သားထားသော Super Mon Light Truck ၈ဃ/၁၂၂၀(8E/1220)၏ ပရိမီယာစာအုပ်မူရင်း၊ Owner Book မူရင်းနှင့် ဗီးတက်မူရင်းတို့မှာ ပျောက်ဆုံးသွားပါ၍ တွေ့ရှိသူများ သုံးရက်အတွင်း လာရောက်ပေးအပ်ပါရန်နှင့် ကျေးဇူးဆပ်မည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်သန်း**

**ဆက်သွယ်ရန်ဖုန်း-**

**၀၉-၄၂၈၁၂၆၈၄၅၊၀၉-၅၀၂၈၈၄၆**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7I/7583 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ဃ/၇၃၄၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန (ရွာသာကြီး)**



**ကျေးဇူးဆပ်ပါမည်**

ခွန်မျိုးသန်း (ဝဲအစွန်)၊ ခွန်ထွန်းနိုင်ဦး (လယ်)၊ ဇာအောင်(ခ) ချစ်ချစ် (ယာအစွန်) အထက်ပါပုံပါ (၆) နှစ်အရွယ်ခန့် ပအိုဝ်းတိုင်းရင်းသား ကလေးသုံးယောက်သည် ၂၆-၅-၂၀၁၆ ကြာသပတေးနေ့ ညနေပိုင်းတွင် အသိမပေးဘဲ ထွက်ခွာသွား၍ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာ ဖုန်းနံပါတ်များနှင့် နီးစပ်ရာရဲစခန်းသို့ ဆက်သွယ်အကြောင်းကြားပေးပါရန် ပန်ကြားအပ်ပါသည်။

**ပိတောက်ရွှေဝါကျောင်းတိုက် အမှတ် (၅) ရပ်ကွက်၊ မရမ်းကုန်း**

**၀၉-၄၂၁၃၄၉၉၆၄၊ ၀၉-၄၅၀၇၀၇၄၄၇**

**ပြည်ထောင်စုနေ့စဉ်သတင်းစာတိုက်**

**သတင်းစာအရောင်းကိုယ်စားလှယ်များ**

**အလိုရှိသည်**

ပြည်ထောင်စုနေ့စဉ်သတင်းစာကို မြို့နယ်များတွင် ဖြန့်ချိရောင်းချရေးအတွက် သတင်းစာအရောင်း ကိုယ်စားလှယ်များ အလိုရှိသည်။

အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်။

ပြည်ထောင်စုနေ့စဉ်သတင်းစာတိုက်
မေဓာ္ဂလမ်းနှင့် သခင်ဖိုးလှကြီးလမ်းထောင့်၊ ၁၄/၁ ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၁-၈၅၀၀၇၅၁၊ ၀၉-၂၅၆၀၅၀၂၃၄၊ ၀၉-၄၂၀၀၅၉၄၃၄

# အခမဲ့ကျောင်းအပ်နှံရ၍ ကျောင်းသားမိဘများပျော်ရွှင်ရသော်လည်း ကျောင်းကျူရှင်ခေါ်မည်ကို ပူပန်နေရဆဲဟုဆို

**ရန်ကုန် မေ ၂၈**

ယခုနှစ်ကျောင်းဖွင့်ရာသီတွင် မေ ၂၅ ရက်မှစ၍ ကျောင်းအပ်လက်ခံလျက်ရှိရာ ကျောင်းပေါင်း ၅၈ ကျောင်းရှိသည့် လှိုင်သာယာမြို့နယ်တွင်လည်း စာသင်ကျောင်းများမှ ကျောင်းအပ်လက်ခံလျက်ရှိသည်။

နိုင်ငံတော်က မူလတန်းမှတက္ကသိုလ်ဝင်တန်းထိ အခမဲ့ပညာရေးစနစ်ကို ထိရောက်စွာအကောင်အထည်ဖော်လျက်ရှိသည့်အတွက် ကျောင်းအပ်နှံရာတွင် အခမဲ့ကျောင်းအပ်နှံခွင့် ရရှိကြကာ မူလတန်းအဆင့်တွင် ပုံနှိပ်စာအုပ်သာမက ကျောင်းဝတ်စုံတစ်စုံရရှိသည့်အတွက် ဝတ်စုံစရိတ် သက်သာမှုကြောင့် ကျောင်းသား မိဘများဝမ်းသာ ကြည်နူးပီတိဖြစ်လျက်ရှိနေကြပြီး အပူတစ်ခုငြိမ်းသော်လည်း ကျောင်းဖွင့်ချိန်တွင် ယခင်နှစ်များကဲ့သို့ ကျောင်းကျူရှင်ခေါ်မည်ကို ကျောင်းသားမိဘများ ပူပန်နေရလျက်ရှိကြောင်း သိရသည်။

"သားကလေးတန်းကျောင်းသားပါ။ ဒီနှစ်ကျောင်းအပ်တာ ငွေတစ်ပြားမှ မပေးရလို့ မိဘတွေဝမ်းသာနေကြတာ။ ကျောင်းအပ်ချိန်ဆိုရင် လက်လုပ်လက်စားတွေပိုဆိုးတာပေါ့။ စားရေးသောက်ရေးနဲ့ကျောင်းအပ်ဖို့၊ ဝတ်စုံဖိုးရှာရတာမလွယ်ဘူး။ ကျောင်းစရိတ်မတတ်နိုင်လို့ကျောင်းမထားနိုင်ခဲ့တဲ့ မိဘတွေလည်း ဒီနှစ်ကျောင်းထားနိုင်တော့ ဝမ်းသာနေကြတယ်။ နဝမတန်းကျောင်းသားလည်း ကျောင်းအပ်ခမပေးရဘူး။ တံဆိပ်ခေါင်းတစ်ခုပဲ အပြင်မှာသွားဝယ်ရတာပဲရှိတယ်။ ဒီနှစ်က မိဘတွေ တော်တော်လေးကို အသက်ရှူချောင်တဲ့ နှစ်ပါပဲ။ တစ်ခုပဲရှိတယ်ကျောင်းဖွင့်ချိန်မှာ ကျောင်းကျူရှင်ခေါ်လို့ မတက်ရင် ကလေးတွေမျက်နှာငယ်ရမှာကိုပဲ စိုးရိမ်နေမိတယ်"ဟုအမှတ်(၂၂)အလယ်တန်းကျောင်း(ခွဲ)တွင် ကျောင်းအပ်လာသော ကျောင်းသားမိဘတစ်ဦးက ပြောသည်။

ယခုနှစ် ကျောင်းအပ်ရာသီတွင် ယမန်နှစ်ထက် သူငယ်တန်းကျောင်းအပ်နှံမှုတိုးလာကြောင်းသိရပြီး ယခုနှစ်မှ စတင်သည့် (KG 0) မူကြိုပုံစံ ကျောင်းသားများအတွက် ဝတ်စုံတစ်စုံနှင့်ဗလာစာအုပ်လေးအုပ်ပေးကြောင်း၊ ပထမတန်းအတွက် ကျောင်းဝတ်စုံ၊ လက်ရေးလှစာအုပ်လေးအုပ်နှင့် ဖတ်စာအုပ်ပေးကြောင်း၊ ဒုတိယတန်းမှ စတုတ္ထတန်းထိအတွက် ကျောင်းဝတ်စုံတစ်စုံ၊ ဖတ်စာအုပ်အစုံနှင့် ဗလာစာအုပ်ခြောက်အုပ်ပေးကြောင်း၊ ပဥ္စမတန်းမှ တက္ကသိုလ်ဝင်တန်းထိ ပုံနှိပ်စာအုပ်အစုံပေးကာယခင်ကကောက်ခံသော PDA ကြေး အပါအဝင် အခြားငွေကြေးများကိုလည်း ကောက်ခံခြင်းမရှိဘဲ စာလည်းကပ်ထားကြောင်း၊ ကျောင်းသားများ စာဖြင့်သာ လုံးပန်းနေရ၍ ပြင်ပဗဟုသုတ အားနည်း ခဲ့သည့်အတွက်ယခုလို (KG 0) စနစ်ဖြင့် မူကြိုအရွယ်မှ စတင်ပြောင်းလဲလာမှုကို ကြိုဆိုကြောင်းနှင့် ယခုအစိုးရလက်ထက်တွင် သင်ကြားမှုပုံစံနှင့် သင်ရိုးပြောင်းလဲမှုကို စတင်ခဲ့ခြင်းဖြစ်၍ ဝမ်းသာကြောင်း အမှတ် (၂၂) အလယ်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ဆရာကြီး ဦးကျော်ဇေယျက ပြောသည်။

**သန်းထိုက်(လှိုင်သာယာ)**





## နွေရာသီကြက်တောင်ရိုက် သင်တန်းဆင်းပွဲကျင်းပ

**မန္တလေး မေ ၂၈**

မန္တလေးတိုင်းဒေသကြီး ကြက်တောင်ဆပ်ကော်မတီကကြီးမှူး၍ နွေရာသီအခြေခံကြက်တောင်ရိုက်သင်တန်းဆင်းပွဲကို မေ ၂၈ ရက် ညနေ ၄ နာရီက အောင် ကြက်တောင်ကလပ်၌ ကျင်းပရာ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး အောင်ကြက်တောင်ကလပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သည်။

ဆက်လက်၍ သင်တန်းဆင်းပွဲအထိမ်းအမှတ်ကြက်တောင်ရိုက်ပြိုင်ပွဲကျင်းပရာ ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**တင်မောင်(မန်းကိုယ်ပွား)**

❊ *ကျော့ဖုံးမှ*

မြန်မာအသင်းနည်းပြချုပ် ဂရစ်ဖရိုင်းဒရစ်မှာ ပွဲထွက်လူစာရင်းကို အနည်းငယ်အပြောင်းအလဲပြုလုပ်ခဲ့ပြီး ဂိုး-ပြည့်ဖြိုးအောင်၊ နောက်တန်း-မျိုးကိုထွန်း၊ အောင်ဇော်၊ ဖြိုးကိုကိုသိန်း၊ ဟိန်းသီဟဇော်၊ အလယ်တန်း-ဒေးဗစ်ဒန်း၊ ရန်အောင်ကျော်၊ ရဲကိုဦး၊ မောင်မောင်လွင်၊ ရှေ့တန်း-ကျော်ကိုကို၊ အောင်သူတို့ဖြင့် ပွဲထွက်ခဲ့သည်။

မြန်မာအသင်းမှာ ပရိသတ်များ၏ တစ်ခဲနက်အားပေးမှုနှင့်အတူ ပထမပိုင်းတွင် ပိုဖိကစားနိုင်ခဲ့သည်။ အဆုံးသတ်အားနည်းနေသည့် မြန်မာအသင်းတိုက်စစ်မှာ ထပ်မံရုန်းကန်ခဲ့ရပြီး ဂိုးရနိုင်သည့် အခွင့်အရေးများကို အသုံးမချနိုင်ခဲ့ပေ။ ၁၁ မိနစ်တွင် အောင်သူ ဖန်တီးပေးသည့် ဘောလုံးကို မောင်မောင်လွင် အပိုင်ကန်ခွင့်ရခဲ့သော်လည်း ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့ပေ။ မိနစ် ၂၀ နောက်ပိုင်းတွင် မလေးရှားအသင်းက မြန်မာအသင်းကို ပြန်ဖိလာနိုင်ခဲ့ပြီး ဂိုးပေါက်ခြိမ်းခြောက်မှုအချို့ပြုလုပ်ခဲ့သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းမှာ ကစားသမားအပြောင်းအလဲလုပ်ခဲ့ပြီး ကျော်ကိုကို၊ မောင်မောင်လွင်၊ ဟိန်းသီဟဇော်၊ ပြည့်ဖြိုးအောင်(ဂိုး)တို့အစား ကြည်လင်း၊ သန်းပိုင်၊ ဆောင်လမန်၊ ရန်အောင်လင်း(ဂိုး)တို့ကို ပြောင်းလဲအသုံးပြုခဲ့သည်။ မြန်မာအသင်းမှာ ခြေအသာဖြင့် ဖိကစားနိုင်ခဲ့သော်လည်း မလေးရှားအသင်းက ပယ်နယ်တီဧရိယာအတွင်း အဝင်မခံဘဲ ဆင့်ကဲဆင့်ကဲဖျက်ထုတ်ခဲ့သည်။ ယင်းအတွက်ကြောင့် မြန်မာအသင်းမှာ အဝေးကန်ချက်များဖြင့်သာ ဂိုးရရန်ကြိုးစားခဲ့ရသည်။ မိနစ် ၈၀ နောက်ပိုင်းတွင် မလေးရှားအသင်း ပြန်လည်ဖိကစားနိုင်ခဲ့သော်လည်း မြန်မာနောက်တန်းအမှားအယွင်းမရှိ ဖျက်ထုတ်နိုင်ခဲ့သည်။ ပွဲပြီးခါနီးတွင် မြန်မာ အသင်းက ကြည်လင်းအစား ဝင်းနိုင်စိုး၊ ရဲကိုဦး အစား လှိုင်းဘိုဘိုတို့ကို ထည့်သွင်း ကစားခဲ့သည်။

## မုတ်သုံလေ အားကောင်းမည်

နေပြည်တော် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့အနီးတစ်ဝိုက် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရန်ကုန်မြို့တွင် မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေမည်။

**(မိုး/ဇလ)**

## အသေးစားစက်မှုလက်မှု လုပ်ငန်းထုတ်ကုန်ပစ္စည်းပြပွဲဖွင့်

**ရန်ကုန် မေ ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ပြည်သူ့အတွက် ပထမရက် ၁၀၀ တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် အသေးစားစက်မှုလက်မှု ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့မြောက်ဥက္ကလာပ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးဝင်းအတွင်း၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ပြခန်းများအား လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ပြပွဲနှင့်ဈေးရောင်းပွဲတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်များ၏ ထုတ်ကုန်ပစ္စည်းများနှင့်သွင်းကုန်အစားထိုးစက်ပစ္စည်းကိရိယာများ၊ ထုပ်ပိုးမှုဆိုင်ရာ စက်ပစ္စည်းများ၊ စက်မှုလက်မှုသမဝါယမအသင်းများ၏ ထုတ်ကုန်များ၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနေသော ထုတ်ကုန်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုစက်ပစ္စည်းများ၊ ကုန်ထုတ်လုပ်မှုဆိုင်ရာ နည်းပညာပေးပြခန်းများ ပါဝင်ပြသကြပြီး ပြပွဲကို မေ ၂၉ ရက် နံနက် ၉နာရီမှ ည ၉နာရီအထိ ရောင်းချပြသသွားမည်ဖြစ်သည်။

**တင်စိုး(မြန်မာ့အလင်း)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၅ခ/၂၄၂၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 6G/9374 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကရင်ပြည်နယ် နည်းပညာတက္ကသိုလ်(ဘားအံ)ရှိ ဘောလုံးကွင်းပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ဘောလုံးကွင်းအဟောင်းအားပြုပြင်ခြင်း(270'x195')

(ခ) ဂိုးအခြေပြဘုတ်တည်ဆောက်ခြင်း(16'x22')

(ဂ) 4"Øအဝီစိတွင်းတူးဖော်ခြင်း(၁)တွင်း

(ဃ) ပတ်လည်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း

၂။ တင်ဒါလျှောက်လွှာများနှင့် တင်ဒါစည်းကမ်းချက်များကို ၂၇-၅-၂၀၁၆ ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်ရက်မှာ ၂၇-၆-၂၀၁၆ရက် ညနေ ၄:၀၀ နာရီ နောက်ဆုံးထား၍ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း- ၀၉-၅၆၆၀၄၆၆ နှင့် ၀၉-၃၁၈၇၇၃၁၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်**

**အကြောင်းကြားစာ**

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**မန္တလေးခရိုင်တရားရုံးတော်၌**

**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ် ၄၇၀နှင့် ဆက်နွယ်သည့်**

**၂၀၁၆ ခုနှစ် တရားမဇာရီမှုအမှတ်-၈၇**

ဒေါ်နန်းအေးမြင့် **နှင့်** ၁။ ဦးကွမ်းစိန်(ခ) ဦးမြင့်ဇော်

**ဒီကရီအနိုင်ရသူ** ၂။ ဒေါ်နွယ်နွယ်ခိုင်

**တရားရှုံးများ**

၁။ ဦးကွမ်းစိန်(ခ)ဦးမြင့်ဇော် ၂။ ဒေါ်နွယ်နွယ်ခိုင် (အတူနေလင်မယား) အကွက် (၅၇၈)၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ် ၄၇၀ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်နန်းအေးမြင့် လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်)အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၆ ခုနှစ် ဇွန် ၃ ရက် (၁၃၇၈ ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်သို့လာရောက်ရမည်။

၂၀၁၆ ခုနှစ် မေ ၂၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ညိုထွန်း)**
**တွဲဖက်ခရိုင်တရားသူကြီး (၄)**
**မန္တလေးခရိုင်တရားရုံး**

**အရွယ်မရောက်သေးသောသူငယ်ကို အုပ်ထိန်းသူလူကြီးအဖြစ် ခန့်ထားရန်**

**လျှောက်ထားကြောင်း အကြောင်းကြားစာ**

**(အုပ်ထိန်းသူလူကြီးတို့နှင့် အုပ်ထိန်းခံရသူလူငယ်တို့ အက်ဥပဒေပုဒ်မ-၁၁)**

**မန္တလေးခရိုင်တရားရုံး၌**

**၂၀၁၆ ခုနှစ် တရားမအထွေထွေမှုအမှတ် - ၃၀**

ဒေါ်ပိုပိုချစ် **လျှောက်ထားသူ**

အကွက်(၇၃၈)၊ ပါတ်ကုန်းဝန်းကျင်ရပ်ကွက်

ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက် (၅၁၃/၂-က)၊ ဦးပိုင်အမှတ် (၂၂-ဈ/၄)၊ ဧရိယာ (၀ ဒသမ ၂၄၀၀)ဧကရှိ ဂရန်မြေကွက်သည် အရွယ်မရောက်သေးသူ မောင်အံ့ဘုန်းမြတ် (အုပ်ထိန်းသူ) မိခင်ဒေါ်ပိုပိုချစ်ပိုင်ပစ္စည်းဖြစ်ကြောင်း။

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းဝန်းကျင်ရပ်ကွက်၊ အကွက် (၇၃၈)နေ ဒေါ်ပိုပိုချစ်က အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ မောင်အံ့ဘုန်းမြတ်၏မိခင်ဖြစ်သူဟူ၍ ထိုသူငယ်၏ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်းနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားခြင်းကို လူအများသိစေခြင်းငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၁၆ ခုနှစ် ဇွန် ၂၆ ရက် (၁၃၇၈ ခုနှစ် နယုန်လပြည့်ကျော် ၄ ရက်)တွင် ဆိုင်ဆိုရန် ချိန်းချက်လိုက်သည်။

၂၀၁၆ ခုနှစ် မေ ၂၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်ပါသည်။

**(နော်မာဂရက်သာမီး)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**မန္တလေးခရိုင်တရားရုံး**

**ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၀ဃ/၄၃၄၈၈ Scoopyi ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်လတ်လတ်ထွေး ၅/စကန(နိုင်)၀၀၁၀၂၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

**ကန့်ကွက်နိုင်ပါကြောင်း**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/တောင်)၊ မြေကွက်အမှတ် (၂၁၂၁/A)၊(၂၁၆၀/A)၊ ဧရိယာ ၀ ဒသမ ၁၀၁ ဧကသည် နှစ်၆၀မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးစိုင်းထွန်းမြင့်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အဆောက်အအုံအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် (၁၇၈၅/၂၀၁၆-နေ့စွဲ၊ ၂၉-၄-၂၀၁၆)တင်ပြ၍ ဦးတင်ထူး ၁၂/သကတ(နိုင်)၀၆၂၉၂၁ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံ တင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**လျှော့ဈေးရောင်း**

သံချည်၊ သံကွေးစက်များ

ဖုန်း-၀၉-၃၀၀၈၇၇၀၅

**အမည်မှန်**

ဖားကန့်မြို့နယ်၊ နမ္မဖြစ်ကျေးရွာ ဦးအေးပို ၁/မညန(နိုင်)၁၀၁၁၆၂ ၏ သမီး ဖားကန့်မြို့နယ် နမ္မဖြစ် အလက ပထမတန်းမှ မဆွတ်ဆိုင်းပန်၏ အမည်မှန်မှာ မနန်းဆုယဉ်ငြိမ်း ဖြစ်ပါကြောင်း။

**မနန်းဆုယဉ်ငြိမ်း**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 8D/5997 Su Mu Tra L/T,P/U(4x2) ယာဉ်လက်ဝယ်ရှိသူ Daw Ni Ni Soe ၂/လကန(နိုင်)၀၄၃၁၅၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

# ဒဂုံအထူးစီမံချက်၊ ရတနာပုံအထူးစီမံချက်တို့ဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းသွားမည့် ပြည်ထဲရေးဝန်ကြီးဌာန၏ ရက် ၁၀၀

## [ ပြည်ထဲရေးဝန်ကြီးဌာန ရက် ၁၀၀ စီမံချက် ]

**သတင်းဆောင်းပါး-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးထောင်**

တရားဥပဒေစိုးမိုးရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ မှုခင်းကျဆင်းရေး၊ ရာဇဝတ်မှုများ ပပျောက်ရေး၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး၊ ပြည်သူတို့၏ အခြေခံလိုအပ်ချက်များ ချောမွေ့အဆင်ပြေရေး၊ နိုင်ငံတော် ငွေကြေးအလွဲသုံးစားမှုများ ပပျောက်ရေး၊ ပြစ်မှုပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား အချုပ်သားများ မိသားစုဝင်များနှင့် အဆင်ပြေချောမွေ့စွာတွေ့ဆုံနိုင်ရေး၊ မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကူညီပေးနိုင်ရေးနှင့် ပြည်သူတို့၏ဘဝများ တည်ငြိမ်လုံခြုံမှုရှိစေရေးတို့အတွက် ပြည်ထဲရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည်။

**မေလ ၁ ရက်နေ့မှ ဩဂုတ်လဆန်းအထိ ဘာတွေဆောင်ရွက်မလဲ**

ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့၏ ရက် ၁၀၀ က စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် မှုခင်းကျဆင်းရေးအတွက် ရန်ကုန် နှင့် မန္တလေးမြို့တို့တွင် အဓိကဆောင်ရွက်မည်ဖြစ်သလို နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း တစ်ချိန်တည်း ဆောင်ရွက်မည်ဖြစ်ပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအတွက် ရန်ကုန်မြို့တော်တွင် ဒဂုံအထူးစီမံချက်၊ မန္တလေးမြို့တော်တွင် ရတနာပုံအထူးစီမံချက်တို့ကိုပါ ဆောင်ရွက်သွားမည် ဖြစ်သည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် အောက်မြန်မာပြည် မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေနှင့်အညီ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ်များအလိုက် တစ်မြို့လျှင် ကျေးရွာတစ်ရွာ ကျေးရွာ မြေငှားဂရန်ထုတ်ပေးနိုင်ရေးကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူလူထု၏ အခြေခံ လိုအပ်ချက်များ အဆင်ပြေချောမွေ့စေရန်အတွက် ဝန်ဆောင်မှု များ ဆောင်ရွက်ပေးမည့် OSS (one stop shop) ရုံး ၃၁၆ ရုံး၏ ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်သည်။




မေ ၁၃ ရက်က မီးသတ်ဦးစီးဌာနသို့ ဂျပန်နိုင်ငံမှ အပေါ့စားမီးသတ်စက်များလှူဒါန်းရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ ကြည့်ရှုစဉ်



ဦးတင်မြင့်
အမြဲတမ်းအတွင်းဝန်
ပြည်ထဲရေးဝန်ကြီးဌာန



ဦးရဲနိုင်
ညွှန်ကြားရေးမှူး၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန



ဦးမင်းထွန်းစိုး
ဒုတိယညွှန်ကြားရေးမှူး
အကျဉ်းဦးစီးဌာန



ရဲမှူးကြီး ဇော်ခင်အောင်
ညွှန်ကြားရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနသည် နိုင်ငံတော်ငွေကြေး အလွဲသုံးစားမှုများနှင့် စီးပွားရေးဆိုင်ရာ အမှုအခင်းများ လျော့နည်းပပျောက်ရေးကို အရှိန်အဟုန်မြှင့် စုံစမ်းစစ်ဆေးဖော်ထုတ်သွားမည်ဖြစ်သည်။

အကျဉ်းဦးစီးဌာနသည် ထောင်ဝင်စာ တွေ့ဆုံမည့်ရက်များ အား အကျဉ်းသား၊ အချုပ်သားတွေ့ဆုံသည့်ရက် ခွဲခြားခြင်းမပြုဘဲ ၎င်းတို့မိသားစုများ အားလပ်၍ လာရောက်နိုင်သည့် နေ့တွင် တွေ့ဆုံနိုင်ရန် စီစဉ်ပေးခြင်း၊ ထောင်ဝင်စာတွေ့ဆုံသည့် အချိန်ကို ယခင်က ၁၅ မိနစ်မှ မိနစ် ၂၀ အတွင်းသာ တွေ့ဆုံခွင့် သတ်မှတ်ထားသော်လည်း ယခုအခါ ၂၅ မိနစ်အထိ ဖြေလျှော့ခွင့်ပြုပေးသွားမည် ဖြစ်သည်။

*စာမျက်နှာ ၁၆ သို့*



မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကံသစ်ရွာတွင် ၂၁-၅-၂၀၁၆ ရက်နေ့က သဘာဝဘေးအန္တရာယ်ကြောင့် ပိတ်ဆို့နေသည့်လမ်းများကို အမှတ်(၂၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက ရှင်းလင်းစဉ်
ဓာတ်ပုံ-ရဲဇာနည်

# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

“ပြောင်းလဲချိန်တန်ပြီ” ဟူသော ကြွေးကြော်သံနှင့်အတူ အပြောင်းအလဲကို မျှော်လင့်သော ပြည်သူများက အစိုးရသစ်တစ်ရပ်ကို ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ပြည်သူက ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်သူ့အစိုးရများ၏ တာဝန်မှာ ပြည်သူတို့၏ မျှော်လင့်ချက်နှင့် လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးရန်ဖြစ်သည်။ ယင်းအချက်သည် အစိုးရသစ်တိုင်းအတွက် စိန်ခေါ်မှုတစ်ခုလည်းဖြစ်သည်။

အစိုးရသစ်သည် ယခင်အစိုးရ ဝန်ကြီးဌာနများကို လျှော့တန်လျှော့၊ ပြင်တန်ပြင်၊ ပေါင်းတန်ပေါင်း စသည်ဖြင့် ပြုလုပ်ကာ ဝန်ကြီးဌာနများကို ကျစ်ကျစ်လျစ်လျစ်ဖွဲ့စည်း၍ အစပျိုးပြုပြင်ပြောင်းလဲခဲ့သည်။ ပြည်သူက ကြည်ဖြူနေဆဲ အစိုးရသစ်၏ ပထမရက် ၁၀၀ အတွင်း ဆောင်ရွက်ချက်များသည် ယင်းအစိုးရ၏ အရည်အသွေးကို အကဲဖြတ်နိုင်သည့် စံတစ်ခုဖြစ်သည်။ မေ ၁ ရက်မှစတင်သည့် ရက် ၁၀၀ ကာလအတွင်း ဝန်ကြီးဌာနတစ်ခုချင်းအလိုက် ပြည်သူ့အကျိုးအတွက် ဆောင်ရွက်ကြမည့် လုပ်ငန်းများကို သတင်းရယူစုစည်းဖော်ပြအပ်ပါသည်။

*စာမျက်နှာ ၁၅ မှ*

မီးသတ်ဦးစီးဌာနသည် တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ စက်ရုံအလုပ်ရုံများတွင် မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ ဈေးများတွင် မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ စက်သုံးဆီဆိုင်များတွင် မီးဘေးလုံခြုံရေး စစ်ဆေးခြင်းများ ဆောင်ရွက်မည် ဖြစ်သည်။

အများပြည်သူအကျိုးအတွက် သဘာဝဘေးအန္တရာယ်နှင့် အခြားကိစ္စရပ်များ ပေါ်ပေါက်လာပါက အချိန်မီ ကူညီစောင့်ရှောက်နိုင်ရန်အတွက် အယ်နီညိုအခြေအနေနှင့် ၂၀၁၆ ခုနှစ် ဇွန်လအထိ ကြုံတွေ့လာနိုင်သည့် ရာသီဥတုအခြေအနေအပေါ် ကြိုတင်ပြင်ဆင်ထားရှိ အသိပေးခြင်းများနှင့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်နိုင်မှုအခြေအနေ ကြိုတင်သတိပေးခြင်းများ ဆောင်ရွက်သွားကြမည်ဟု ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်ထံမှ သိရသည်။

**အစိုးရသစ်ရဲ့ရက်ပေါင်း ၁၀၀ စီမံချက်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဘာလုပ်မလဲ**

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးကြီး ဇော်ခင်အောင်က “အစိုးရသစ် ရက်ပေါင်း ၁၀၀ အတွင်းမှာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ နိုင်ငံတစ်ဝန်းမှာ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေ ထိရောက်အောင်မြင်စေဖို့အတွက် အပိုင်းလေးပိုင်းခွဲပြီး ဆောင်ရွက်သွားမယ်”ဟု ပြောသည်။

အပိုင်းလေးပိုင်းခွဲဆောင်ရွက်ရာတွင် နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခု အပါအဝင် အဓိကကျသည့် ရန်ကုန်နှင့် မန္တလေးတို့တွင် မှုခင်းကျဆင်းရေး ဆောင်ရွက်ရန်၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ဒဂုံအထူးစီမံချက်နှင့် ရတနာပုံအထူးစီမံချက် ချမှတ်ဆောင်ရွက်ရန်၊ နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့်ဆက်နွယ်၍ အမှုရင်ဆိုင်နေကြသူများနှင့် စပ်လျဉ်းသည့် အမှုများကို ရုပ်သိမ်းပိတ်သိမ်းသွားနိုင်ရေးဆောင်ရွက်ရန်နှင့် ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်သို့ အသွင်သဏ္ဌာန်ပြောင်းလဲခြင်းနဲ့ အနှစ်သာရတိုးမြှင့်အောင် ပြောင်းလဲခြင်းများကို ဆောင်ရွက်မည် ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

“နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးက ၂၀၁၆ ခုနှစ် ဧပြီလ ၇ ရက်နေ့မှာ ကြေညာခဲ့တဲ့အတိုင်း နိုင်ငံရေးအကျဉ်းသားတွေ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေနဲ့ နိုင်ငံရေးနှင့် ဆက်နွယ်အမှုရင်ဆိုင်နေကြရသူတွေကို ပြည်ထောင်စုရှေ့နေချုပ်ရုံး နည်းဥပဒေ ပုဒ်မ-၉၆ အရ ပိတ်သိမ်းခြင်းတွေ ဆောင်ရွက်ခဲ့ပြီးပါပြီ။ ကျွန်တော်တို့ ဒီနေ့အထိ ပိတ်သိမ်းပြီးအမှုပေါင်း ၂၅၆ မှုနဲ့ တရားခံ ကျား၊ မ စုစုပေါင်း ၄၄၀ တို့ကို အမှုပိတ်သိမ်း ရုတ်သိမ်းပြီး အချုပ်မှ လွှတ်ပေးခြင်းတွေ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အစိုးရသစ် ရက်ပေါင်း ၁၀၀ အတွင်းမှာ ကျန်ရှိနေသေးတဲ့ အမှု ၁၁ မှုက တရားခံ ကျား ၁၃ ဦးကို သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင် ရဲတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးတွေက သက်ဆိုင်ရာ တရားရုံး၊ ဥပဒေရုံးတို့နဲ့ ညှိနှိုင်းဆောင် ရွက်ပြီး လုပ်ငန်းစဉ်တွေ ပြီးပြတ်အောင် ဆောင်ရွက်သွားပါမယ်”ဟု ရဲမှူးကြီး ဇော်ခင်အောင်က ပြောသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်သူများ မူးယစ်ဆေးဝါး အန္တရာယ်မှရှောင်ရှားနိုင်ရန် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းအသိပညာပေးခြင်းများကို မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်များကို အဓိကထား၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိနေသည်။

မူးယစ်ဆေးဝါး ထုတ်လုပ်မှုလျှော့ချနိုင်ရေးအတွက် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်း (Precursor)များ တရားမဝင် ဝင်ရောက်မှုများကို ထိထိရောက်ရောက် စစ်ဆေးကြပ်မတ်လျက်ရှိသည်။ မူးယစ်ဆေးဝါးသည် နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိသည့် အရပ်ဒေသများတွင် ထုတ်လုပ်လျက်ရှိသောကြောင့် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးရယူပြီးနောက် မူးယစ်ဆေးဝါးပြဿနာအပေါ် ပူးပေါင်းဖြေရှင်းဆောင်ရွက်ရန် ဦးတည်ဆောင်ရွက်လျက်ရှိနေသည်ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆောင်ရွက်မည့် ရက် ၁၀၀ စီမံချက်များအရ သိရသည်။

ရဲမှူးကြီးဇော်ခင်အောင်က “ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ပြည်သူချစ်တဲ့ ပြည်သူ့ရဲဖြစ်အောင် ဝန်ဆောင်မှုကို ရှေးရှုတဲ့ ရဲလုပ်ငန်းစနစ်ကို ပြောင်းလဲမှာပါ”ဟု ပြောသည်။

**အထွေထွေအုပ်ချုပ်ရေးမှူး ဦးစီးဌာနရဲ့ရက် ၁၀၀**

ယခင်က မြို့များတွင်နေထိုင်သူများသာ မြေငှားဂရန်လျှောက်ထားခြင်း၊ စိစစ်ထုတ်ပေးခြင်းများရှိခဲ့ရာမှ ကျေးရွာနေပြည်သူများ ကျေးရွာမြေအတွင်း ပိုင်ဆိုင်မှုအထောက်အထားကင်းမဲ့စွာနေထိုင်ရခြင်းအစား ခိုင်မာသည့် တရားဝင်အထောက်အထား (Legal Document) မြေငှားဂရန် (Lease) ရရှိစေရန်အတွက် ဆောင်ရွက်သွားမည်ဟု အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲနိုင်ထံမှ သိရသည်။

ဦးရဲနိုင်က “ကျွန်တော်တို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာရှိတဲ့ မြို့နယ်တွေမှာ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ကျေးရွာအမည်စာရင်းပေါက်ပြီး မြေယာအရှုပ်အရှင်းကင်းတဲ့ ကျေးရွာတွေကို နှစ် ၃၀ သက်တမ်းရှိ မြေငှားဂရန်တွေ ထုတ်ပေးသွားမှာပါ။ မြေပြင်ကွင်းဆင်း တိုင်းတာရေးအဖွဲ့ကို ဖွဲ့စည်းပြီး လျှောက်ထားလာတဲ့ မြေငှားဂရန်တွေကို လုပ်ငန်းစဉ်အလိုက် အဆင့်ဆင့် စိစစ်ဆောင်ရွက်မှာပါ”ဟု ပြောသည်။

ယခင်အစိုးရလက်ထက်တွင် ကျေးရွာနေပြည်သူလူထု၏ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုပိုမိုရရှိပြီး နိုင်ငံတော်အနေဖြင့် ရသင့်ရထိုက်သည့် အခွန်ငွေများ ရရှိလာစေရန်အတွက် ကျေးရွာမြေငှားဂရန်ထုတ်ပေးရေးကို စီမံချက်ချမှတ်၍ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးစည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြို့နယ်များမှအပ ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ် ၂၈၃ မြို့နယ်မှ ဖွံ့ဖြိုးတိုးတက်လာသော ကျေးရွာပေါင်း ၂၈၃ ရွာအား ကျေးရွာမြေငှားဂရန် ၅၈၆၈၀ ထုတ်ပေးရန် သတ်မှတ်လျာထား ဆောင်ရွက်ခဲ့ရာ မြေဂရန် ၃၈၄၇၂ ခုအား လျှောက်ထားသူသို့ ထုတ်ပေးခဲ့သည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်သူလူထု၏ အခြေခံလိုအပ်ချက်များ အဆင်ပြေချောမွေ့စေရန် လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများတားမြစ်၍ ထိရောက်သော ဝန်ဆောင်မှု အလေ့အကျင့်များ ပြုစုပျိုးထောင်ရန်၊ အစိုးရနှင့် ဌာနဆိုင်ရာဝန်ထမ်းများအပေါ် ပြည်သူများ၏ အားကိုးယုံကြည်မှု တိုးပွားရန်နှင့် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများဦးစီးဌာနအလိုက် အပြန်အလှန်ထိန်းကျောင်းမှုပြုနိုင်ရန်အတွက် ရည်ရွယ်၍ OSS ( one stop shop) ဟုခေါ်သည့် ပြည်သူ့ဝန်ဆောင်မှု ရုံးများ ၃၁၆ ရုံးအထိ ဖွင့်လှစ်ထားရှိပြီး ဖြစ်သည်။

OSS ရုံးများသည် ပြည်သူများ၏ အခြေခံလိုအပ်ချက်များဖြစ်သည့် မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ပြုလုပ်ခြင်း၊ အိမ်ထောင်စုလူဦးရေ ပြောင်းဝင်ပြောင်းထွက် စာရင်းများ ဆောင်ရွက်ခြင်း၊ မီးဘေးလုံခြုံမှု ရှိ/မရှိ ထောက်ခံပေးခြင်း၊ အလုပ်သမားမှတ်ပုံတင်များ ပြုလုပ်ပေးခြင်း၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်များ ပြုလုပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ လျှောက်ထားခြင်း၊ အခွန်အခများ ပေးသွင်းခြင်း၊ မြေဂရန်များ လျှောက်ထားခြင်း၊ ပွဲမိန့်များ လျှောက်ထားခြင်း၊ ပထမ သတင်းပေးတိုင်ကြားချက်ပေးခြင်း စသည့်ကိစ္စရပ်များအား တစ်ချိန်တည်းတစ်နေရာတည်းမှာပင် ဝန်ဆောင်မှုပေး၍ ဆောင်ရွက်ပေးခြင်းဖြစ်သည်။

“ယခင်အစိုးရလက်ထက်ကတည်းက OSS ရုံးတွေ ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၁၃ ဦးနဲ့ ဖွဲ့စည်းခဲ့တာပါ။ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးပါ။ ကျွန်တော်တို့ရဲ့ ရက် ၁၀၀ စီမံချက်မှာ OSS ရုံးတွေနဲ့ ပြည်သူတွေ ဆက်သွယ်ဆောင်ရွက်လာစေဖို့အတွက် မီဒီယာအသီးသီးကနေ OSS လုပ်ငန်းတွေကို သိလာအောင်အကျယ်တဝင့် အသိပေးနိုင်အောင် ဆောင်ရွက်သွားမှာပါ။ နောက်ပြီး မြို့နယ်အလိုက် ဝန်ဆောင်မှုပေးရတဲ့လုပ်ငန်းပမာဏများပြားလာမှုအပေါ် မူတည်ပြီးတော့ မြို့နယ်တစ်ခုချင်းအလိုက် ဌာနများတိုးချဲ့ဖွင့်လှစ်သွားဖို့လည်း ရည်ရွယ်ထားပါတယ်”ဟု ဦးရဲနိုင်က ပြောသည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပိုမိုခိုင်မာအားကောင်းလာ၍ ပြည်သူလူထုများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုပေးနိုင်သည့် အသင်းအဖွဲ့များအား မှတ်ပုံတင်ခွင့်ပြုပေးခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်တွင်းလူမှုရေးအသင်းအဖွဲ့ (NGO)များနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ (INGO) များအနေဖြင့် တရားစွဲဆိုပိုင်ခွင့်၊ ရန်ပုံငွေဖွင့်လှစ်တည်ထောင်ပိုင်ခွင့်၊ ဥပဒေနှင့်အညီ အလှူငွေကောက်ခံနိုင်ခွင့်၊ ဘဏ်စာရင်းဖွင့်လှစ်နိုင်ခွင့်၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းပိုင်ဆိုင်ခွင့်၊ ကိုယ်ပိုင်တံဆိပ်၊ အမှတ်အသား၊ ဝတ်စုံဒီဇိုင်းတို့ကို သက်ဆိုင်ရာ ဥပဒေနှင့်အညီ မူပိုင်ခွင့်ရရှိနေပြီဖြစ်ကြောင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်သူအကျိုးပြု အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပိုမိုပေါ်ပေါက်လာစေရန် ရည်ရွယ်၍ လုပ်ဆောင်နေမှုကို ဦးရဲနိုင်က “ကျွန်တော်တို့ NGOs ၊ INGOs တွေအတွက် ဖြေလျှော့မှုတွေကတော့ သူတို့မှတ်ပုံတင်တဲ့နေရာမှာ မြို့နယ်၊ ခရိုင်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ ဒေသအဆင့်တွေမှာ မှတ်ပုံတင်ကြေး ပေးဆောင်ဖို့မလိုအပ်ဘဲ လိုအပ်တဲ့အထောက်အထားတွေကို (OSS)ရုံးတွေမှာရယူပြီး တစ်နေရာတည်းမှာပဲ အပြီးဆောင်ရွက်ပေးနေပါပြီ။ တိုင်းဒေသကြီး/ပြည်နယ်နဲ့ နေပြည်တော်ကောင်စီအဆင့်မှာတော့ NGOs နဲ့ INGOs တွေ ရဲ့မှတ်ပုံတင်ကြေးကို ငွေကျပ် ၃၀၀၀၀ နဲ့ ပြည်ထောင်စုအဆင့်မှာတော့ ငွေကျပ် ၁၀၀၀၀၀ အထိ လျှော့ချပေးထားပါတယ်။ ခုနှစ်ရက်အတွင်း ယာယီမှတ်ပုံတင်လက်မှတ်တွေထုတ်ပေးပြီး သတ်မှတ်ချက်နဲ့ညီတယ်ဆိုရင် ရက်ပေါင်း တစ်လကနေ သုံးလအတွင်း မှတ်ပုံတင်လက်မှတ် ထုတ်ပေးနေ ပါပြီ”ဟု ပြောသည်။

**အကျဉ်းဦးစီးဌာနရဲ့အကျဉ်းသား၊ အချုပ်သားတွေနဲ့ ပတ်သက်ပြီး ဖြေလျှော့မှုများ**

အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းထွန်းစိုးက “ကျွန်တော်တို့ အကျဉ်းဦးစီးဌာနက ပြောင်းလဲလာတဲ့ ခေတ်စနစ်နဲ့အညီ အကျဉ်းသား၊ အချုပ်သားတွေကို ဥပဒေလုပ်ထုံး၊ လုပ်နည်းတွေအတိုင်း ဖြေလျှော့မှုတွေပေးဖို့ ရက်ပေါင်း ၁၀၀ အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမှာပါ” ဟု ရက် ၁၀၀ အတွင်း အကျဉ်းဦးစီးဌာနက လုပ်ဆောင်မည့်ကိစ္စများနှင့်ပတ်သက်၍ ပြောသည်။

အကျဉ်းဦးစီးဌာနသည် ယခင်က အကျဉ်းသား၊ အချုပ်သားများ ထောင်ဝင်စာတွေ့ဆုံမှုနှင့်ပတ်သက်၍ အကျဉ်းထောင်လက်စွဲဥပဒေ အပိုဒ်-၇၈၄ ၊ အပိုဒ်ခွဲ(၅)အရ သာမန်အားဖြင့် ညှိတွေ့ခြင်းအတွက် ခွင့်ပြုချိန်အား မိနစ် ၂၀ ထက်မကျော်လွန်စေရဟူသည့် ပြဋ္ဌာန်းချက်အတိုင်းသာဆောင်ရွက်ခဲ့သည်။ ယခုအခါတွင် အကျဉ်းဦးစီးဌာနအနေဖြင့် အကျဉ်းထောင်များတွင်ရှိသော အကျဉ်းသား၊ အချုပ်သားများအား ညှိတွေ့ဦးရေ၊ ညှိတွေ့နေရာထိုင်ခင်းများအပေါ်မူတည်၍ ညှိတွေ့ချိန်အား ၂၅ မိနစ်၊ မိနစ် ၃၀ အထိ အချိန်တိုး၍ ဖြေလျှော့မှုများကို စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“အရင်က ညှိတွေ့လူဦးရေများတဲ့အတွက် အကျဉ်းသား၊ အချုပ်သားတွေကို တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနဲ့ ကြာသပတေးနေ့တွေကို အကျဉ်းသားညှိတွေ့နေ့ သတ်မှတ်ပြီး သောကြာ၊ စနေနေ့တွေကို အချုပ်သား ညှိတွေ့နေ့အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမယ့် ညှိတွေ့ရက်ကိုမသိဘဲ ဝေးလံတဲ့နယ်ကလာတဲ့ ညှိတွေ့တွေအတွက် အခက်အခဲဖြစ်စေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ညှိတွေ့သတ်မှတ်ရက် မဟုတ်ပေမယ့် ညှိတွေ့လက်ခံပေးခြင်း ဆောင်ရွက်နေပါတယ်” ဟု ဦးမင်းထွန်းစိုးက ပြောသည်။

ယခုအခါတွင် အကျဉ်းဦးစီးဌာနများ၌ အကျဉ်းသား၊ အချုပ်သားများအား ညှိတွေ့ရက် ခွဲခြားသတ်မှတ်ခြင်းမရှိဘဲ ညှိတွေ့ခွင့်များကို တနင်္လာနေ့မှ စနေ့နေ့အထိ နေ့စဉ် အကျဉ်းသားတစ်လှည့် အချုပ်သားတစ်လှည့် ညှိတွေ့ခွင့်ပေးသွားမည်ဖြစ်ပြီး ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၏ စည်းကမ်းသေဝပ်မှုအခြေအနေနှင့် လုံခြုံရေးကျိုးပေါက်မှု၊ အကျဉ်းထောင်၏ စည်းကမ်းသေဝပ်မှုကို မထိခိုက်ဟု ယူဆပါက အကျဉ်းသား၊ အချုပ်သား ညှိတွေ့ကြိမ်ကို တစ်လလျှင် လေးကြိမ်တွေ့ဆုံပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အကျဉ်းဦးစီးဌာနမှ သိရသည်။

*စာမျက်နှာ ၁၈ သို့*



ပြည်သူများအတွက် ရုံးလုပ်ငန်းဆိုင်ရာများကို တစ်နေရာတည်း၌ဆောင်ရွက်လျက်ရှိသည့် မင်းဘူးမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) အား တွေ့ရစဉ်



ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံတစ်ဝန်းလုံး၌ လူကုန်ကူးမှုအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ကားဂိတ်များတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က ဆောင်ရွက်စဉ်
ဓာတ်ပုံ-ရဲဇာနည်



ယာဉ်ထိန်းရဲတပ်ဖွဲ့က ရက် ၁၀၀ စီမံချက်ဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးလက်ကမ်းစာစောင်များကို ပြည်သူများထံသို့ ဖြန့်ဝေပေးနေစဉ်

ရခိုင်ပြည်နယ် မောင်တောခရိုင် မီးသတ်တပ်ဖွဲ့ဝင်များက ရွှန်နူဆိုင်ကလုန်းမုန်တိုင်းဆိုင်ရာ ကြိုတင်သတိပေးနှိုးဆော်ချက်များကို နေ့/ည မပျက် မောင်တောခရိုင်အတွင်းရှိ မိဘပြည်သူများအား လိုက်လံအသိပေးဆောင်ရွက်နေစဉ်
ဓာတ်ပုံ-Thant Zin(Fb)



**တရားဥပဒေစိုးမိုးရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ မှုခင်းကျဆင်းရေး၊ ရာဇဝတ်မှုများ ပပျောက်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ ပြည်သူတို့၏ အခြေခံလိုအပ်ချက်များ ချောမွေ့အဆင်ပြေရေး၊ နိုင်ငံတော် ငွေကြေးအလွဲသုံးစားမှုများ ပပျောက်ရေး၊ ပြစ်မှုပြစ်ဒဏ် ကျခံနေရသည့် အကျဉ်းသား အချုပ်သားများ မိသားစုဝင်များနှင့် အဆင်ပြေချောမွေ့စွာ တွေ့ဆုံနိုင်ရေး၊ မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကူညီပေးနိုင်ရေးနှင့် ပြည်သူတို့၏ဘဝများ တည်ငြိမ်လုံခြုံမှုရှိစေရေးတို့အတွက် ပြည်ထဲရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည်**

# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

*စာမျက်နှာ ၁၇ မှ*

အကျဉ်းသား၊ အချုပ်သားများအတွက် အကျဉ်းဦးစီးဌာနမှ ယခုရက်ပေါင်း ၁၀၀ အတွင်း ဖြေလျှော့ဆောင်ရွက်နေမှု အခြေအနေနှင့် အကျဉ်းထောင်အသီးသီးအား ထောင်ဝင်စာ ညေ့်တွေ့ချိန်များကို တစ်ပြေးညီ အနိမ့်ဆုံး မိနစ် ၃၀ သတ်မှတ်သွားမည်ဖြစ်ပြီး ရက် ၁၀၀ စီမံချက်ကာလအတွင်း ယခုပြင်ဆင်ရေးဆွဲနေသည့် အကျဉ်းထောင်ဥပဒေမူကြမ်းတွင် ထည့်သွင်းရေးဆွဲ၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းထွန်းစိုးထံမှ သိရသည်။

**မီးသတ်ဦးစီးဌာနမှ လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ**

မီးသတ်ဦးစီးဌာနသည် ရက် ၁၀၀ စီမံချက်တွင် မီးဘေးလုံခြုံရေးကဏ္ဍ (Fire Safety)၊ မီးသတိမူရေးကဏ္ဍ(Fire Precaution)၊ မီးဘေးကာကွယ်ရေးကဏ္ဍ(Fire Precaution) ဟူ၍ ကဏ္ဍသုံးခုခွဲ၍ လုပ်ဆောင်သွားမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်နှင့် အခြားကိစ္စရပ်များ ပေါ်ပေါက်လာပါက အချိန်မီကူညီစောင့်ရှောက်နိုင်ရန်အတွက် အယ်နီညို အခြေအနေနှင့် ရာသီဥတုအချိန်အခါပေါ်မူတည်၍ ကြိုတင်ပြင်ဆင်ထားရှိ အသိပေးခြင်းများနှင့် မိုးရာသီ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်နိုင်မှုအခြေအနေ ကြိုတင်သတိပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းကျော်ကျော်က "မီးဘေးသတိမူရေးအပိုင်းအနေနဲ့ အပိုင်းသုံးပိုင်း ဆောင်ရွက်မယ်။

မီးသတိမူရေးလုပ်ငန်းတွေ စိမ့်ဝင်ပျံ့နှံ့ဖို့ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ လှုံ့ဆော်ပညာပေးတာတွေ၊ ပညာပေးစာတမ်းနဲ့ လက်ကမ်းစာစောင်ဖြန့်ဝေပေးတာတွေ လုပ်နေတယ်။ နောက် မီးဘေးလုံခြုံရေးအသိပညာဖြန့်ဝေမှုမှာ အလယ်တန်းနဲ့အထက်တန်းကျောင်းသား ကျောင်းသူတွေကို (School Based Fire Safety Education ) စနစ်ကျင့်သုံးပြီး မီးဘေးအန္တရာယ်ကာကွယ်ရေးနဲ့အသိပညာပေးပို့မှု အစီအစဉ်တွေ ဆောင်ရွက်မယ်။ အထပ်မြင့်တိုက်တွေ၊ စုပေါင်းအိမ်ရာတွေမှာ နေထိုင်ကြသူတွေထဲမှာမှ မီးသတ်လုပ်ငန်းဝါသနာပါသူ၊ စေတနာထက်သန်သူတွေစုဖွဲ့ပြီး ပြည်သူ့အခြေပြု မီးဘေးလုံခြုံရေးအသိပညာဖြန့်ဝေတဲ့စနစ် မီးဘေးကာကွယ်ရေး ရက်တိုပညာပေးဆွေးနွေးလေ့ကျင့်ခြင်းတွေလုပ်မယ်။ နောက် ရှေးဦးသူနာပြုစုခြင်း၊ ပတ်ဝန်းကျင်မှာရှိတဲ့ အိမ်ခန်းတွေကို မီးဘေးကာကွယ်ရေး၊ မီးငြိမ်းသတ်ရေး၊ မီးသတ်တပ်ဖွဲ့ကို ကူညီပါဝင်ဆောင်ရွက်စေရေးစတဲ့ မီးသတ်ပညာရပ်တွေ ပြည်သူလူထုထဲမှာ စိမ့်ဝင်ပျံ့နှံ့စေဖို့ ပညာပေးလေ့ကျင့်မှု အစီအစဉ်တွေကို ကြပ်မတ်ဆောင်ရွက်မယ်"ဟု ပြောသည်။



အကျဉ်းထောင်မှ ကျင့် (၄၀၁)အရ ပြန်လည်လွတ်မြောက်လာသူများကို တွေ့ရစဉ်

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးကဏ္ဍတွင် ဆီသိုလှောင်ကန်နှင့် မီးလောင်လွယ်သောပစ္စည်းများ၊ သိုလှောင်ရုံများ ဆောက်လုပ်ခြင်းများတွင် စစ်ဆေးအကြံပြုခြင်းနှင့် လျှပ်စစ်ဆိုင်ရာကျွမ်းကျင်သူများ ပူးပေါင်းပါဝင်စစ်ဆေးခြင်း၊ လောင်စာဆီများ တရားမဝင်သယ်ယူခြင်း၊ ပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းများကို ဒေသအာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်တို့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် စစ်ဆေးတားဆီးအရေးယူဆောင်ရွက်ခြင်း၊ မီးငြိမ်းသတ်ရေးလုပ်ငန်းများ အခက်အခဲမရှိစေရေး၊ လွယ်ကူလျင်မြန်စွာ ဝင်ထွက်ငြိမ်းသတ်နိုင်ရေးအတွက် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ မီးဘေးစိုးရိမ်ရသော လုပ်ငန်းများတွင် ဖွဲ့စည်းထားသည့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များကို ပြည်လမ်း မြေနီကုန်းရှိ မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေး အသိပညာပေးဌာနတွင် အရှိန်အဟုန်မပျက် မီးဘေးလုံခြုံရေး တာဝန်ခံသင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

မီးငြိမ်းသတ်ရေးကဏ္ဍအတွက် အပိုင်းခြောက်ပိုင်းဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး မြန်မြန်ငြိမ်းသတ်နိုင်ရန် မီးငြိမ်းသတ်ရေးနည်းပညာများနှင့် လေ့ကျင့်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် လုပ်ဆောင်သွားမည်ဟု သိရသည်။

ဦးသန်းကျော်ကျော်က "ကျွန်တော်တို့ မီးသတ်ဦးစီးဌာနအနေနဲ့ သဘာဝဘေးအန္တရာယ်နဲ့ အခြားကိစ္စရပ်တွေ ပေါ်ပေါက်လာရင် အချိန်မီကူညီစောင့်ရှောက်နိုင်ဖို့အတွက် ရာသီဥတုအခြေအနေအပေါ် ကြိုတင်ပြင်ဆင်ထားရှိ အသိပေးခြင်းတွေနဲ့ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်နိုင်မှုအခြေအနေ ကြိုတင်သတိပေးခြင်းတွေ ဆောင်ရွက်သွားမှာပါ" ဟု သဘာဝဘေးအန္တရာယ်များကျရောက်ပါက မီးသတ်ဦးစီးဌာနမှ စီစဉ်ထားသည့်အခြေအနေနှင့်ပတ်သက်၍ ပြောကြားသည်။

ပြည်သူ့ဗဟိုပြုဆောင်ရွက်မည့် ရက်ပေါင်း ၁၀၀ စီမံချက်ကို အကောင်အထည်ဖော်ရန် ကြိုတင်ပြင်ဆင်နေသည့် ဝန်ကြီးဌာနများ၏ အစီအစဉ်နှင့် ပြောကြားချက်များသည် ပြည်သူများအတွက် ဝမ်းမြောက်ဖွယ်ဖြစ်သည်။ မေလ ၁ ရက်နေ့ မှ ဩဂုတ်လဆန်းအထိ ဆောင်ရွက်မည့် ဝန်ကြီးဌာနများ၏ ရက် ၁၀၀ ဆောင်ရွက်ချက်များကိုမူ လက်တွေ့အကောင်အထည်ဖော်နိုင်ခြင်း ရှိ၊ မရှိ ပြည်သူများက စောင့်ကြည့်နေကြပေလိမ့်မည်။




ပြည်သူများ မီးဘေးအန္တရာယ် အသိရှိစေရေးအတွက် အသိပညာပေးဟောပြောစဉ်

## ရက် ၁၀၀ စီမံချက် ရဲလုပ်ငန်းဆိုင်ရာ ရှင်းလင်းပွဲပြုလုပ်

**မြစ်ကြီးနား မေ ၂၈**

မြစ်ကြီးနားမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ကြီးမှူးပြုလုပ်သည့် ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာများရှင်းလင်းပွဲကို မြစ်ကြီးနားမြို့ စုပေါင်းရုံးအစည်းအဝေးခန်းမ၌ မေ ၂၆ ရက်က ပြုလုပ်သည်။

အဆိုပါရှင်းလင်းပွဲတွင် မြစ်ကြီးနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးလှိုင်မောင်မောင်က အမှာစကားပြောကြားပြီး မြစ်ကြီးနားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းက ရက် ၁၀၀ အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကြိုတင်ကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေးအတွက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် တက်ရောက်လာကြသူများက အကြံပြု ဆွေးနွေးချက်များအပေါ် ရဲမှူးမြင့်သိန်းက ပြန်လည်ဖြေကြားပေးခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့ဝင်များက မှုခင်းကြိုတင်ကာကွယ်ရေး၊ မှုခင်းပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မင်းထွန်းဇော်**

## ရက် ၁၀၀ စီမံချက် ရေရှားပါးမှုမရှိစေရေး မိုးရေသိုလှောင်ကန်များ ဆောင်ရွက်ပေး

**ဘားအံ မေ ၂၈**

ကရင်ပြည်နယ် မြို့နယ်ခုနစ်မြို့နယ်မှ ကျေးရွာ ၈၃ ရွာ ရေရှားပါးပြတ်လပ်မှုမရှိစေရေးအတွက် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၆၇ ဒသမ ၁ သန်းဖြင့် ရက် ၁၀၀ စီမံချက်အဖြစ် စက်ရေတွင်းများ၊ လက်ရေတွင်းများနှင့် မိုးရေသိုလှောင်ကန်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးသည့်အပြင် ဘားအံမြို့နယ်အဖြစ် ကျေးရွာနှစ်ရွာနှင့် ကော့ကရိတ်မြို့နယ်မှ ကျေးရွာတစ်ရွာတွင် လာမည့်မိုးရာသီကာလတွင် မိုးရေများသိုလှောင်နိုင်ပြီး တစ်နှစ်ပတ်လုံးအတွက် ရေရှားပါးမှုမရှိစေရေးအတွက် ပေ ၁၀၀ ပတ်လည် အမြင့်ခြောက်ပေရှိ မိုးရေသိုလှောင်ကန်သုံးကန်အား စုစုပေါင်းခွင့်ပြုရန်ပုံငွေ ၂၅ ဒသမ ၅ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ ဘားအံမြို့ ဆိုက်လံတောင်ကျေးရွာတွင် တစ်ကန်နှင့် ကော့လမုကျေးရွာတွင် တစ်ကန်၊ ကော့ရိတ်မြို့ နောင်ထပွံ့ကျေးရွာတွင် တစ်ကန်စီတူးဖော်ဆောင်ရွက်ပေးနေမှုအား ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနေဦးနှင့် မြို့နယ်ဦးစီးမှူး ဦးခင်မောင်ဝင်းတို့က မေ ၂၇ ရက် နံနက်က ဆောင်ရွက်ပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ မိုးရေသိုလှောင်ကန်များပြီးစီးသွားပါက အိမ်ထောင်စုများအနေဖြင့် ရေဂါလန် ၃၇၅၀၀၀ဆံ့ ရေသိုလှောင်ကန်မှ တစ်နှစ်ပတ်လုံးအတွက် ရေလုံလောက်စွာ အကျိုးပြုသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



# တစ်ခါတုန်းက နယ်စပ်ဒေသမှာ (၁၅)

မြင့်စိုး (နတလ)



ဒုတိယမြောက် ပန်းတစ်ပွင့်သို့ လွမ်းချင်းအမည်ဖြင့် ဆောင်းပါးတစ်ပုဒ် ကျွန်တော်ရေးခဲ့ဖူးသည်။ ၁၉၉၉ ခုနှစ်ထဲမှာ ဒုတိယမြောက် နတလမဂ္ဂဇင်းစာအုပ်အား အခက်အခဲပေါင်းများစွာကြားက ခဲရာခဲဆစ်ထုတ်ဝေခဲ့ကြခြင်းကို အမှတ်တရ ပြန်လည်ရေးသားထားခြင်းဖြစ်ပါသည်။ ထိုနှစ် မေလနောက်ဆုံးပတ်၌ ကျွန်တော်၏ ဇနီးဖြစ်သူသည် ဦးနှောက်အမြှေးရောင်ရောဂါကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ICU ခန်းမထဲသို့ ရောက်ရှိသွားခဲ့သည်။ ၂၃ရက်တိတိ သတိလစ်မေ့မြောနေချိန်၊ တစ်နည်းဆိုရသော် အသက်ရှင်သန်ခွင့်အတွက် မျှော်လင့်ချက် အလွန်နည်းပါးသွားသော အချိန်ပဲဖြစ်၏။ ထိုကဲ့သို့ မိုးထဲရေထဲ ကျဉ်းထဲကျပ်ထဲ အချိန်ကာလမှာ မဂ္ဂဇင်းထုတ်ဝေရေးလုပ်ငန်းများက တိုးလိုးတန်းလန်း။ နောက်ဆုံးမှာတော့ ICUခန်းမရှေ့ စင်္ကြံလမ်းကလေးသည် တာဝန်ခံအယ်ဒီတာ ဦးလင်းဇော်ခိုင်နှင့် ကျွန်တော်တို့အတွက် မဂ္ဂဇင်းစာမူများ၊ ဓာတ်ပုံများရွေးချယ်ရာ၊ စိစစ်ရာရုံးခန်းနေရာလေး ဖြစ်သွားခဲ့သည်။ ဖိနပ်တွေဖင်ခုထိုင်ရင်း ညှိနှိုင်းတိုင်ပင်ခဲ့ရသည်။ ဓာတ်ပုံတွေက အထပ်လိုက်၊ စာမူတွေကလည်း ဟိုနားတစ်စု၊ သည်နားတစ်စုနှင့် ပတ်ပတ်ကိုလည်နေတော့၏။ ဖြတ်သွားဖြတ်လာ သူနာပြုဆရာမတွေ၊ လူနာရှင်တွေကတော့ ကျွန်တော်တို့နှစ်ယောက်ကို လူထူးလူဆန်းများသဖွယ် ကြည့်၍ကြည့်၍သွားကြသည်။ မည်သို့ပင်ဆိုစေကာမူ စကားစုကိုပဲငှား၍ ပြောရလျှင် အဆုံးမှာတော့ ဇနီးသည်လည်းသတိပြန်ရ၊ နေကောင်းကျန်းမာဖြစ်လာ၊ ဆေးရုံမှ ဆင်းခွင့်ပြု၊ ကျွန်တော်တို့ ဦးစီးဌာနမဂ္ဂဇင်းလည်း အချိန်မီထွက်ရှိလာနိုင်ခဲ့သည်။ ဒုတိယမြောက်ပန်းတစ်ပွင့်သည် ကျွန်တော့်ကို လွမ်းချင်းများစွာ ပေးသွားသည်ကတော့အမှန်ပင်။

နှစ်ပေါင်း ၁၇ နှစ်အကြာ ၂၀၁၆ ခုနှစ် မေလလယ်မှာ ဇနီးဖြစ်သူ ဆေးရုံပြန်တက်ရသည်။ သည်တစ်ကြိမ်ကတော့ ဦးနှောက်နှင့်အာရုံကြောပိုင်းဆိုင်ရာမဟုတ်တော့ ကျောက်ကပ်၊ အသည်း စသည့် နောက်ဆက်တွဲရောဂါတွေပါလာသည်။ တိုက်တိုက်ဆိုင်ဆိုင်လို့ပဲ ပြောရမည်လားမသိ။ သူဆေးရုံတက်နေရချိန်မှာ ဆောင်းပါးပေါင်းချုပ်စာအုပ်တစ်အုပ် ထုတ်ဝေနိုင်ရေး ကျွန်တော်လုံးပန်းခဲ့ရသည်။ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာများတွင် ရေးသားခဲ့သော ဆောင်းပါးများကိုစုစည်းကာ ဆောင်းပါးပုဒ်ရေ ၆၈ ပုဒ်၊ မှတ်တမ်းဓာတ်ပုံ ၁၂၀ ဖြင့် ပုံနှိပ်ထုတ်ဝေမည်ဖြစ်ပါသည်။ စာအုပ်အမည်ကို တစ်ခါတုန်းက နယ်စပ်ဒေသမှာနှင့် အခြားဆောင်းပါးများဟု ပေးထားခဲ့၏။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ခင်မင်ခဲ့ဖူးသော ကိုလှထွဋ်ဦးကို အကူအညီတောင်း၍ ဆရာဦးဝင်းအောင်တို့၏ သန်းထိုက်ရတနာပုံနှိပ်တိုက်တွင် ပုံနှိပ်မည်ဖြစ်ပါသည်။ စာအုပ်၏ မျက်နှာဖုံးဒီဇိုင်းကတော့ ထုံးစံအတိုင်း တပည့်ကျော် မောင်သူရလင်း (နယ်စပ်ရေးရာ) ပဲဖြစ်သည်။ သည်တစ်ကြိမ်တွင်လည်း ဇနီးသည်၏ ရောဂါကကြီးသည်။ ကျောက်ကပ်မကောင်းတာရော အသည်းအားနည်းတာတွေပါအားလုံးရောပြွမ်းနေသဖြင့် ဝေဒနာခံစားမှုကပြင်းထန်သည်။ သည်တစ်ခါတော့ဖြင့် ပုံနှိပ်ထုတ်ဝေမည့် ဆောင်းပါးပေါင်းချုပ်စာအုပ်က လွမ်းချင်းတွေမပေးနိုင်သော်ငြား သူဆေးရုံတက်ရောက်ကုသနေရစဉ်ကာလမှာပင် အရင်းမစိုက်ရသော ကုသိုလ်ဖြစ်လုပ်ငန်းတစ်ခုကို ဆောင်ရွက်ခွင့်ရလိုက်ခြင်းက ဘဝအတွက် အမှတ်တရဖြစ်သွားစေခဲ့သည်။ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာတွင် သောက်သုံးရေကန်များ တူးဖော်ခွင့်ရရှိအောင် ဌာနအကြီးအကဲများထံ တင်ပြဆောင်ရွက်ပေးနိုင်ခဲ့၍ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသစ်လက်ထက် ပြည်သူများ၏လိုအပ်ချက်များကို ရက်ပေါင်း ၁၀၀ အတွင်း စတင်အကောင်ထည်ဖော် ဖြည့်ဆည်းဆောင်ရွက်လျက်ရှိရာ နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့်လည်း လုပ်ငန်းစဉ်(၉)ရပ်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထိုအထဲတွင်မှ ပထမလုပ်ငန်းစဉ်လည်းဖြစ်၊ ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်လည်းဖြစ်သော သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ မိုးရာသီကာလတွင် အချိန်မီရေချိုစုဆောင်းနိုင်ရေးတို့ကို ရည်ရွယ်လျက် နယ်စပ်ဒေသများအပါအဝင် နယ်မြေဒေသအသီးသီးတွင် ရေကန်များ အသစ်တူးဖော်ပေးခြင်း၊ ကန်ဟောင်းများ စနစ်တကျ ပြန်လည်ပြုပြင်ပေးခြင်းလုပ်ငန်းများကို အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနက ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်မည့် ကန် ၁၀၀ တူးဖော်ခြင်းလုပ်ငန်းကို ရခိုင်ပြည်နယ်အတွင်းမှ ကျောက်တော်၊ မြောက်ဦး၊ မြေပုံ၊ မင်းပြား၊ ပုဏ္ဏားကျွန်း၊ တောင်ကုတ်၊ သံတွဲ၊ အမ်း၊ ပေါက်တော၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ မာန်အောင်၊ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင်လည်းကောင်း၊ ကယားပြည်နယ်အတွင်းမှ လွိုင်ကော်နှင့်ဖရူဆိုမြို့နယ်များတွင်လည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှ ဟိုပုံးနှင့်ဆီဆိုင်မြို့နယ်များတွင်လည်းကောင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း မှ ပင်းတယနှင့်ရွာငံမြို့နယ်များတွင်လည်းကောင်း ဆောင်ရွက်ပေးမည်ဖြစ်ပြီး မကွေးတိုင်းဒေသကြီးတွင် ချောက်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် မိတ္ထီလာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကိုကိုးကျွန်းမြို့နယ်တို့လည်း အပါအဝင်ဖြစ်သည်။

အမှန်အတိုင်းပြောရလျှင် မကွေးတိုင်းဒေသကြီးအတွင်းက ရေနံချောင်း၊ ချောက် အစရှိသော မြို့ရွာများဆီကို မရောက်တာကြာပြီ။ ကျွန်တော်အနှစ်သက်ဆုံးရာသီဥတုမှာ နွေရာသီဖြစ်သကဲ့သို့ သဘောအကျဆုံးနယ်မြေဒေသမှာ အညာဒေသဖြစ်လို့နေသည်။ ပူပြင်းခြောက်သွေ့သော နေရောင်အောက်မှာ ထနောင်းပင်၊ လက်ပံပင်၊ ပေါက်ပင်တို့၏ သဘာဝအလှကို ရှာဖွေခံစားတတ်ခဲ့ပြီ။ အညာသူအညာသားတို့၏ ရိုးသားပျော်မွေ့အညာဓလေ့ကို ကျွန်တော်ချစ်တတ်ခဲ့ပြီ။ ကျောက်ဆည်ဒေသမှာ ခုနစ်နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ရတာကြောင့်လည်း ဖြစ်ပါလိမ့်မည်။ အညာဒေသကို စိတ်ဝင်စားသူဖြစ်၍ ကျွန်တော့်တပည့်အညာသား ဦးစီးအရာရှိ မောင်ညွန့်ဝင်းကို မင်းတို့ရွာမှာ ရေတွင်းဘယ်နှစ်တွင်းရှိသလဲ၊ ရေကို ဘယ်လိုသောက်သုံးနေကြသလဲမေးဖြစ်ခဲ့၏။ သူက မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်းက ကွေးပင်ကြီးကျေးရွာဇာတိဖြစ်သည်။ ကွေးပင်ကြီးကျေးရွာသည် အိမ်ခြေ ၂၀၀ ကျော်၊ လူဦးရေ ၁၀၀၀ ကျော် မှီတင်းနေထိုင်လျက်ရှိကြပြီး မဆလခေတ်က တူးပေးထားသည့် ပေ ၇၀၀ ကျော်အနက်ရှိ စက်ရေတွင်းတစ်တွင်းရှိကြောင်း၊ ရေတင်သည့်စက်က မကြာခဏပျက်နေကြောင်း သိရသည်။ ကွေးပင်ကြီးကျေးရွာနှင့် နှစ်မိုင် သုံးမိုင်ခန့်အကွာအဝေးတွင် ရှိနေသော လင်းတကိုင်းကျေးရွာ၊ တုံရွာတို့သည်လည်း ရေချိုလုံလောက်မှုမရှိသေးကြောင်း၊ စက်ရေတွင်းများရှိသော်လည်း ထွက်လာသည့်ရေက ထမင်းချက်ရန် သောက်သုံးရန်မကောင်းကြောင်း၊ ငန်သလိုလို၊ ပေါ့သလိုလို အရသာမျိုးဖြစ်နေကြောင်း၊ ရေထွက်လည်း သိပ်မကောင်း၍ ကန်ရေကိုသာအားကိုးအားထားပြုနေရကြောင်း သိရှိရသည်။ မိုးရေလုံလောက်စွာ စုဆောင်းနိုင်လျှင် ကန်ရေကို နှစ်ပေါက်အောင် သုံးစွဲနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရ၏ ရက်ပေါင်း ၁၀၀၊ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ကန် ၁၀၀ စီမံကိန်းတွင် ထိုဒေသများပါဝင်စေလိုပါသည်။ သို့ဖြစ်၍ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်းက လင်းတကိုင်း၊ ကွေးပင်ကြီး၊ တုံရွာတို့တွင် ရေကန်တစ်ကန်စီ တူးဖော်ပေးရေးတင်ပြခဲ့ရာ သဘောတူခွင့်ပြုခဲ့သဖြင့် ကျွန်တော်ချစ်သော အညာမြေ အညာဒေသအတွက် ဝမ်းသာပီတိဖြစ်ခဲ့ရသည်။ ရေအကျိုး ၁၀ ပါးကိုလည်း ထပ်တူထပ်မျှရရှိလိမ့်မည်ဟု အလေးအနက်ယုံကြည်မိသည်။ သည်တစ်ခေါက် ဆေးရုံမှနေ၍ လိုအပ်တာတွေစီစဉ်ပြီး ပုံနှိပ်ထုတ်ဝေခဲ့သော စာအုပ်သည် ဒုတိယမြောက် နတလမဂ္ဂဇင်းစာအုပ်ထုတ်ဝေစဉ်က ကြုံတွေ့ခံစားခဲ့ရသော စိတ်ခံစားမှုမျိုး ပေးစွမ်းနိုင်ခြင်းမရှိသည်ကတော့ သေချာသည်။ သို့သော် ကျွန်တော်ချစ်သောအညာမြေမှ အညာသူအညာသားတွေ ရေချိုလုံလောက်ခွင့်ရခြင်းသည်ပင်လျှင် ကျွန်တော့်ဘဝ အမှတ်တရများစွာထဲက တစ်ခုဖြစ်လာမှာကတော့ အလွန်သေချာပါသည်....။

**နိုင်ငံတော်အစိုးရ၏ ရက်ပေါင်း ၁၀၀၊ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ကန် ၁၀၀ စီမံကိန်းတွင် ထိုဒေသများ ပါဝင်စေလိုပါသည်။ သို့ဖြစ်၍ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်းက လင်းတကိုင်း၊ ကွေးပင်ကြီး၊ တုံရွာတို့တွင် ရေကန်တစ်ကန်စီ တူးဖော်ပေးရေးတင်ပြခဲ့ရာ သဘောတူခွင့်ပြုခဲ့သဖြင့် ကျွန်တော်ချစ်သော အညာမြေ အညာဒေသအတွက် ဝမ်းသာပီတိဖြစ်ခဲ့ရသည်**

## ကလေးစာပေဖွံ့ဖြိုးတိုးတက်မှုကိုရှေးရှုသော ရွှေသွေးဂျာနယ်အထူးထုတ် ၂၀၁၆ ထွက်ရှိ

**ရန်ကုန် မေ ၂၈**

စာပေဗိမာန်သည် ကလေးသူငယ်များအတွက်ရည်ရွယ်၍ ရွှေသွေးဂျာနယ်ကို ၄-၁-၁၉၆၈ ရက်မှစ၍ အပတ်စဉ်စနေနေ့တိုင်း ထုတ်လုပ်ဖြန့်ချိလျက်ရှိရာ မြန်မာနိုင်ငံကလေးစာပေလောကတွင် သက်တမ်းအရှည်ကြာဆုံး ဂျာနယ်တစ်စောင်ဖြစ်သည့် စာပေဗိမာန်သည် ကလေးစာပေဖွံ့ဖြိုးတိုးတက်မှုကိုရှေးရှု၍ အပတ်စဉ်ထုတ် ရွှေသွေးဂျာနယ်အပြင် ယခုအခါ ရွှေသွေးဂျာနယ်အထူးထုတ် ၂၀၁၆ ကို ထုတ်လုပ်ဖြန့်ချိလိုက်ပြီဖြစ်ပါသည်။




ရွှေသွေးဂျာနယ် အထူးထုတ် ၂၀၁၆ တွင် ကဗျာ၊ ပုံပြင်၊ ဝတ္ထု၊ သုတဆောင်းပါး၊ ကာတွန်းဇာတ်လမ်းတို့ပါဝင်ပြီး ကလေးများအတွက် သုတရသစုံလင်စွာတင်ဆက်ထားသည်။ ကဗျာနှစ်သက်သူကလေးသူငယ်များအတွက် အကြောင်းအရာမျိုးစုံကို ရေးဖွဲ့ထားသော ကဗျာအပုဒ်ပေါင်း ၃၀ ထည့်သွင်းပေးထားသည်။ ထို့ပြင် ရွှေသွေးဂျာနယ်တွင် ယခင်ကရေးဆွဲခဲ့သော နာမည်ကျော် ကာတွန်းပန်းချီဆရာကြီး ဦးဘကြည်၊ ဆရာကြီး ဦးသန်းကြွယ်၊ ဆရာကြီးက.ဆ၊ ဆရာကြီးဦးစိန်တို့၏ လက်ရာမွန်များကို ပြန်လည်တင်ဆက်ထားခြင်းပင်ဖြစ်သည်။

ရွှေသွေးအထူးထုတ် ၂၀၁၆ ကို တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့ရှိ စာပေဗိမာန်အရောင်းဆိုင်များနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူဖတ်ရှုနိုင်ပြီဖြစ်သည်။ လက်ကားမှာယူဖြန့်ချိလိုပါက ရန်ကုန်မြို့ရှိ စာပေဗိမာန်အရောင်းဌာန အမှတ် ၅၂၉-၅၃၁ (၃၇)လမ်းနှင့် ကုန်သည်လမ်းထောင့် ဖုန်း၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## စိုက်ပျိုးစရိတ်ဘဏ်ချေးငွေစတင်ထုတ်ချေး

**လားရှိုး မေ ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် လားရှိုးမှ လားရှိုးမြို့နယ် မန်ပြိန်းနှင့်ဟူမွန်ကျေးရွာရှိ တောင်သူလယ်သမားများသို့ ၂၀၁၆ မိုးရာသီစိုက်ပျိုးစရိတ်ဘဏ်ချေးငွေများကို ဘဏ်ခွဲမန်နေဂျာမှ မေ ၂၆ ရက်က စတင်ထုတ်ချေးပေးခဲ့ပြီး လားရှိုးခရိုင်အတွင်းရှိ လားရှိုး၊ သိန်းနီ၊ မိုင်းရယ်၊ နမ္မတူမြို့နယ်များရှိ တောင်သူများသို့ ကျပ်သိန်းပေါင်း ၁၃၆၄၃ သိန်းကျော် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်လွင်(လားရှိုး)**

## နယ်လှည့်(အခမဲ့)ဆေးဝါးကုသ

**အင်္ဂပူ မေ ၂၈**

ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် မဲဇလီကုန်းမြို့ဈေးကြီးရပ်ကွက်ရှိ တက်ဆိပ်ကျောင်းတိုက်ပြည်လုံးချမ်းသာဓမ္မာရုံတွင် မေ ၂၆ ရက်က အမှတ်(၅) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးသင်တန်းကျောင်း၊ အမှတ်(၄)စစ်မြေပြင်ဆေးတပ်ရင်း၊ အမှတ်(၁)စစ်မြေပြင်ဆေးတပ်ခွဲ၊ အမှတ်(၄)နယ်လှည့်ဆေးတပ်စုမှ ဗိုလ်ကြီး မောင်မောင်လင်းဦးဆောင်သော ဆေးဝန်ထမ်းများက မဲဇလီကုန်းမြို့ပေါ်နှင့် အနီးဝန်းကျင်ကျေးရွာများမှ လူနာ ၉၀ ခန့်ကို (အခမဲ့) ဆေးဝါးများကုသပေးခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

ခ ရီး သွ ား ဆေ ာ င် း ပါ း

# သာယာစည်ဝေ ဗျူးပွိုင့်မြေသို့



စစ်တွေမြို့ရှိ လောကနန္ဒာဘုရားကို ဖူးတွေ့ရစဉ်

**သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ**

**ဓာတ်ပုံ-မောင်ချစ်ကြည်**

**ညက မိုးတစ်ပြိုက်နှစ်ပြိုက်ရွာခဲ့သဖြင့် နံနက်ခင်းကအေးမြနေသည်။ မြေသားသိပ်အောင်ရွာခဲ့သဖြင့် ကားလမ်းဝဲယာတွင် ရေအနည်းငယ်ဝပ်သည်မှာအပ ဖုန်ထူမှုမရှိ။ စစ်တွေမြို့ နံနက်ခင်းကကားရှင်းသဖြင့် လမ်းလျှောက်ရသည်မှာ ကောင်းသည်။ လက်ဖက်ရည်ဆိုင်တွင် ရခိုင်မိတ်ဆွေအချို့နှင့်တွေ့ဆုံကာ စကားဝိုင်းဖွဲ့ပြီးနောက် တည်းခိုရာသို့ပြန်လာခဲ့သည်။ မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့မှ ပြန်မည်ဖြစ်ရာ ရောက်တုန်းရောက်ခိုက် စစ်တွေမြို့အတွင်း လိုက်လံလေ့လာရန် ဆန္ဒရှိနေရာ ရခိုင်မိတ်ဆွေများက ကားဖြင့်သွားမည်၊ လိုက်ပို့ပေးမည်ဆိုသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရသည်။**

စစ်တွေမြို့သို့တာဝန်ဖြင့် ရောက်ရှိခိုက်လုပ်ငန်းတာဝန်များပြီးဆုံးခဲ့ရာ ရသမျှအချိန်အတွင်းလေ့လာလိုသဖြင့် တည်းခိုနေရာတွင်ရေ ချိုးအဝတ်အစားလဲပြီးနောက် စစ်တွေမြို့သားဦးစံသာအေး၊ ဦးသာလှတို့နှင့်အတူ မော်တော်ယာဉ်ဖြင့်ထွက်လာခဲ့သည်။ စစ်တွေမြို့က လေကြောင်းလမ်း၊ ကားလမ်းတို့ဖြင့်ရန်ကုန်မြို့မှ အလွယ်တကူသွားလာနိုင်ပြီဖြစ်ရာ ပြည်တွင်းခရီးသွားများသာမက ကမ္ဘာလှည့်ခရီးသွားများလည်း လာရောက်နေကြပြီဖြစ်သည်။ စစ်တွေမြို့မှ ငပလီအပန်းဖြေကမ်းခြေသွားလာနိုင်သလို ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များရှိရာ မြောက်ဦးမြို့သို့လည်း မော်တော်ယာဉ်များဖြင့် သွားလာနိုင်သည်ဖြစ်၍ စစ်တွေမြို့သည် ခရီးသွားများအတွက် စိတ်ဝင်စားစရာမြို့ဖြစ်လာသည်။

ရာသီဥတုသာယာသဖြင့် စစ်တွေမြို့ ကမ်းနားလမ်းရှိ ဗျူးပွိုင့်ဘက်သို့ မော်တော်ယာဉ်ဖြင့် ထွက်လာခဲ့သည်။ မြို့တွင်းကားလမ်းများမှာ ကောင်းမွန်သော်လည်း အချို့လမ်းများက ကတ္တရာခင်းထားသည်မှာ မော်တော်ယာဉ်နှစ်စီး မနည်းလွတ်အောင် ရှောင်ရသည့်အနေအထားရှိနေသည်။ လမ်းဘေးဝဲယာနေအိမ်များက အထပ်နိမ့်များဖြစ်ပြီး နှစ်ထပ်အိမ်အတော်များများတွေ့ရသည်။ စစ်တွေမြို့က ယခုအခါရပ်ကွက်ပေါင်း ၃၂ ရပ်ကွက်ရှိပြီး လူဦးရေ ၁၃၀၀၀၀ ကျော်နေထိုင်သောမြို့ကြီးတစ်မြို့အဖြစ် ရောက်ရှိလာကြောင်း သိရသည်။

"စစ်တွေဆိုတာ အရင်ကတော့ ရွာတစ်ရွာလောက်သာရှိပေမယ့် ၁၈၂၆ ခုနှစ်ကစတင်ပြီး မြို့အဖြစ်တည်ထောင်ခဲ့တယ်လို့ မှတ်တမ်းတွေမှာ ဆိုထားတယ်။ အင်္ဂလိပ်-မြန်မာစစ်ပွဲအတွင်းမှာ စစ်တပ်တွေချထားခဲ့တဲ့အရပ်ဖြစ်လို့ စစ်တွေလို့ခေါ်ခဲ့ကြတယ်လို့လည်း ပြောကြတယ်"ဟု အတူလိုက်ပါလာသူ စစ်တွေမြို့သားဦးသာလှက ရခိုင်သံဝဲဝဲဖြင့်ပြောပြသည်။ ရခိုင်ဒေသသည် အင်္ဂလိပ်လက်အောက်ကျရောက်ပြီးနောက် စစ်တွေမြို့ကို အုပ်ချုပ်ရန်မြို့ဝန်များထားရှိခဲ့သည်။ စစ်တွေမြို့ဝန်အဖြစ် ရော်ဘင်ဆင်မှ ဂျော်ဂျီလာဗ္ဗိအထိမြို့ဝန်ခြောက်ဆက်တိုင်အောင် အိန္ဒိယနိုင်ငံ စစ်တကောင်းမှနေပြီး အုပ်ချုပ်ခဲ့ကြသည်ကို သမိုင်းမှတ်တမ်းများ၌ ဖတ်ရှုခဲ့ဖူးသည်။

ကျွန်တော်တို့ စစ်တွေမြို့တောင်ဘက်သို့ ရောက်ရှိလာခဲ့ပြီး ကမ်းနားလမ်းဘက်သို့ရောက်ရှိသည်နှင့် ရှုခင်းကပြောင်းလဲသွားသည်။ ဘင်္ဂလားပင်လယ်အော်နှင့် ကုလားတန်မြစ်ဝအနီး တည်ရှိသော စစ်တွေမြို့ဗျူးပွိုင့်ကမ်းခြေက သာယာရှုမောဖွယ် ကောင်းလေသည်။ တဖြူးဖြူးတိုက်ခတ်နေသောလေ၊ ကမ်းခြေ ကို ဖြည်းဖြည်းချင်းရိုက်ပုတ်နေသော ရေလှိုင်းများ၊ မြစ်အတွင်း စုန်ဆန်သွားလာနေသော ရေယာဉ်နှင့်သင်္ဘောများ၊ ရေပြင်သို့ နေရောင်ကျရောက်သဖြင့် တလက်လက်တောက်ပနေသော ရေလှိုင်းများ၊ ခပ်ဝေးဝေးမှစိမ်းညို့နေသော ရခိုင်ရိုးမတောင်စွယ်၊ တောင်တန်းများကပန်းချီကျော်တစ်ဦး၏လက်ရာမြောက် သက်ဝင်ပန်းချီကားတစ်ချပ်သဖွယ် မြင်တွေ့ခံစားရသည်။

ကမ်းခြေလမ်းအတိုင်း ကားကိုဖြည်းဖြည်းချင်းမောင်းနှင်လာခဲ့ရာ ရေပြင်ကိုမျက်နှာမူကာ ထိုင်ခုံအချို့ပြုလုပ်ထားသည်ကိုတွေ့ရသည်။ မော်တော်ယာဉ်ဖြင့် လာရောက်သူများ၊ လမ်းလျှောက်နေသူများ၊ ကမ္ဘာလှည့်ခရီးသွားအချို့ကိုလည်း မြင်တွေ့ရသည်။ ၂၀၁၅ ခုနှစ်က အကြီးစားပြင်ဆင်မှုများပြုလုပ်ခဲ့သော စစ်တွေမြို့ ဗျူးပွိုင့်အပန်းဖြေကမ်းခြေတွင် အမြင့် ၁၂ ပေရှိသည့် ရခိုင်ညွန့်ဖူးအရုပ်၊ အမြင့်ကိုးပေရှိသော ရခိုင်ရိုးရာကျင်ကိုင်အရုပ်၊ အမြင့် ၁၂ ပေ၊ အကျယ် ခြောက်ပေ၊ အရှည် ၁၅ ပေရှိသော ရခိုင်ရိုးရာဗျာလ်ရုပ်များပြုလုပ်ထားသည်မှာ တင့်တယ်ထည်ဝါမှုအပြည့်ရှိသည်ဟု မြင်တွေ့ခံစားရသည်။ ပင်လယ်ရှုခင်းကြည့်သည့် ရင်ပြင်နေရာမှ လှမ်းမျှော်ကြည့်လိုက်ရာရေပြင်နှင့် ရေယာဉ်များကို ရှုမဆုံးအောင် မြင်တွေ့ရသည်။ စိတ်လွတ်လပ်မှု၊ မြင်ကွင်းပွင့်လင်းမှု၊ တိတ်ဆိတ်အေးချမ်းမှုများက မွန်းကျပ်မှုနှင့်စိတ်ဖိစီးမှုများကို ပြေလျော့ကာ အပန်းပြေစေသည်ကအမှန်ပင်။

ဗျူးပွိုင့်ကမ်းခြေရှိမျှော်စင်ဘက်သို့သွားရောက်ခဲ့ပြီးမျှော်စင်ပေါ်တက်ရောက်ခဲ့သည်။ ၁၈ ပေခန့်မြင့်သောမျှော်စင်နှင့် မလှမ်းမကမ်းတွင် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအား တင်ဆောင်လာသော ဘတ်စ်ကားနှစ်စီးကို တွေ့ရပြီး ကမ္ဘာလှည့်ခရီးသွားများက ကမ်းခြေတွင် ဓာတ်ပုံမှတ်တမ်းများရယူနေကြသည်ကို လှမ်းမြင်ရသည်။ မျှော်စင်ထိပ်တွင်ရှိသောအမိုးရှိအဆောင်ပေါ်၌လည်း ကမ္ဘာလှည့်ခရီးသွား ဧည့်သည်သုံးဦးရောက်ရှိနေသဖြင့် မေးကြည့်ရာ ပြင်သစ်နိုင်ငံမှဖြစ်ပြီး ဓာတ်ပုံပညာရှင်တစ်ဦးနှင့် တက္ကသိုလ်ကထိကတစ်ဦးဖြစ်ကြောင်း မြောက်ဦးမြို့တွင် လေ့လာခဲ့ပြီး စစ်တွေမြို့သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ စစ်တွေမြို့ ဗျူးပွိုင့်အပန်းဖြေကမ်းခြေမှာ သာယာလှပပြီး ဒေသခံတိုင်းရင်းသားများ၏ ရိုးရာဓလေ့ရုပ်များကြောင့် ဆွဲဆောင်မှုရှိကြောင်း ပြောပြသည်။ မျှော်စင်ပေါ်မှ ဗျူးပွိုင့်ကမ်းခြေတစ်လျှောက် ကြည့်လိုက်ရာ အပေါ်စီးမှလှပသော မြင်ကွင်းကို တစ်မူထူးခြားစွာတွေ့မြင်ရသည်။ ဗျူးပွိုင့်အပန်းဖြေကမ်းခြေသည် စစ်တွေမြို့တွင် အထူးခြားဆုံးနှင့် ခရီးသွားဧည့်သည်များအတွက် ဆွဲဆောင်မှုအရှိဆုံးနေရာတစ်ခုပင်ဖြစ်သည်။ တစ်မိုင်ခွဲခန့်ရှည်လျားသော ဗျူးပွိုင့်အပန်းဖြေကမ်းခြေမှ ဘင်္ဂလားပင်လယ်အော်နှင့် နေဝင်ချိန်အလှကို တစ်ဝကြီးကြည့်ရှုခံစားနိုင်လေသည်။

## မျှော်စင်ပေါ်မှ ဗျူးပွိုင့်ကမ်းခြေတစ်လျှောက်ကြည့်လိုက်ရာ အပေါ်စီးမှ လှပသောမြင်ကွင်းကို တစ်မူထူးခြားစွာ တွေ့မြင်ရသည်။ ဗျူးပွိုင့် အပန်းဖြေကမ်းခြေသည် စစ်တွေမြို့တွင် အထူးခြားဆုံးနှင့် ခရီးသွားဧည့်သည်များအတွက် ဆွဲဆောင်မှုအရှိဆုံးနေရာတစ်ခု ပင်ဖြစ်

ကျွန်တော်တို့ ဗျူးပွိုင့်အပန်းဖြေကမ်းခြေတွင် အတန်ကြာကြည့်ရှုလေ့လာပြီးနောက် ပြန်ထွက်လာခဲ့ကြသည်။ ထို့နောက် စစ်တွေမြို့ဗဟိုဈေးကြီးသို့ရောက်ရှိခဲ့သည်။ ၁၉၅၆ ခုနှစ်က စတင်တည်ဆောက်ခဲ့သော ဗဟိုဈေးကြီးအတွင်းအထည်အလိပ်၊ အဝတ်အထည်များ၊ ငါးဖမ်းပိုက်များ၊ သားငါးရောင်းချသောအတန်း၊ ဟင်းသီးဟင်းရွက်ရောင်းချသော အတန်းများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်ရှိနေသည်။ ဈေးဆိုင်များမှာ သူ့ဖောက်သည်နှင့်သူ အရောင်းအဝယ်ပြုလုပ်နေသည်ကို တွေ့ရသည်။ တစ်ချိန်ကနာမည်ကျော်ရခိုင်ပုဆိုးများကို ဆိုင်အချို့တွင် တင်ရောင်းနေသော်လည်း လူကြိုက်နည်းပါးလာကြောင်း သိရသည်။

သို့သော် ဈေးကွက်အတွင်း အရောင်းအဝယ်ရှိနေဆဲပင်ဖြစ်သည်။ ရခိုင်ပုဆိုးကို ဒေသထွက်ကုန်ပစ္စည်းအဖြစ် ခေတ်မီနည်းပညာဒီဇိုင်းပုံစံများဖြင့် ဆက်လက်ထိန်းသိမ်းထုတ်လုပ်သွားသင့်သည်ဟု တွေးမိသည်။ ဈေးအတွင်းမှ ကျွန်တော်တို့ ပြန်ထွက်လာခဲ့ကြသည်။

***စာမျက်နှာ ၂၁ သို့***



စစ်တွေမြို့ရှိ ဗျူးပွိုင့်အပန်းဖြေကမ်းခြေတစ်နေရာကို တွေ့ရစဉ်

*စာမျက်နှာ ၂၀ မှ*

ဗဟိုဈေးကြီးမှတစ်ဆင့် ယဉ်ကျေးမှုပြတိုက်သို့သွားရောက်ခဲ့သည်။ မိန်းလမ်းပေါ်တွင်တည်ရှိသော ယဉ်ကျေးမှုပြတိုက်မှာ နှစ်ထပ်အဆောက်အအုံဖြစ်သည်။ ပြတိုက်အတွင်းသို့ ကျွန်တော်တို့ ဝင်ရောက်ခဲ့ကြသည်။ သီတင်းတစ်ပတ်တိုင်း အင်္ဂါနေ့မှ စနေနေ့အထိ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိဖွင့်လှစ်သည့် စစ်တွေမြို့ ယဉ်ကျေးမှုပြတိုက်သို့ ကျွန်တော်တို့ ရောက်သွားချိန်၌ လာရောက်လေ့လာသူ တစ်ဦး နှစ်ဦးသာတွေ့ရသည်။ ပြတိုက်ပထမထပ်တွင် မြောက်ဦးမင်းဆက်မှ ရုပ်တုများ၊ အသုံးအဆောင်ပစ္စည်းနှင့်အထိမ်းအမှတ်ပစ္စည်းများကို ခင်းကျင်းပြသထားသည်။

ကျွန်တော်တို့ ဒုတိယထပ်သို့တက်ရောက်ခဲ့ရာ ရှေးခေတ်ရခိုင်တို့ ခေတ်လေးခေတ်ဖြစ်သော ဓညဝတီမှ မြောက်ဦးအထိကို ပုံစံငယ်များဖြင့် ပြသထားသည်ကို တွေ့ရသည်။ ရှေးရခိုင်ဘုရင်များ ထီးနန်းစိုက်စိုးစံခဲ့ပုံများကို ပြန်လည်မှန်းဆနေမိသည်။ ကျွန်တော်တို့ပြတိုက်အတွင်း အတန်ကြာလေ့လာပြီးနောက် ပြန်ထွက်လာခဲ့ကြသည်။ စစ်တွေမြို့ယဉ်ကျေးမှုပြတိုက်က ရခိုင်တိုင်းရင်းသားတို့၏ အတိတ်ပုံရိပ်ကို ပြန်လည် မြင်ယောင်စေမိသည်။ ရခိုင်သမိုင်းကို ဖွင့်လှစ်ပြသ သတိတရရှိစေသည်က အမှန်ပင်။

ဆက်လက်ပြီး ကျွန်တော်တို့ စစ်တွေမြို့ မေယုလမ်းရှိ လောကနန္ဒာဘုရားသို့ သွားရောက်ခဲ့ကြသည်။ စစ်တွေလေဆိပ်နှင့် စစ်တွေမြို့လယ်အကြားတွင် တည်ရှိသော လောကနန္ဒာဘုရားက တန်ခိုးကြီးပြီးဆုတောင်းပြည့်သည်ဟု ဆိုသဖြင့် ရှိခိုးဦးချကာ ရင်ပြင်တော်ပေါ်၌လေ့လာမိသည်။ တန်ခိုးကြီးဘုရားဖြစ်သဖြင့် ဘုရားဖူးမပြတ်ကြောင်း သိရသည်။

ဘုရားဖူးများဖြင့် ပြည့်ကျပ်စည်ကားခြင်းမဟုတ်သော်လည်း တကူးတက လာရောက်ဖူးမြော်သူများရှိနေသည်။ ဆုတောင်းနေသူများကိုလည်း တွေ့ရသည်။

လောကနန္ဒာဘုရားမှတစ်ဆင့် စစ်တွေလေဆိပ်သို့သွားရောက်လေ့လာခဲ့သည်။ ပြုပြင်မှုများ ပြုလုပ်ထားသဖြင့် စစ်တွေ



စစ်တွေမြို့ရှိ ဗျူးပွိုင့်ကမ်းခြေတွင် ကမ္ဘာလှည့်ခရီးသွားများ မှတ်တမ်းဓာတ်ပုံရိုက်ကူးနေစဉ်

လေဆိပ်သည် သပ်ရပ်မှုရှိနေသည်ကို တွေ့ရသည်။ ခရီးသည် အဝင်အထွက်တဖြည်းဖြည်းများလာမှုကြောင့် လေဆိပ်ခန်းမဆောင်တွင် ခရီးသည်ထိုင်ခုံများဖြင့် ခရီးသွားများအတွက် သက်သောင့်သက်သာနေထိုင်နိုင်ရန် စီစဉ်ပေးထားသည်ကို မြင်ရသည်။ သို့သော် လေကြောင်းခရီးစဉ်များတိုးချဲ့ပျံသန်းရန်နှင့် ဆိုက်ရောက်ထွက်ခွာပြုလုပ်နိုင်ရန် ဖြည့်ဆည်းကူညီနိုင်ရေးအတွက် ဆောင်ရွက်ပေးရေး လိုအပ်နေဆဲဖြစ်သည်။ လေကြောင်းခရီးစဉ်များနေ့စဉ် ပျံသန်းနိုင်ရန် ဒေသခံတို့ကလည်း ဆန္ဒရှိနေကြကြောင်း သိရသည်။

ကျွန်တော်တို့စစ်တွေလေဆိပ်မှ ပြန်လာပြီးနောက် မိန်းလမ်းရှိ မဟာကုသလ ကျောင်းတော်ကြီးသို့ ရောက်ရှိခဲ့သည်။ ကျောင်းတော်ကြီးအတွင်း ရှေးဟောင်းဒင်္ဂါးပြားများ၊ မြောက်ဦးခေတ်ဒင်္ဂါးပြားများကို တွေ့ရသည်။ ပြည်တွင်းခရီးသွားအချို့ လာရောက်လေ့လာကြည့်ရှုနေကြသည်ကိုမြင်ရသဖြင့် မေးမြန်းကြည့်ရာ ရန်ကုန်မြို့မှဖြစ်ကြောင်း ငပလီကမ်းခြေသို့လာရောက်အပန်းဖြေရင်း စစ်တွေမြို့သို့မရောက်ဖူးသဖြင့် ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း ခရီးသွားတစ်ဦးက ပြောပြသည်။ ရန်ကုန်နှင့် စစ်တွေမြို့လေကြောင်းခရီးက ၄၅ မိနစ်ခန့်ပင် ကြာသည်ဖြစ်ရာ လေကြောင်းခရီးစဉ်များတိုးချဲ့ပျံသန်းနိုင်ပါက ခရီးသွားများ ပိုမိုလာရောက်နိုင်မည်ဟု တွေးနေမိသည်။

မဟာကုသလကျောင်းတော်ကြီးမှ ပြန်ထွက်လာပြီးနောက် ထမင်းဆိုင်သို့သွားရောက်ခဲ့ရာ စစ်တွေမြို့၌ နာမည်ကြီး ထမင်းဆိုင်ဟု ဦးသာလှကပြောသဖြင့် စိတ်ဝင်စားသွားသည်။ ဆိုင်သို့ရောက်ရာ နေ့လယ်ထမင်းစားချိန်ဖြစ်သဖြင့် လာရောက်စားသုံးသူများဖြင့် စည်ကားနေသည်ကိုတွေ့ရသည်။ ထို့နောက် ငါးခေါင်းဟင်း၊ ပုစွန်ဟင်းတို့ဖြင့် စားရာရခိုင်ငပိထောင်းစပ်စပ်၊ တို့စရာ လတ်လတ်ဆတ်ဆတ်တို့ဖြင့် ထမင်းစားမြိန်လှသည်။ ခရမ်းသီးရခိုင်ချက်ကလည်း ခံတွင်းတွေ့သည်ဖြစ်ရာ သည်ဆိုင်က ဟင်းချက်လက်ရာကောင်းသည်ကို အသိအမှတ်ပြုရတော့သည်။

ထမင်းစားပြီးနောက်တည်းခိုရာသို့ပြန်လာခဲ့သည်။ လမ်းတွင် စစ်တွေမြို့ဇာတိဖြစ်သော မျိုးချစ်စိတ်ပြင်းထန်သည့် လွတ်လပ်ရေးတိုက်ပွဲဝင် ဆရာတော်ဦးဥတ္တမကို သတိရစိတ်ဖြစ်မိသည်။ မြန်မာ့သမိုင်းတွင် မမေ့သင့်မမေ့အပ်သော ပုဂ္ဂိုလ်တစ်ပါးပင် ဖြစ်သည်။ စစ်တွေမြို့ဇာတိထင်ရှားသူများအနက် ဆာပေါ်ထွန်း၊ ပထမဆုံး ယစ်မျိုးမင်းကြီးဦးရွှေဇံအောင် စသည်တို့ဖြစ်ပြီး ရုပ်ရှင်မင်းသားကြီး အောင်လွင်မှာလည်း စစ်တွေဇာတိပင်ဖြစ်သည်။

တည်းခိုရာသို့ ပြန်ရောက်သည်နှင့်ပစ္စည်းများ သိမ်းဆည်းကာ ရန်ကုန်ပြန်ရန်ပြင်ဆင်ရသည်။ မွန်းလွဲ ၂ နာရီတွင်ကားထွက်မည်ဖြစ်ရာ မိတ်ဆွေဦးသာလှတို့ကို ကျေးဇူးတင်နှုတ်ဆက်ရင်း အပြန်ကားပေါ်တက်ခဲ့သည်။ မကြာမီကားစထွက်ရာ စစ်တွေမြို့သည် တဖြည်းဖြည်းဝေး၍ ကျန်ခဲ့သည်။ နေရစ်လေဦးတော့စစ်တွေ...။

**ပြုပြင်မှုများ ပြုလုပ်ထားသဖြင့် စစ်တွေလေဆိပ်သည် သပ်ရပ်မှုရှိနေသည်ကို တွေ့ရသည်။ ခရီးသည်အဝင်အထွက် တဖြည်းဖြည်းများလာမှုကြောင့် လေဆိပ်ခန်းမဆောင်တွင် ခရီးသည်ထိုင်ခုံများဖြင့် ခရီးသွားများအတွက် သက်သောင့်သက်သာ နေထိုင်နိုင်ရန် စီစဉ်ပေးထားသည်ကို မြင်ရသည်။ သို့သော် လေကြောင်းခရီးစဉ်များတိုးချဲ့ပျံသန်းရန်နှင့် ဆိုက်ရောက်ထွက်ခွာပြုလုပ်နိုင်ရန် ဖြည့်ဆည်းကူညီနိုင်ရေးအတွက် ဆောင်ရွက်ပေးရေး လိုအပ်နေဆဲဖြစ်**

# စိတ်ကျဝေဒနာ အဖြေရှာနိုင်မယ့် ကုထုံးသစ်

**ဘာသာပြန်-ကလျာမိုးမြင့်**

ထူးဆန်းတဲ့ စားသုံးမှိုတစ်မျိုးအတွင်းမှာ ပါရှိတဲ့ ဟော်လူဆိုင်နိုဂျဲနစ် (hallucinogenic) ဓာတုပစ္စည်းတစ်မျိုးဟာ ကုသရန်ခက်ခဲတဲ့ စိတ်ကျဝေဒနာအတွက် အလားအလာကောင်းများရှိနိုင်ကြောင်း လူနာ ၁၂ ဦးကို ပြုလုပ်ခဲ့တဲ့ လေ့လာမှုတစ်ခုက ပြသခဲ့ပါတယ်။

အဆိုပါ ဓာတုပစ္စည်းကို အသုံးပြုပြီးနောက်မှာ လူနာရှစ်ဦးဟာ ဆန်းကြယ်တဲ့ စိတ်ပိုင်းဆိုင်ရာခံစားမှုတစ်မျိုးကို ခံစားရပြီး စိတ်ကျဝေဒနာပျောက်ကင်းသွားကြောင်း တွေ့ရပါတယ်။ ဆေးထိုးပြီး သုံးလကြာတဲ့အထိ လူနာငါးဦးမှာစိတ်ကျရောဂါ ပြန်လည်ဖြစ်ပွားမှု မတွေ့ရကြောင်း၊ Lancet စိတ်ရောဂါလေ့လာကုသမှုအဖွဲ့က ဖော်ပြပါတယ်။

ကျွမ်းကျင်ပညာရှင်များက ယခုတွေ့ရှိမှုကို အလားအလာကောင်းတဲ့ရလဒ်တစ်ခုအဖြစ် ကြိုဆိုခဲ့ကြသော်လည်း အပြည့်အဝချီးကျူး အသိအမှတ်ပြုခြင်းတော့ မရှိသေးပါဘူး။ ဆေးဝါးအသစ်ကို ဒီထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် စစ်ဆေးစမ်းသပ်ဖို့ တိုက်တွန်းထားပါတယ်။

လေ့လာစမ်းသပ်မှု စတင်ပြုလုပ်ချိန်မှာ ဝေဒနာရှင်ကိုးဦးဟာ စိတ်ကျရောဂါပြင်းပြင်းထန်ထန်ခံစားနေရပြီး သုံးဦးကတော့ အလယ်အလတ်အဆင့် စိတ်ကျရောဂါခံစားနေရပါတယ်။ လူနာတစ်ဦးဟာဆိုရင် စိတ်ကျရောဂါဖြစ်နေခဲ့တာ နှစ် ၃၀ ကြာခဲ့ပါပြီ။ ဝေဒနာရှင်တွေအားလုံးဟာ ကုထုံးနှစ်မျိုးထက်မနည်း အသုံးပြုခဲ့ကြဖူးသူတွေဖြစ်ပြီး သက်သာပျောက်ကင်းမှုမရခဲ့ကြပါဘူး။ တစ်ဦးဆိုရင် ကုထုံး ၁၁ မျိုးထိ အသုံးပြုကုသခဲ့ဖူးပါတယ်။

## စီလိုဆိုင်ဗင်တိုက်ကျွေးလိုက်တဲ့အခါမှာ ဖြစ်ပေါ်လာတဲ့ စိတ်ခံစားမှုဟာ မယုံကြည်နိုင်လောက်အောင် နက်ရှိုင်းတဲ့ ခံစားမှုမျိုးဖြစ်ပြီး လျှို့ဝှက်ဆန်းကြယ်တဲ့ စိတ်ပိုင်းဆိုင်ရာခံစားမှုမျိုး တွေ့ကြုံရကြောင်း လူနာတွေက ဖော်ပြကြ

စမ်းသပ်လေ့လာမှုကို Imperial College London သုတေသနပြုကျောင်းမှာ ပြုလုပ်ကြတဲ့အခါ ဝေဒနာ သက်သာစေဖို့အတွက် စားသုံးမှိုထဲမှာပါဝင်နေသော စီလိုဆိုင်ဗင် (psilocybin)လို့ ခေါ်တဲ့ ဟော်လူဆိုင်နိုဂျဲနစ် ဓာတ်ပစ္စည်း ပမာဏများများကို လူနာတွေအား တိုက်ကျွေးခဲ့ပါတယ်။

စိတ်ချရပြီဆိုတဲ့အခါ စားသုံးမှိုများစွာနဲ့ညီမျှတဲ့ နောက်ထပ်စီလိုဆိုင်ဗင် ပမာဏများစွာကို လူနာများအားထပ်မံတိုက်ကျွေးခဲ့တယ်လို့ သုတေသနပညာရှင်များက ပြောပါတယ်။ ဆေးတိုက်ပြီးတဲ့နောက်မှာ လူနာနှစ်ဦးဟာ စိတ်ပေါ့ပါး ပျံ့လွင့်မှုကို ခြောက်နာရီကြာအောင်ရရှိခဲ့ပြီး ၎င်းတို့ကို ဂန္ထဝင်ဂီတသံများနဲ့ စိတ်ပိုင်းဆိုင်ရာ ကူညီထောက်ပံ့မှုပြုလုပ်ခဲ့ရပါတယ်။

စီလိုဆိုင်ဗင်တိုက်ကျွေးလိုက်တဲ့အခါမှာ ဖြစ်ပေါ်လာတဲ့စိတ်ခံစားမှုဟာ မယုံကြည်နိုင်လောက်အောင် နက်ရှိုင်းတဲ့ ခံစားမှုမျိုးဖြစ်ပြီး လျှို့ဝှက်ဆန်းကြယ်တဲ့စိတ်ပိုင်းဆိုင်ရာ ခံစားမှုမျိုးတွေ့ကြုံရကြောင်း လူနာတွေက ဖော်ပြကြတယ်လို့ သုတေသနပညာရှင် ဒေါက်တာ ရော်ဘင်ကာဟတ်ဟာရစ်က ပြောပါတယ်။

လူနာအများစုဟာ ကြိုတင်ခန့်မှန်းထားတဲ့အတိုင်း စိုးရိမ်ပူပန်ခြင်း၊ ပျို့အန်ခြင်းနဲ့ ခေါင်းကိုက်ခြင်းစတဲ့ ဘေးထွက်ဆိုးကျိုး အနည်းငယ်ဖြစ်ပေါ်ပြီးနောက်မှာ စိတ်ဓာတ်ကျဆင်းမှု လက္ခဏာများဟာ မြန်မြန်ဆန်ဆန် လျော့ကျသွားခဲ့ပါတယ်။

စိတ်ကျရောဂါကုသတဲ့ ကုထုံးတွေထဲမှာ ဒီနည်းဟာ အတော်လေးအကျိုးသက်ရောက်မှုပမာဏကြီးမားတာကို တွေ့မြင်ရပါတယ်။ ဒီလေ့လာမှုကနေ မြင်တွေ့ရတဲ့ အကျိုးသက်ရောက်မှုဟာ ရေရှည်အကျိုးဖြစ်ထွန်းနိုင်တဲ့ ရလဒ်ဖြစ်မဖြစ်ဆိုတာကို သိရဖို့အတွက် ဒီထက်ပိုကျယ်ပြန့်တဲ့ စမ်းသပ်လေ့လာမှုပြုလုပ်ဖို့ လိုအပ်တယ်လို့ ဒေါက်တာ ကာဟတ်ဟာရစ်က ဆိုပါတယ်။

စိတ်ကျရောဂါခံစားနေရချိန်မှာ ကိုယ့်ကိုယ်ကို အလွန်အမင်း အပြစ်မြင်၊ အဆိုးမြင်ခြင်းနဲ့ အပျက်သဘောဆောင်တဲ့ စိတ်အခြေအနေထဲမှာ အတွေးတွေဟာ ချောင်ပိတ်မိနေပြီး အဲဒီအခြေအနေမှာ ဆေးရဲ့အာနိသင်ဟာ စိတ်ရဲ့ချောဆီသဖွယ် ဆောင်ရွက်ကာ လူနာကို စိတ်လွတ်မြောက်မှုပေးလိုက်တယ်လို့ ထင်ရကြောင်း သုတေသီ ပရုဖ် ဒေးဗစ်နတ်က ပြောပါတယ်။ စီလိုဆိုင်ဗင်ဟာ ဦးနှောက်အတွင်းရှိ စိတ်ခံစားမှုဆိုင်ရာ ပါဝင်ပစ္စည်းဖြစ်တဲ့ ဆီရိုတိုနင် ဟော်မုန်းကို လှုံ့ဆော်ပေးလိုက်တယ်လို့ ၎င်းက ပြောခဲ့ပါတယ်။ အဆိုပါစမ်းသပ်မှုကို Beckley ဖောင်ဒေးရှင်းနဲ့ UK ဆေးဝါးသုတေသနကောင်စီက ကူညီထောက်ပံ့ခဲ့ပါတယ်။

**(ဘီဘီစီ)**



ဟော်လူဆိုင်နိုဂျဲနစ် (hallucinogenic) ဓာတ်ပစ္စည်းပါဝင်သည့် စားသုံးမှို

# ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူတွေ ဘယ်လောက်ပြောခွင့်ရမှာလဲ

**မြင့်ကျော် (ဇလွန်)**

**ပြည်သူကိုမျက်နှာမူပြီး ပြည်သူ့အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်မည့် အစိုးရသစ်သည် ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများစာရင်းကို ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။ ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများနှင့် သတင်းမီဒီယာကျွမ်းကျင်သူများ တွေ့ဆုံဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ် မေလ ၂၃ ရက်နေ့က နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာနတွင် ကျင်းပခဲ့သည်။**

ထိုတွေ့ဆုံပွဲတွင် သတင်းမီဒီယာကျွမ်းကျင်သူများက မီဒီယာနှင့်အစိုးရ လွယ်ကူလျင်မြန်စွာ ဆက်ဆံနိုင်စေရေးကို အလေးထားပြီး နှစ်ဖက်လိုအပ်ချက်များနှင့် ကျင့်ဝတ်စည်းကမ်းများကို အလေးထားဆွေးနွေးခဲ့ကြသည်။ သတင်းအချက်အလက် ရရှိပိုင်ခွင့်ကိုလည်း ဘက်ပေါင်းစုံအမြင်များဖြင့် ဆွေးနွေးခဲ့ကြသည်။ ခေတ်အဆက်ဆက် ဝန်ကြီးဌာနများ၏ သတင်းများရရှိရန်ခက်ခဲခဲ့မှုနှင့် ဝန်ကြီးဌာနများအနေဖြင့် သတင်းမီဒီယာသမားများအပေါ် ထားရှိနေသည့် ကြောက်ရွံ့စိတ်နှင့် မယုံကြည်စိတ်များသည် သတင်းအချက်အလက်ပျံ့နှံ့မှု အားနည်းစေပြီး ကောလာဟလများ ကြီးထွားဖြစ်ပေါ်စေခဲ့မှုများအပေါ် ထောက်ပြဆွေးနွေးခဲ့ကြသည်။

## ဆွေးနွေးပွဲ၏ အဓိက ရည်ရွယ်ချက်

ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများနှင့် သတင်းမီဒီယာကျွမ်းကျင်သူများ၏ ဆွေးနွေးပွဲ၏ အဓိကရည်ရွယ်ချက်မှာ ပြည်သူများ သတင်းအချက်အလက်သိရှိပိုင်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုပိုင်ခွင့်များကို ပြည်သူက ရွေးချယ်တင်မြှောက်ထားသော အစိုးရတစ်ရပ်အနေဖြင့် အမြန်ဆုံးပုံဖော်ဆောင်ရွက်ခြင်းဟု မှတ်ယူနိုင်ပါသည်။ ခေတ်အဆက်ဆက်က ဝန်ကြီးဌာနများ၏ သတင်းနှင့်အချက်အလက်များကို ပြည်သူထံသို့ မီဒီယာများမှတစ်ဆင့် ပို့ဆောင်ကြရာတွင် အခက်အခဲမျိုးစုံရှိခဲ့သည်။

ဝန်ကြီးဌာနများမှ သတင်းအချက်အလက် ရရှိနိုင်ခွင့်၊ အချိန်မီဆက်သွယ်နိုင်ခွင့်နှင့် ကိုယ့်ဌာနနှင့်မဆိုင်လျှင် အမှန်တကယ် ဆက်သွယ်မေးမြန်းဆောင်ရွက်ရမည့် ဌာနနှင့်ပုဂ္ဂိုလ်များကို သိရှိသော်လည်း လမ်းညွှန်ပေးမှု မရှိခြင်းနှင့် အခြားအလုပ်များနှင့် သတင်းပြန်ကြားရေးတာဝန် ပူးတွဲထမ်းဆောင်ရသဖြင့် စိတ်ရှည်သည်းခံမှု နည်းပါးခြင်းတို့ကြောင့် သတင်းမီဒီယာသမားများအနေဖြင့် ရရှိထားသော သတင်းအစအနများကိုသာ အခြေခံပြီးရေးသား ထုတ်ပြန်ကြသဖြင့် သတင်းမှားများနှင့် သတင်းလွဲများ ဖြစ်ကြရသည့် သာဓကများစွာ ဖြစ်ပေါ် ခဲ့သည်။

## သတင်းမှန်များ မရခဲ့၊ သတင်းစီးဆင်းမှုနှေးကွေးခဲ့

ဝန်ကြီးဌာနများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် သတင်းမီဒီယာသမားများအကြား ဆက်ဆံရေးနှင့် သတင်းလုပ်ငန်းဆောင်ရွက်ကြမှုအပိုင်းတွင် မတူညီသော အမြင်များ၊ မိမိကိုယ်ကိုကာကွယ်မှု ရှေ့တန်းတင်ခြင်းနှင့် သတင်းရလိုမှုကိုသာ ဦးစားပေးကြခြင်းတို့ကြောင့် သတင်းမှန်ရရှိမှုနည်းပါးပြီး သတင်းစီးဆင်းမှုနှေးကွေးခဲ့ပါသည်။ ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများကို ရွေးချယ်ကြရာတွင်လည်း မီဒီယာများနှင့် ထိစပ်ကျွမ်းဝင်သူ မဖြစ်ခြင်း၊ မီဒီယာနယ်ပယ်၏ အသုံးဝင်မှုသဘောသဘာဝများအား နားလည်တတ်ကျွမ်းသူများ မဟုတ်ခြင်းနှင့် မီဒီယာနှင့်ထိတွေ့ဆက်ဆံရခြင်းကို ဒုက္ခတစ်ရပ် အပိုတာဝန်တစ်ရပ်အဖြစ် ရှုမြင်သူများကို ရွေးချယ်ထားပါက အစိုးရဝန်ကြီးဌာနများ၏ သတင်းစီးဆင်းမှုနှင့် သတင်းမှန်ပျံ့နှံ့မှုမှာ ခက်ခဲနေဦးမည်ဖြစ်ပါသည်။

အစိုးရအပေါ် ပြည်သူများ၏ ယုံကြည်မှု ပိုမိုထွန်းကားလာမှသာ ပြည်သူများက အစိုးရက ဖော်ဆောင်သည့် အစီအမံများအပေါ် အားကြိုးမာန်တက် ပူးပေါင်းပါဝင်လာကြမည်ဖြစ်သည်။ ပြည်သူများက အစိုးရအပေါ် ယုံကြည်မှုဖြစ်ထွန်းရေးမှာ အစိုးရ၏ ပွင့်လင်းမြင်သာမှုနှင့် ပြည်သူများအတွက် အနာဂတ်မျှော်မှန်းချက်များကို အချိန်ကိုက်အခါကိုက် ချပြထုတ်ပြန်ရေးသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်နေပါသည်။ အစိုးရတစ်ရပ်၏ အကိုင်းအခက်အလက်များဖြစ်သော ဝန်ကြီးဌာနများအနေဖြင့် ဝန်ကြီးဌာနတစ်ခုချင်းအလိုက် ပြည်သူများသိရှိရန် လိုအပ်သော သတင်းအချက်အလက်များကို မီဒီယာများမှတစ်ဆင့် တင်ပြကြရမည်ဖြစ်သည်။ ပြည်သူများသိလိုသော သတင်းအချက်အလက်များကို သတင်းမီဒီယာများမှ ဝန်ကြီးဌာနများ၏ ပြောရေးဆိုခွင့်ရှိသူများထံ ဆက်သွယ်မေးမြန်းပြီး သတင်းပြုလုပ်ကြခြင်းဖြင့် အစိုးရတစ်ရပ်၏ ပြည်သူကို မျက်နှာမူမှု ရှေးရှုမှုတို့ကို အထင်အရှား မြင်တွေ့သိရှိနိုင်စေပါသည်။

## ဆက်ဆံရေးဝေးသထက်ဝေးလျှင် ...

ပြောရေးဆိုခွင့်ရှိသူများကို ဖွဲ့စည်းတာဝန်ပေးကြရာတွင် အရေးကြီးဆုံးသော အချက်မှာ ပြောရေးဆိုခွင့်ရှိသူများအား မည်မျှသော အတိုင်းအတာအထိ ပြောခွင့်ပေးထားမည်နည်းဆိုသည့် သတ်မှတ်ချက်မူဝါဒပင်ဖြစ်သည်။ အဆိုပါမူဝါဒ ချမှတ်ထားခြင်းမရှိပါက ပြောရေးဆိုခွင့်ရှိသူများသည် နာမည်သာရှိပြီး မပြောရဲ မဆိုရဲဖြစ်ကာ မီဒီယာများနှင့် ဆက်ဆံရေးဝေးသထက်ဝေးပြီး ဝန်ကြီးဌာန၏ပုံရိပ်နှင့် အစိုးရ၏ပုံရိပ် ကျဆင်းစေမည်သာဖြစ်ပါသည်။ ပြောရေးဆိုခွင့်ရှိသူများအနေဖြင့် မီဒီယာကို ကြောက်ရွံ့ရန်မလိုဘဲ ဝန်ကြီးဌာနများ၏ မူဝါဒနှင့် နိုင်ငံတော်အစိုးရ၏ မူဝါဒများကို စဉ်ဆက်မပြတ်သိရှိရန် လေ့လာထားရမည်ဖြစ်သည်။

ထို့ပြင် မီဒီယာများနှင့်ဆက်ဆံရာတွင် မီဒီယာသမားများ လိုက်နာကျင့်သုံးရသည့် ဥပဒေများနှင့် ကျင့်ဝတ်စည်းကမ်းများကိုလည်း နှံ့စပ်ကျွမ်းကျင်စွာ သိရှိထားသူဖြစ်ရပါမည်။ မီဒီယာများနှင့် ဆက်ဆံထိစပ်သည့် ပုံစံအမျိုးမျိုးကိုလည်း နားလည်ကြရမှာဖြစ်ပြီး တွေ့ဆုံမေးမြန်းမှုများတွင် ပြောဆိုသုံးစွဲသည့် အသုံးအနှုန်း၊ လေယူလေသိမ်း၊ မျက်နှာအနေအထားနှင့် မီဒီယာသမားများအတွက် အချိန်ပေးမှုများကို မိမိကိုယ်တိုင်သော်လည်းကောင်း၊ အခြေအနေအမျိုးမျိုးအပေါ်သော်လည်းကောင်း စီမံခန့်ခွဲဆုံးဖြတ်နိုင်သူဖြစ်ရပါမည်။ ဆက်သွယ်ဆက်ဆံရာတွင်လည်း ဆက်ဆံပြောဆိုသည့် ပုံစံနည်းလမ်းတစ်ခုထဲကို အသုံးပြုခြင်းမျိုးမဟုတ်ဘဲ ဆက်သွယ်နိုင်သည့် နည်းလမ်းမျိုးစုံကို ကြည်သာရွှင်ပြစွာ အသုံးချဆောင်ရွက်နိုင်သည့် ပြောရေးဆိုခွင့်ရှိသူများ ဖြစ်သင့်ပါသည်။

## စိတ်အားထက်သန်သူ

အင်တာနက်၊ တယ်လီဖုန်း၊ လူချင်းတိုက်ရိုက်ဖြေကြားပြောဆိုခြင်းနှင့် မီဒီယာနယ်ပယ်အသီးသီး၏ သတ်မှတ်ချက်နှင့် ကျင့်ဝတ်စည်းကမ်းများကို အလေ့အကျင့်မှ အလေ့အထသို့ ရောက်ရှိတည်ဆောက်ရန် စိတ်အားထက်သန်သည့် ပြောရေးဆိုခွင့်ရှိသူများ ဖြစ်သင့်ပါသည်။ မီဒီယာများနှင့် ဆက်သွယ်ဆက်ဆံရာတွင်လည်း ပုံမှန်ဆက်ဆံမှု၊ အရေးပေါ်အခြေအနေနှင့် အခါအားလျော်စွာ ဆက်ဆံမှုများကို ခွဲခြားနားလည်သတ်မှတ်ပြီး မိမိတို့ဝန်ကြီးဌာနအလိုက် ထုတ်ပြန်ပြောဆိုမှုများကို မီဒီယာများမှ အလွယ်တကူ နားလည်သဘောပေါက်ပြီး ပြည်သူများကပါ အချိန်တိုအတွင်း သိရှိလာစေရေး စီမံချက်ချမှတ်ဖော်ဆောင်ကြရမည်ဖြစ်ပါသည်။

ပြောရေးဆိုခွင့်ရှိသူများသည် မိမိတို့ပြောချင်သည်များကိုသာ ပြောဆိုရန် တာဝန်ရှိသည်မဟုတ်ဘဲ အများပြည်သူများ၏အသံနှင့် လိုအပ်ချက် တောင်းဆိုချက်များကိုပါ နားထောင်ပြီး မိမိတို့ဝန်ကြီးဌာနက ပြန်လည်ဖြေရှင်းတင်ပြရမည့် အကြောင်းအရာများကို အချိန်မဆိုင်း မီဒီယာများမှတစ်ဆင့် ပြောဆိုထုတ်ပြန်ကြရမည်ဖြစ်ပါသည်။

## ဘယ်လောက်ပြောရေးဆိုခွင့်ရှိသလဲ စောင့်ကြည့်နေကြသည်

အစိုးရအနေဖြင့် ပြည်သူတို့၏ မျှော်လင့်ချက်နှင့် ယုံကြည်မှုများကို အလေးအနက်တန်ဖိုးထားဖြေရှင်းခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ ဝန်ကြီးဌာနများ၏လုပ်ငန်းစဉ်များ၊ မျှော်မှန်းချက်များ၊ စီမံကိန်းများ၊ ရလဒ်များနှင့် ပြည်သူများနှင့် တိုက်ရိုက်ဆက်စပ်ပတ်သက်သည့် သတင်းအချက်အလက်များကို ထုတ်ပြန်ဖြေကြားရှင်းလင်းပေးကြရမည်ဖြစ်ပါသည်။ အဆိုပါတာဝန်များသည် ဝန်ကြီးဌာနတိုင်း၏ ပြောရေး

**ပြောရေးဆိုခွင့်ရှိသူများအနေဖြင့် သတင်းမီဒီယာသမားများအပေါ် ရန်သူလိုသဘောထားသူ မဖြစ်စေရေးမှာလည်း အဓိက အချက်တစ်ချက်ဖြစ်ပါသည်။ သတင်းမီဒီယာသမားများအတွက် အချိန်ပေးပြီး ဆွေးနွေးဖြေရှင်းနိုင်မှုသည် မိမိတို့ဝန်ကြီးဌာန၏ အရေးကြီးဆုံးလုပ်ငန်းတာဝန်ကို ထမ်းဆောင်နေသည်ဟု သဘောမှတ်ယူနိုင်သူများ ဖြစ်သင့်ပါသည်**

## ပြောရေးဆိုခွင့်မှုဘောင်

တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပြောရေးဆိုခွင့်မှုဘောင်အတွင်း မှန်မှန်ကန်ကန် ရပ်တည်နိုင်ရေးအတွက် မိမိကိုယ်တိုင် သတင်းအချက်အလက် သိပိုင်ခွင့် သိနိုင်ခွင့်များကို ရှာဖွေတည်ဆောက်နိုင်သူဖြစ်ရပါမည်။ မီဒီယာများနှင့် ဆက်စပ်ပတ်သက်သည့် ခေတ်သစ်နည်းပညာများနှင့် မီဒီယာများ၏ သဘောသဘာဝများကို နားလည်သူ စိတ်ဝင်စားသူများကို ပြောရေးဆိုခွင့်ရှိသူများအဖြစ် တာဝန်ပေးမှသာ သတင်းစီးဆင်းမှု မြန်ဆန်သွက်လက်လာမည်ဖြစ်ပါသည်။

ပြောရေးဆိုခွင့်ရှိသူများအနေဖြင့် သတင်းမီဒီယာသမားများအပေါ် ရန်သူလိုသဘောထားသူ မဖြစ်စေရေးမှာလည်း အဓိကအချက်တစ်ချက်ဖြစ်ပါသည်။ သတင်းမီဒီယာသမားများအတွက် အချိန်ပေးပြီး ဆွေးနွေးဖြေရှင်းနိုင်မှုသည် မိမိတို့ ဝန်ကြီးဌာန၏ အရေးကြီးဆုံးလုပ်ငန်းတာဝန်ကို ထမ်းဆောင်နေသည်ဟု သဘောမှတ်ယူနိုင်သူများ ဖြစ်သင့်ပါသည်။ သတင်းမီဒီယာသမားများနှင့်

ဆိုခွင့်ရှိသူများအပေါ်တွင် ရာနှုန်းပြည့်သက်ရောက်နေပြီဟု ပြည်သူများနှင့် သတင်းမီဒီယာများက နားလည်နေကြပြီဖြစ်ပါသည်။

ထိုသို့ ကြီးမားလွန်းလှသည့် တာဝန်ဝတ္တရားများကို လက်ခံရရှိထားသော ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများအနေဖြင့် မည်သည့်အတိုင်းအတာအထိ ပြောရေးဆိုခွင့်ရနိုင်ပြီး ပြောရေးဆိုခွင့်ရှိနိုင်ပြီဆိုသည်မှာ ပြည်သူများက စောင့်ကြည့်နေကြမည်ဖြစ်ပါသည်။ ပြောဆိုနိုင်ခွင့်ရှိသူ၊ ပြောဆိုနိုင်သည့် အနေအထားရရှိသူ၊ အချိန်အခါကိုက် ရှင်းလင်းပြောဆိုနိုင်သူ၊ မှန်ကန်သည့် သတင်းအချက်အလက်များနှင့် ပြည်သူများ သိသင့်သည့် သတင်းများကို အချိန်အခါမရွေး ရှင်းလင်းဖြေကြားပေးနိုင်သည့် ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများသည် မီဒီယာမျက်နှာစာများမှတစ်ဆင့် ပြည်သူများ၏ အသိထဲ ရင်ထဲသို့ ရောက်ရှိပြီး အားကိုးယုံကြည်လာကြမည်မှာ မလွဲကေန်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။



# ငါ့သရောက်မြို့နယ်၌ မြေသားမိုးရေလှောင်ကန်အသစ် ပြန်လည်တူးဖော်

**ငါ့သရောက် မေ ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၈၅ သိန်း အသုံးပြု၍ ငါ့သရောက်မြို့နယ် ကန်တိန်ကျေးရွာမှ ကျေးလက်နေပြည်သူများ နှစ်စဉ်သောက်သုံးရေအတွက် မှီခိုအားထားပြုနေရသည့် မြေသားမိုးရေလှောင်ကန်ကြီး သောက်သုံးရေပိုမိုအသုံးပြုနိုင်ရေးအတွက် မေ ၂၃ ရက်က စတင်၍ တာကျင်းပေါင်း ၁၂၅၀ ခန့် အသစ်ပြန်လည်ပြုပြင်ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သိရသည်။

ငါ့သရောက်မြို့နယ် ကန်တိန်ကျေးရွာရှိ မြေသားမိုးရေလှောင်ကန်ကြီးကို စတင်တူးဖော်ဆောင်ရွက်ပေးနေပြီဖြစ်ရာ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသစ်တိုးချဲ့ပြုပြင်ပေးသွားမည့် မြေသားမိုးရေလှောင်ကန်ကြီးများကို မိုးဦးကျလာပြီဖြစ်၍ လုပ်ငန်းများ အမြန်ပြီးစီးနိုင်ရန်နှင့် ကျေးလက်နေပြည်သူများ သောက်သုံးရေအတွက် လက်တွေ့အကျိုးရှိစွာ အသုံးပြုနိုင်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ပြန်ကြားရေးဝန်ကြီးဌာန၊မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ရန်ကုန်) ရေကူးအသံလွှင့်စက်ရုံဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာ အဆောက်အအုံများဖျက်သိမ်းရောင်းချရန်အတွက်

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်)၊ ရေကူးအသံလွှင့်စက်ရုံဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာအဆောက်အအုံ(၅)လုံးအား ဖျက်သိမ်းရောင်းချမည်ဖြစ်၍ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၃၀-၅-၂၀၁၆ရက်မှ ၁၄-၆-၂၀၁၆ ရက်အထိ နံနက် ၀၉း၃၀ နာရီမှ ညနေ ၁၆း၃၀ နာရီအထိ ရုံးချိန်အတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်)တွင် တစ်စုံလျှင် ကျပ် ၂၀၀၀ နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၇-၆-၂၀၁၆ ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ကျော်လွန်သော တင်ဒါပုံစံများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ ရေကူးအသံလွှင့်စက်ရုံဝင်းအတွင်းရှိ အဆောက်အအုံများကို ရေကူးစက်ရုံ(ရန်ကုန်)ရုံးတွင် ၃၀-၅-၂၀၁၆ ရက်မှ ၁၄-၆-၂၀၁၆ ရက်အထိ လာရောက်ကြည့်ရှုနိုင်ပါသည်။

၅။ တင်ဒါပုံစံစည်းကမ်းချက်များ၊ အဆောက်အအုံစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်)၊ ပြည်လမ်း၊**
**ဖုန်း-၀၁-၅၃၅၈၅၀၊ ၀၁-၅၃၅၈၀၀၊ ၀၁-၆၆၀၃၀၁**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အောက်ဖော်ပြပါရုံးသုံးစက်ကိရိယာများ၊ လုပ်ငန်းသုံးယာဉ်များ ဝယ်ယူခြင်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

- (က) ဓာတ်ခွဲခန်းသုံးပစ္စည်းနှင့် ဆက်စပ်ပစ္စည်း
- (ခ) ကြွေပြားတိုက်စက်
- (ဂ) CCTV လုံခြုံရေးစနစ်
- (ဃ) Scissor Lifts(Battery/Diesel)
- (င) Boom Lifts(Wheel Type)
- (စ) Tamping Rammer

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

- (က) **တင်ဒါပုံစံလျှောက်လွှာရယူရန်** - ၁-၆-၂၀၁၆ ရက်
- (ခ) **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်** - ၂၈-၆-၂၀၁၆ ရက်၊ ၁၀း၀၀နာရီ
- (ဂ) **တင်ဒါဖွင့်လှစ်မည့်ရက်** - ၂၈-၆-၂၀၁၆ရက်၊ ၁၀း၃၀နာရီ
- (ဃ) **တင်ဒါရွေးချယ်မည့်နေရာ** - အမျိုးသားပြတိုက် (နေပြည်တော်)

